www.burmeseclassic.com

ကြယ်စင်စာပေ

# ဝင်
# ကပး

ဝေ မျိုး သွင်

(ကိုးချင်းဝတ္ထုသစ်)

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | – | ၅၀၀၃၂၁၀၃၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | – | ၅၀၀၂၇၁၀၃၀၉ |
| စီစဉ်သူ | – | ကြယ်ပွင့်စာပေ |
| ထုတ်ဝေသည့်အကြိမ် | – | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | – | ဧပြီလ၊ ၂၀၀၉ ခုနှစ် |
| ကွန်ပျူတာစာစီ | – | ကြယ်ပွင့် |
| မျက်နှာဖုံးပန်းချီ | – | မျိုးကျော် |
| အဖုံးဖလင် | – | EMPIRE |
| အတွင်းဖလင် | – | အေဖက် |
| စာအုပ်ချုပ် | – | ဂုဏ်မာန် |
| အတွင်းပုံနှိပ်နှင့် | – | ဒေါ်ခင်အေးမြင့် (၀၅၉၀၁) |
| မျက်နှာဖုံးပုံနှိပ် | – | ရာပြည့်ပုံနှိပ်တိုက် |
| | | တိုက်ခွဲ ၁၉၉၊ လမ်း၅၀၊ |
| | | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | – | ဒေါ်သင်းသင်းမွန် |
| | | သင်းစာပေ (မြ–၀၄၂၃၂) |
| | | အမှတ် ၁၀ ၊ ရတနာမြိုင်လမ်း |
| | | လှည်းတန်း ၊ကမာရွတ်မြို့နယ်။ |
| အုပ်ရေ | – | ၁၀၀၀ |
| တန်ဖိုး | – | ၁၆၀၀ ကျပ် |


# (၁)

သီရိပစ္စယာ . . . ။

ရန်ကုန်မြို့ ဆူးလေဘုရားလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်ရှိ ဆာကူရာတာဝါ (SAKURA Tower) ကြီး၏ အထပ်နှစ်ဆယ်တွင် ဖွင့်လှစ်ထားသော စကိုင်းလောင့်ချ် (SKY LOU-NGE) . . . ။

စိုးကိုအောင်က ဒီဆိုင်မှာ ကော်ဖီသောက်ရတာကို ကြိုက်သည်။ အထူးသဖြင့် ဆိုင်နံရံပတ်ပတ်လည်ကို ကြီးမားကြည်လင်သည့် မှန်ချပ်ကြီးများနှင့် ကာရံထားသောကြောင့် အပြင်ဘက်မှ ရှုခင်းများအား ကြည့်ရှုခံစားနိုင်၏။ မြို့ပြ၏ မွန်းကျပ်မှုများကို ဒီလိုမြင်ကွင်းကျယ်တွေက ခဏတာ အသက်ရှူဝစေသည် မဟုတ်ပါလား။ အပေါ်ဆုံးထပ်ဖြစ်သောကြောင့်လည်း အပေါ်ကို မော့ကြည့်လိုက်လျှင် အောင်းတင်တံစက်မြိတ်အစွန်းမှာ တိမ်ဖြူတိမ်ကွဲများ သဘာဝအတိုင်း ရွေ့လျား

www.burmeseclassic.com



စီးမျှောနေတာကို တွေ့ရနိုင်သည်။

ဒီလိုရာသီဥတုက သူ့အကြိုက်။ အရက်သမားများလို တွေးမိခြင်း မဟုတ်ပါ။ သူ့လို အမြဲသွေးဆူနေသော လူငယ်လေးတစ်ယောက်အတွက် အခုချိန်မှာ ကောင်မလေးတစ်ယောက်နှင့် ဇာတ်လမ်းဖြစ်ရန် အသင့်ရှိနေပြီ။ အဲဒါကြောင့်ပင် သူက 'သဥ္စာကျော်' ဆိုသည့် လဒမလေးကို ဒီဆိုင်ပေါ်သို့ တင်သွင်းလာခဲ့ခြင်းဖြစ်သည်။

စိုးကိုအောင်က ဆိုင်ထဲကို ဦးဆောင်ပြီး ဝင်လိုက်၏။ နောက် . . . မြင်ကွင်းကောင်းသော မှန်နံရံများနှင့် ကပ်နေသည့် ထောင့်ကျကျ စားပွဲတစ်လုံးကို ရွေးချယ်လိုက်ပါသည်။ သဥ္စာကျော်ဆိုသည့် ကောင်မလေးကတော့ မကြာမီ ရင်ခုန်သံဗရပွနှင့် ရည်းစားစကား အပြောခံရမည်ကို လုံးဝမသိသေး။ (မသိချင်ယောင်ဆောင်နေတာလည်း ဖြစ်နိုင်သည်။) စားပွဲမှာ ဝင်မထိုင်သေးဘဲ သူမက ဆိုင်ပတ်ပတ်လည်မှ မြင်ကွင်းများကို လျှောက်ကြည့်နေ၏။ ထို့ကြောင့် စိုးကိုအောင်ကပဲ အလိုက်တသိနှင့် ဆိုင်ဝန်ထမ်းကောင်မလေးအား ချိစ်ကိတ်တစ်လုံး၊ ချောကလက်ကိတ်တစ်လုံးနှင့် ကက်ပချီနို (CAPPUCCINO) ကော်ဖီနှစ်ခွက် မှာလိုက်ရသည်။

တကယ်တော့ သူနှင့် သဥ္စာကျော်သိကြသည်မှာ သိပ်မကြာလှသေးပါ။ မနေ့ကမှ မြရိပ်ညိုမှာကျင်းပသည့် အိုင်စီရှိုး (IRON CROSS Stage Show) တွင်တွေ့ပြီး ရင်းနှီးခဲ့ကြခြင်း ဖြစ်သည်။ ရှိုးပွဲတစ်လျှောက် သီချင်းတွေလိုက်အော်ဆိုကြ၊ သောင်းကျန်းကခုန်ကြနှင့် ပွဲပြီးသွားချိန်မှာတော့ အရမ်းခင်သွားခဲ့ကြ၏။ ထိုမျှလောက် ပတ်သက်မှုလေးကိုပင် စိုးကိုအောင်က လက်လွှတ်မခံဘဲ သူမတက်နေသော ဖက်ရှင်သင်တန်းအဆင်းမှာ သွားကြို၍ ခေါ်လာခဲ့ခြင်း ဖြစ်ပါသည်။

သူက လူပွေမဟုတ်သည့် လူရှုပ်လေးလည်း ဖြစ်သည်။





သူမလို ခေတ်ပေါ်ကောင်မလေးတစ်ယောက်နှင့် ယခုကဲ့သို့ အီနေရတာကိုက သူ့စတိုင်(လ်) ဖြစ်နေသလိုလို။ ဝါသနာမဟုတ်သော်လည်း လူငယ်ပီပီလာထိလျှင် သူကပြန်ငြိချင်၏။ သို့သော် တစ်ခါတရံတွင်တော့ သူက ပရဟိတစိတ်နှင့် လူမှုရေးကိစ္စများကို တာဝန်သိတတ်ပြန်သည်။ အဆိုးအကောင်းများကို မျှတဆူဝေနေတတ်ကြသည်မှာ လူငယ်တို့၏ စရိုက်လက္ခဏာပင် ဖြစ်လေသည်။

သဥ္စာကျော်ကလည်း သွက်လက်လန်းဆန်းသည့် သူ့သွင်ပြင်ကြောင့် လိုက်လာခဲ့ခြင်းဖြစ်မည်။ ဒီစတိုင်(လ်)၊ ဒီရုပ်ရည်၊ ဒီတော်ကီတွေနှင့် ကောင်မလေးတွေရဲ့ အိပ်မက်များကို သူအခန်းဆက်ပေးခဲ့တာလည်း မနည်းတော့။

အတွေးနှင့် ဘေးမှာချထားသော အမှတ်တရပစ္စည်းအိတ်ကို တစ်ချက်လှမ်းကြည့်ကာ စိုးကိုအောင် ပြုံးလိုက်မိသည်။ ထိုအိတ်ထဲတွင် သဥ္စာကျော်အား ဖြားယောင်းရန် သေသေချာချာ စီစဉ်လာသော နှင်းဆီပန်းတစ်စည်းနှင့် အနီရောင်စာအိတ်တစ်အိတ်က အဆင်သင့်ရှိပြီးသား . . .။ ထိုစာအိတ်ထဲတွင်လည်း အချစ်ကဗျာတစ်ပုဒ်က သူမအတွက် လုံးဝသေချာနေပါ၏။

မှာထားသောကိတ်မုန့်နှင့် ကော်ဖီခွက်တွေပင် စားပွဲပေါ်ရောက်နေပြီ။ သဥ္စာကျော်က ရှုခင်းတွေကိုကြည့်၍ မပြီးသေး။ သူ့ကို အရှက်ခွဲနေသလို စိုးကိုအောင် ခံစားလာရ၏။ ဒင်းတော့ မကြာခင် နာတော့မယ်ဟု အသံတိတ်ကြုံးဝါးထားလိုက်သည်။ ပိုက်ဆံမပေးရတိုင်း အလကားရသော မြင်ကွင်းများကို အားမနာလျှာမကျိုး ငေးနေပြီး မျက်စိညောင်းသွားလောက်မှ သဥ္စာကျော်ပြန်ရောက်လာသည်။

မျက်နှာချင်းဆိုင်ခုံမှာ ရှုရှုလေးထိုင်လိုက်ပြီးမှ သူ့ကိုညက်ုတုလေးကြည့်ကာ . . .

"ကိုစိုးကိုအောင် တစ်ယောက်တည်းဖြစ်နေပြီ ဆောရီးနော်"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း အားနာသလိုလို လုပ်နေပြန်သည်။ သူမပုံစံကို ကြည့်ပြီး . . .

"ဟာ . . မဟုတ်တာ၊ ကိုယ်က သဉ္ဇာ အခုလို ဒီကမြင်ကွင်းတွေကို သဘောကျနေလို့ ဒီဆိုင်ကိုရွေးလိုက်တာ မှန်သွားပြီဆိုပြီး ဝမ်းသာနေတာ"

သူ့စိတ်ထဲကအတွေးနှင့် ဆန့်ကျင်ဘက်တွေပြောပြီး အစွမ်းကုန် ဖြီးပြလိုက်သည်။ ဘာပဲဖြစ်ဖြစ် စိုးကိုအောင်သည် သူမကို ပျော်ရွှင်စေချင်ပါသည်။ သဉ္ဇာကျော်က စကားစလာ၏။

"ကိုစိုးကိုအောင် အသက်ဘယ်လောက်ရှိပြီလဲ"

"ကိုယ်လား၊ သဉ္ဇာထက် ကိုးနှစ်ကြီးတယ်"

စိုးကိုအောင်က ကောက်ကာငင်ကာပင် ဖြေလိုက်၏။ သူမက အံ့သြဟန်နှင့်

"ဟင် . . ဒါဆို ကိုစိုးကိုအောင်က နှစ်ဆယ့်ကိုးပေါ့ ဟုတ်လား"

သူ့လှည့်ကွက်ထဲမှာ သဉ္ဇာကျော်မျောပါသွားလေပြီ။ မေးစရာမလိုဘဲ သူမဘာသာ သူမအသက်ကို တွက်ပြသွားသောကြောင့် စိုးကိုအောင်က သဘောကျစွာ ရယ်မောလိုက်ပါသည်။ ပြီးမှ . . .

"မဟုတ်ဘူး သဉ္ဇာရဲ့၊ ကိုယ်က ခုမှနှစ်ဆယ့်ခြောက်နှစ်ပါ။ သဉ္ဇာက နှစ်ဆယ်ပေါ့၊ ဟုတ်တယ် မဟုတ်လား"

ခုမှ သူ့ပရိယာယ်ကို သဘောပေါက်သွားသော သဉ္ဇာကျော်က တခစ်ခစ်နှင့်ရယ်ကာ . . .

"ကိုစိုးကိုအောင်က အရမ်းခင်ဖို့ကောင်းတယ် သိလား"

"ဟုတ်လား၊ သဉ္ဇာလည်း အရမ်းချစ်ဖို့ကောင်းပါတယ်"

စိုးကိုအောင်ပစ်လိုက်သည့်မျှားက သဉ္ဇာကျော်၏ မျက်နှာနုနုဆီသို့ စိုက်ဝင်သွား၏။ နီရဲသွားသော မျက်နှာလေးကို မရမ်းရောင်သန်းနေသည့် ဆံနွယ်များဖြင့် သူမက ခဏကွယ်ဝှက်လိုက်ပါသည်။ ခဏမျှ





တကယ့်ခဏပါပဲ။ ကော်ဖီငုံ့သောက်နေသော သဉ္ဇာကျော်သည် အကြာကြီးရှက်တတ်ဟန်မတူပါ။ မျက်နှာလေးပြန်မော့အလာမှာ အပြုံးစစလေး ကပ်ပါလာ၏။

"သဉ္ဇာကို မြရိပ်ညိုမှာ စတွေ့ကတည်းက ကိုယ်တကယ် အံ့သြမိတယ် သိလား၊ ရန်ကုန်မှာ လှတဲ့ကောင်မလေးတွေက အများကြီးပါ၊ သဉ္ဇာလို ချစ်စရာကောင်းတဲ့ မိန်းကလေးမျိုး တစ်ခါမှမတွေ့ဖူးလို့"

ပိုပိုသာသာပင် ပြောချလိုက်သည်။ ထိုသို့ပြောလိုက်ရသော်လည်း သဉ္ဇာကျော်ကို စတွေ့တုန်းက သူ့ရည်းစားတစ်ယောက်ယောက်နှင့် တူသလိုလို ခံစားခဲ့ရသေးသည်။ ဒါကလည်း သူကြိုက်သောဖက်ရှင်စတိုင်(လ်)မျိုးကြောင့် ဖြစ်နိုင်၏။ ခုတော့ သူ့အပြောကိုပဲ သဉ္ဇာကျော်က မျက်စောင်းလှလှထိုးလိုက်ရင်း . . .

"ဟွန်း . . ဘာတွေလျှောက်ပြောနေမှန်းလည်း မသိဘူး"

"တကယ်ပါ သဉ္ဇာရဲ့"

ပြောပြီး သူက ကော်ဖီတစ်ငုံသောက်လိုက်၏။ ဆိုင်ထဲမှာ ဖွင့်ထားသော အချစ်သီချင်းများက သူနှင့်သဉ္ဇာကျော်အတွက် ပံ့ပိုးနေကြသလိုပင်။ ငြိမ်သွားသော သူမကို စိုးကိုအောင်က . . .

"မနေ့က သဉ္ဇာတို့သူငယ်ချင်းသုံးယောက် စတိတ်ရှိုးလက်မှတ်လိုက်ဝယ်နေတုန်း ကိုယ်လာပေးတဲ့ လက်မှတ်တွေက ကိုယ့်သူငယ်ချင်းတွေဟာလေ"

"ဟယ် . . တကယ်၊ ဒါကို ကိုစိုးကိုအောင်သူငယ်ချင်းတွေက . . ."

"ကိုယ့်ကို ဝိုင်းဆဲကြတာ မိုးကိုမွှန်နေတာပဲ၊ ကိုယ်က တစ်ခါတည်းပါလို့ တောင်းပန်ရတာပေါ့"

သဉ္ဇာကျော်က ဆံပင်လေးများ လှုပ်ယမ်းသွားအောင် ရယ်လိုက်ပြီး . . .

www.burmeseclassic.com



"ကိုစိုးကိုအောင်က တကယ့်အရှုပ်ပဲ၊ သူငယ်ချင်းတွေကို တော်တော်ချစ်တယ်နဲ့ တူတယ်၊ တကယ်ဆို မနေ့က လက်မှတ်ဝယ်ရတာ တော်တော်ခက်တယ်၊ ကိုစိုးကိုအောင်သာ လာမပေးရင် သဥ္ဇာတို့လည်း ဘလက် (Black) သမားတွေနဲ့ တိုင်ပတ်နေဦးမှာ"

"ဟုတ်မယ်၊ ဒါကြောင့် ကိုယ့်သူငယ်ချင်းတွေကိုပဲ တိုင်ပတ်ခိုင်းလိုက်ရတာပေါ့၊ သူတို့တွေ လက်မှတ်ပြန်ဝယ်တာ တော်တော်ကြာတယ်၊ ပိုက်ဆံလည်း ပိုကုန်သွားတယ်၊ ဘာပဲဖြစ်ဖြစ် ကိုယ့်ကြောင့်ဆိုတော့ ကိုယ်တောင် ဝင်စိုက်ပေးလိုက်ရသေးတယ်"

ပြီးတော့ မနေ့က ပျော်ခဲ့ကြသည်များကို ပြန်ပြောရင်း သဥ္ဇာကျော်လည်း မနေ့ကလောက်နီးနီး ပြန်ပျော်ရွှင်နေလေပြီ။ ဒီအချိန်က ရည်းစားစကားပြောရန်ဟု အခါတော်ပေးနေရန် မလိုပါ။ စိုးကိုအောင်က နိဒါန်းပျိုးလိုက်၏။

"သဥ္ဇာ နှင်းဆီပန်းကြိုက်လားဟင်"

"ဟင့်အင်း . . မကြိုက်ပါဘူး"

ဒါ သူ့ကို သက်သက်ချွတ်တာပဲ ဖြစ်ရမည်။

"ဩော် . . ကြိုက်လိုက်ပါကွာ"

"ဩော် . . မကြိုက်ပါဘူးဆိုနေ . . . "

ခက်တော့ခက်နေပြီ။ သူမက သူ့ကိုပင် စသလိုပြောနေပြန်၏။

"ဒါဆိုလည်း အခုချိန်ကစပြီး ကြိုက်တော့ကွာ၊ နှင်းဆီပန်းက ဒီလောက်လှတာကြီးကို . . . "

"ခစ် . . ခစ် . . ခစ် . . မကြိုက်ပါဘူးကွာ"

သူအနည်းငယ် စိတ်တိုချင်လာသည်။ လှောင်နေသော လဒ မလေးကို တစ်ချက်လှမ်းကြည့်လိုက်၏။

"သဥ္ဇာ နှင်းဆီပန်းကိုတော့ မြင်ဖူးပါတယ်နော်"

"မြင်ဖူးတာပေါ့ ကိုစိုးကိုအောင်ရဲ့၊ ဘာဖြစ်လို့လဲ . . ပြော"





ဘယ်လိုရှေ့ဆက်ရမှန်းမသိ ဖြစ်သွား၏။ သူနှင်းဆီပန်းတွေ ယူလာမှန်းသိ၍ သိသိကြီးနှင့် ကလိနေခြင်းသာ ဖြစ်သည်။ စိတ်ထဲက ရယ်ချင်သွားပြီး . . .

"သဥ္ဇာ ကိုယ့်ကို တကယ်ခင်တယ်ဆိုရင် နှင်းဆီပန်းကို ခဏတော့ကြိုက်ပါကွာ၊ မခင်ဘူးဆိုရင်လည်း ခဏလေးကြိုက်ရမယ်၊ ကဲ . . ကြိုက်မှာလား မကြိုက်ဘူးလား . . ပြော"

လေသံက အသနားခံနေရာမှ အမိန့်ပေးသလိုတွေဖြစ်လာပြီး ခြိမ်းခြောက်တဲ့အဆင့်မျိုး ရောက်လာသည်။ မျက်နှာကိုလည်း မှုန်တေတေနေပြလိုက်၏။ ထိုအခါမှပဲ မရွှေသဥ္ဇာက တိုးတိုးလေးရယ်၍ သူ ရှေ့ဆက်တက်လို့ရအောင် လမ်းဖွင့်ပေးတော့သည်။

"ကဲ . . နှင်းဆီပန်းကို ကြိုက်ပါပြီတဲ့ရှင်၊ ဟုတ်ပြီလား"

"ဒါဆိုရင် . . ရော့"

စိုးကိုအောင်က နှင်းဆီပန်းစည်းကို လှမ်းပေးလိုက်၏။ သဥ္ဇာကျော်မျက်နှာပေါ်မှာ အံ့ဩပြီး ပျော်သွားပုံကို ဖုံးဖိ၍မရချေ။ ထိုအချိန်ကိုစောင့်နေသည့် စိုးကိုအောင်က . . .

"သဥ္ဇာ . . ကိုယ်မင်းကို မြင်မြင်ချင်းပဲ ချစ်မိသွားတယ်"

သူ့စကားအဆုံးမှာ သဥ္ဇာကျော် ခေါင်းလေးငုံ့ကိုင်းသွားသည်။ ပြီးတော့မှ အသံတိုးတိုးလေးနှင့် . . .

"ကိုစိုးကိုအောင်ရယ်၊ မနေ့ကမှတွေ့တာ ဒီနေ့ချစ်တယ်ဆိုတော့ မစောလွန်းဘူးလား"

"သဥ္ဇာ အဲလိုပြောမှာစိုးလို့တောင် မနေ့ကမပြောဘဲ ဒီနေ့အထိ အောင့်ထားရတာ၊ ဒါတောင် စောနေသေးတယ်ဆိုရင် နောက်မကျချင်လို့ပေါ့ သဥ္ဇာရယ်"

အခုချိန်ထိ သဥ္ဇာကျော်က ပန်းစည်းကို လှမ်းမယူသေးပါ။ သူမရှက်နေတာလား၊ ပျော်နေတာလားဆိုတာ ပန်းစည်းကြီးက ကွယ်

www.burmeseclassic.com



နေ၍ မမြင်ရ။ ဘေးဝိုင်းတွေမှာ လူတွေရှိနေသည့်အတွက် သူမ ရှက်နေဖို့က ပိုများသည်။

"သဥ္စာရယ် လက်ခံလိုက်ပါကွာ၊ ဟိုမှာ သူများတွေ ကြည့်ကုန်ပြီ"

စိုးကိုအောင်က ဟာခွင့်အရေးကို အပြည့်အဝသုံးလိုက်၏။ သဥ္စာကျော်ကလည်း တွန့်မနေတော့ဘဲ ပန်းစည်းကို လှမ်းယူကာ-

"ဟွန်း . . အရမ်းလည်တာပဲ"

ပြောရင်း မျက်စောင်းလှလှလေးတစ်ချက် လှမ်းထိုးလိုက်သေးသည်။ ထိုမျက်စောင်းလေးက သူနှင့်ချစ်သူတော်ချင်နေပြီဖြစ်သော သူမစိတ်ကို သူရိပ်မိသွားသည့်အတွက် ရှက်သွားခြင်းပဲ ဖြစ်သည်။

ရင်ခုန်ကြည်နူးနေသော သဥ္စာကျော်ကို . . .

"မနေ့က လမ်းခွဲကြကတည်းက သဥ္စာကို ထပ်တွေ့ချင်နေတာသိလား၊ ညကဆို သတိရလို့ အိပ်လို့တောင်မပျော်ဘူး၊ အဲဒီညကို အရည်ဖျော်ပြီး မင်ရည်မကျဲဘဲ ကိုယ်ကဗျာရေးထားတယ် . . ရော့"

သူကပြောပြီး လှမ်းပေးလိုက်၏။ ကဗျာကိုကျတော့ သဥ္စာကျော်က မငြင်းဘဲ လှမ်းယူလိုက်ပါသည်။ ရိုးရိုးသားသားပြောရလျှင် သူ ကဗျာမရေးတတ်ပါ။ ထိုကဗျာသည် မဂ္ဂဇင်းစာအုပ်တစ်အုပ်တွင်ပါသော ဝင်းမြင့်၏ အချစ်ကဗျာတစ်ပုဒ်သာ ဖြစ်သည်။

ထိုအခိုက် . . .

"အိုးလေးလှုပ်ပါဟေ့၊ ရေအိုးလေးလှုပ်ပါဟေ့၊ အိုးလေးလှုပ်ပါဟေ့"

စိုင်းစိုင်းခမ်းလှိုင်သီချင်း လာဆိုပြခြင်း မဟုတ်ပါ။ စားပွဲပေါ်တွင်တင်ထားသော စိုးကိုအောင်၏ဟန်းဖုန်းမှ အသံမြည်လာခြင်း ဖြစ်သည်။ ရုတ်တရက် သူတွန့်သွားသလို သဥ္စာကျော်လည်း ဖွန့်သွား၏။ ဒီသီချင်းကို သူ့ဖုန်းထဲမှာ အသံမထည့်ထားမိပါ။ ဒါဆို ညက





ဖုန်းခဏငှားသွားသော သူ့သူငယ်ချင်းအောင်နိုင်ဦးလက်ချက်ပဲ ဖြစ်ရမည်။ ဒီကောင်က ဒါမျိုးအကြောင်းရိုက်ရန် ဝါသနာကိုပါ၏။

စိုးကိုအောင်က ဖုန်းဝင်လာသည့် နံပါတ်ကိုကြည့်ပြီး တစ်ခါထဲ ပါဝါပိတ်ပစ်လိုက်သည်။ မျက်နှာမပျက်အောင်လည်း သူက အနိုင်နိုင် ထိန်းထားရ၏။

ဒါကိုပင် သဥ္စာကျော်က . . .

"ကိုစိုးကိုအောင်ရဲ့ကောင်မလေး ဆက်ပြီနဲ့တူတယ်၊ ဘာဖြစ်လို့ ဖုန်းပိတ်လိုက်တာလဲ"

ဟုတ်ပါသည်။ ခုဖုန်းဆက်သော မီးငယ်ဆိုသည့် ကောင်မလေးက နာမည်နှင့်လိုက်အောင် မီးခဲငယ်ငယ်လေးဖြစ်သည်။ သူနှင့် သဥ္စာကျော် ဒီမှာကြည်နူးနေမှန်း မီးငယ်သိလျှင် တစ်ခါတည်း ပွဲပြီးသွားနိုင်၏။ ထို့ကြောင့် စိုးကိုအောင်က . . .

"မဟုတ်ပါဘူး သဥ္စာရယ်၊ ကြွေးရှင်ပါ"

ရယ်ကျဲကျဲနှင့် နောက်သလို ပြောလိုက်ရ၏။ ပြီးမှ လက်ထဲက ဖုန်းကိုကြည့်ကာ စိတ်ဆိုးဟန်ဖြင့် . . .

"ဟေ့ . . ဒီမှာ ရင်ခုန်နေတယ်ကွ၊ နောင်ဘဝကျမှ အကြွေးယူတော့၊ လာမရှုပ်နဲ့ . . ."

စိုးကိုအောင်၏ ပုံစံကိုကြည့်ပြီး သဥ္စာကျော်က တစ်ချက် ရယ်လိုက်သေးသည်။ ပြီးမှ . . .

"သဥ္စာနဲ့အတူတူ ရှိနေတဲ့အချိန်မှာ ကိုစိုးကိုအောင်ပြောလို့ မရတဲ့ဖုန်းရှိမယ်ဆိုရင် သဥ္စာစိတ်ထဲ သံသယဖြစ်မိလိမ့်မယ်၊ ဖုန်းပြန်ဖွင့်ထားလိုက်နော်"

သဥ္စာကျော်က သံသယမဖြစ်ချင်ကြောင်း ပွင့်ပွင့်လင်းလင်းပဲ ပြောလာပါသည်။ သူမ၏စကားကြောင့် စိုးကိုအောင်က မှင်သေသေနှင့်ပင် ဖုန်းပြန်ဖွင့်ထားလိုက်၏။ ပါဝါဖွင့်ဖွင့်ချင်းပင် ဖုန်းက မြည်လာ



www.burmeseclassic.com

www.burmeseclassic.com



ပြန်သည်။ ထင်သည့်အတိုင်း မီးငယ်ပဲဖြစ်၏။ ဒီတစ်ခါလည်း သဥ္ဇာကျော် ဒွန့်သွားပြန်သည်။ ဒွန့်မှာပေါ့။ အိုးလှူပ်ခိုင်းတာကိုး။ မဖြစ်သေးပါဘူး။ အိမ်ပြန်ရောက်ရင် Ring Tone ကိုပြောင်းဦးမှပဲ။ စိုးကိုအောင်က ခပ်တည်တည်နှင့် . . .

"ဟဲလို"

"ကိုကို ခုနက ဘာဖြစ်လို့ ဖုန်းပိတ်လိုက်ရတာလဲ၊ ခုဘယ်ကို ရောက်နေလဲပြော၊ ဘယ်သူနဲ့ ဘာလုပ်နေလဲ"

စိတ်တိုနေသော မီးငယ်အသံက မေးခွန်းတွေ တလှေကြီးနှင့် နားထဲသို့ တိုးခွဲဝင်ရောက်လာသည်။ ဘယ်ကစဖြေရမှန်း မသိတော့။ နားတစ်ခုလုံးအူသွားပြီး အာပြမဟု စိတ်ထဲက ကျိန်ဆဲလိုက်မိသည်။ ပြီးမှ ဖုန်းလိုင်းမမိသလိုလုပ်ကာ . . .

"ဟဲလို . . ဟဲလို . . မကြားရဘူး၊ ကျယ်ကျယ်ပြော မကြားဘူး"

စိုးကိုအောင်က ခပ်ကျယ်ကျယ်ပြောရင်း သဥ္ဇာကျော်နှင့် ခပ်လှမ်းလှမ်းကို ခြေလှမ်းရွှေ့လိုက်၏။ အရေးထဲ မီးငယ်ဆိုသည့် အာပြမက "ကိုကို ဘာဖြစ်နေတာလဲ နာချင်ပြီလား" လို့ လုပ်နေသေးသည်။ စိုးကိုအောင်က စိတ်ရှုပ်သော မျက်နှာပေးလုပ်၍ သဥ္ဇာကျော်ကို လက်လှမ်းပြထားလိုက်သည်။ သဥ္ဇာကျော်က ရိပ်မိပုံမရ။ လောလောဆယ်တော့ အိုကေသွားပြီ။ ခပ်လှမ်းလှမ်းရောက်မှ ဖုန်းလိုင်းကြည်သွားသလိုနှင့် . . .

"ဟဲလို . . ဟဲလို . . ကြားပြီလား၊ ကြားရပြီလား"

"ကြားတယ်၊ ခုနထဲက ကြားတာပဲ၊ ကိုကို ဘာဖြစ်လို့ ဖုန်း မဆက်တာလဲ . . ပြော"

"ကိုကို အလုပ်တွေ ရှုပ်နေလို့ပါကွာ"

စိုးကိုအောင်က အသံကိုနှိမ့်ပြောရင်း သဥ္ဇာကျော်ကို ဖြတ်ခနဲ အကဲခတ်လိုက်သည်။ သူမကလည်း ထိုင်နေရာမှ မသိမသာ လှမ်းကြည့်





နေ၏။ ဟိုဘက်က မီးငယ်ကလည်း မနေပါ။

"ကိုကို့အသံက ဘာဖြစ်နေတာလဲ"

"ဩော် . . သိပ်နေမကောင်းလို့ပါ"

"ဟင် . . ဒါဆို ဆေးခန်းသွားပြရမှာပေါ့၊ ကိုကို ခုဘယ်မှာလဲ၊ မီး အခုပဲ လာခဲ့မယ်"

နေရာသာပြောလိုက်ပါက ဝုန်းခနဲ ရောက်လာနိုင်အောင် တက်ကြွနေသည့် မီးငယ်ကို သူလုံးဝစိတ်ညစ်သွားသည်။ ပြဿနာပါလားကွာဟု ခပ်ချဉ်ချဉ်တွေးမိသော်လည်း ပါးစပ်ကတော့ . . .

"ရပါတယ် မီးရယ်၊ မီး အခုလာရင်လည်း အဆင်မပြေပါဘူး၊ ကိုကိုက နယ်မှာရောက်နေတာ"

"အာ . . ဘယ်တုန်းက နယ်ကိုရောက်သွားပြန်တာလဲ၊ မီးကိုလည်း ဘာမှပြောမသွားဘူး"

"ဟုတ်တယ်၊ မနေ့ညကပဲ အားချင်းသွားလိုက်ရလို့"

"ပြောပါဦး၊ ခုဘယ်မြို့ရောက်နေတာလဲ"

"မန္တလေးမှာ"

ဆာကူရာတာဝါထိပ်မှ မန္တလေးသွားပြစ်လိုက်ရသည်။ ဒါတောင် ကိစ္စက မပြတ်သေး။ ပိုက်ဆံမပေးရတိုင်း တတွတ်တွတ်မှာနေသော မီးငယ်၏ မန္တလေးပြန်လက်ဆောင်တွေ စာရင်းကို လိုက်မှတ်နေရသေးသည်။ ပြီးလျှင် ရန်ကုန်ကပဲ ဝယ်ပေးရဦးမည်။

စိုးကိုအောင်က . . .

"ကဲ . . ကိုကိုပြန်ရောက်ရင် ဖုန်းဆက်လိုက်မယ်နော်၊ တာ့တာ . . ဘိုင့်ဘိုင်"

စကားကို အမြန်ဖြတ်ကာ ဖုန်းကိုပြန်ပိတ်လိုက်ရသည်။ စိတ်မောမောနှင့် သက်ပြင်းကို အတုံးလိုက်ချပြီး သဥ္ဇာကျော်ဆီ ပြန်သွားလိုက်၏။ ရောက်ရောက်ချင်းပဲ သဥ္ဇာကျော်က သူ့ကိုစူးစူးရဲရဲကြည့်၍-



www.burmeseclassic.com

www.burmeseclassic.com



"ကိုစိုးကိုအောင်၊ ရှင်ကျွန်မကို သူငယ်တန်းကလေးများ မှတ်နေလား"

"ဟမ် . . ဘာကိုပြောတာလဲ"

ရှုံချင်ယောင်ဆောင်ပြီး စိုးကိုအောင်ပြန်မေးလိုက်သည်။ သဥ္စာကျော့မျက်ဝန်းတွေကို စူးစမ်းကြည့်လိုက်တော့ သူမ၏မထိတရိ အကြည့်များက သူ့ကိုမယုံကြည်ကြောင်း ဖော်ညွှန်းပြနေလေသည်။ အခုမှတော့ မထူးဇာတ်ခင်း၍ ဆက်လိမ်ရန်သာ ရှိတော့၏။ ထိုအချိန်မှာပဲ တစ်စုံတစ်ယောက်က စားပွဲဝိုင်းနားရောက်လာသည်။ သူတို့နှစ်ယောက်စလုံး မော့ကြည့်လိုက်မိကြသည်။

"ဟင် . . မမ"

"ဟာ . . သူဇာ"

တအံ့တသြ ရေရွတ်လိုက်သံနှစ်ခု။ စိုးကိုအောင်မျက်ခုံးတွေပါ လှုပ်သွားရသည်။ လက်ရှိအနေအထားက ရွှေငါးမဟုတ်တော့။ ရှေ့မှာရပ်နေသည့် ငနဲမလေးသည် သူနှင့်ဟိုတစ်နေ့ညကမှ Mr. Guitar ဆိုင်တွင် ရည်းစားဖြစ်ခဲ့သော သူဇာဇော် . .။ စိုးကိုအောင် အရှင်လတ်လတ်သာ မြေမျိုခံလိုက်ချင်သည်။

ပထမဆုံး သတိဝင်လာသော သဥ္စာကျော်က . . .

"ဟင် . . ကိုစိုးကိုအောင်က မမနဲ့သိလို့လား"

"အင်း . . အဲ . . သဥ္စာက သူဇာ့ညီမလား၊ အဟက် ဒါကြောင့် တူပါတယ်လို့ ကြည့်နေတာ၊ နေကန်းတယ်နော် အေးအေးဆေးဆေး စကားပြောလိုက်ကြဦး"

ရှုံကြောင်မူးကြောင်တွေပြောရင်း စိုးကိုအောင် လစ်ရန်ပြင်လိုက်၏။ သူဇာဇော်ကတော့ သူနှင့်သဥ္စာကျော်ကို ပန်းစည်းတွေ၊ စာအိတ်တွေနှင့်အတူ ဒီမှာလာတွေ့ရသောကြောင့် ရုတ်တရက် ကြောင်နေသေးသည်။ စိုးကိုအောင်ထပြေးတော့မှ သဘောပေါက်





သွားပြီး . . .

"စိုးကိုအောင် . . နင်မပြေးနဲ့"

နောက်မှ သူဇာဇော့်အသံကို ကြောက်ခမန်းလိလိ ကြားလိုက်ရပါသည်။

"ဟင့်အင်း . . မရဘူး၊ ပြေးမှာပဲ"

သူကပြေးနေရင်းမှ ပြိတ်တိ လှမ်းအော်ခဲ့သေးသည်။ နောက်ကျသည့်ခြေထောက် သစ္စာဖောက်ဟုတွေးကာ ဆိုင်အပြင်ဘက်ရောက်သွား၏။ လုံခြုံရေးဝန်ထမ်းတွေ တစ်ယောက်မှမရှိ၍ တော်သေးသည်။

ဝရုန်းသုန်းကားနှင့် ခါတ်လှေကားခလုတ်ကို နှိပ်လိုက်၏။ ခါတ်လှေကားက ရောက်မလာသေး။ လှည့်ကြည့်လိုက်တော့ သဥ္စာကျော်တို့ညီအစ်မက ကြောင်ပြီး သူ့ကိုငေးကြည့်နေသည်။ သူ့နောက်ကို ဒေါသတကြီးနှင့် လိုက်လာရန်ပြင်လိုက်စဉ်မှာပဲ ခါတ်လှေကားက ပွင့်လာတော့သည်။

"ဟာ . . ."

အာမေဋိတ်သံတစ်ခုက စိုးကိုအောင်ပါးစပ်မှ ထွက်ကျသွားပါသည်။ တစ်ကိုယ်လုံးရှိ အင်အားများကို မျက်ဝန်းတစ်စုံက သိမ်းကြုံးစုပ်ယူသွားသလိုမျိုး။ သူမ၏အလှမှာ စိုးကိုအောင်တိမ်းမူးမှင်သက်သွား၏။ အချစ်ဆိုတာ ဒါများလား။

ခါတ်လှေကားထဲမှထွက်လာသော ကောင်မလေးက စိုးကိုအောင်ကို မျက်မှောင်ကုတ်ပြီး ကြည့်သွား၏။ ကြောင်ဆိုသည့် အကြည့်မျိုးလား မသိ။ ဖြစ်ချင်တာဖြစ်ဆိုပြီး စိုးကိုအောင်ဘလိုင်းကြီးပြုံးပြကာ ခါတ်လှေကားထဲ ပြေးဝင်လိုက်သည်။

ခါတ်လှေကားတံခါး မပိတ်သေးခင်မှာ သဥ္စာတို့ညီအစ်မ ပြေးလိုက်လာတာကို လှမ်းတွေ့နေရသည်။ ခဏတာရည်းစားဖြစ်လိုက်ရသော ညီအစ်မနှစ်ယောက်အား ခါတ်လှေကားတံခါးမပိတ်မီ



www.burmeseclassic.com

www.burmeseclassic.com



စိုးကိုအောင်က ပိစ် (PEACE) ဟု လက်ထောင်ပြလိုက်ပါတော့သည်။

* * * *



(၂)

ရာသီဥတုက သိသိသာသာ ပူပြင်းနေသည်။ ကောင်းကင်ဆီမှ ရွှေစီးကျလာသည့် အလင်းတန်းများကလည်း နေရာအနှံ့ လောင်ကျွမ်းနေကြ၏။ စိုးကိုအောင်တို့ သူငယ်ချင်းတစ်စုကတော့ လေအေးစက်အကူအညီဖြင့် စိမ့်သက်နေသော Cafe Blue ကော်ဖီဆိုင်လေးထဲမှာ အပူဒဏ်ကိုရှောင်ရင်း စကားကောင်းနေကြပါသည်။

စိုးကိုအောင်သည် သူငယ်ချင်းများအား မနေ့က သူ့အတွေ့အကြုံကို ပြန်ပြောပြနေခြင်း ဖြစ်လေသည်။ အောင်နိုဦး၊ သူရ၊ မေလင်းနှင့် လှမြတ်ဟန် . . . သူတို့အားလုံးမှာ ကျောင်းတုန်းကပဲ ခင်ခဲ့ကြသည့် သူငယ်ချင်းများဖြစ်၏။ ပွဲစားမြတ်မင်းလူမှလွဲ၍ အားလုံးလူစုံနေကြသည်။ သူ့စကားကို နားထောင်နေရင်းမှ အားမလို အားမရနှင့် တစ်ယောက်တစ်ပေါက် ဝင်မေးနေကြပြန်သည်။

"မင်း ဖုန်းကြီးက မြည်လာတော့ ကြောင်မသွားဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မင်းလုပ်တာလေ၊ ဖုန်းအားကုန်နေလို့ဆိုပြီး ငါ့ဖုန်းလည်း ငှားလိုက်ရသေးတယ်၊ Ring Tone ကို ပေါက်ကရအသံတွေလည်း ထည့်သွားတယ်၊ ဘာကောင်မှန်း မသိဘူး"

မကျေမနပ်ပြောရင်း အောင်နီဦးကို တုန့်ပြန်လိုက်၏။ အောင်နီဦးဆိုသည့် ကောင်ကလည်း ဘယ်လောက်ပြောပြော အမှတ်ရှိမည့်ကောင် မဟုတ်ချေ။ ခုလည်း ပါးစပ်ထဲမှ ကွမ်းတံတွေးများကို ကျွတ်ကျွတ်အိတ်ထဲ ထွေးထုတ်ပြီး တဟဲဟဲ လုပ်နေသေးသည်။

"ဟဲ့ . . ဆက်ပြောလေ၊ နင်မီးငယ်ကို ဘယ်လိုရှင်းလိုက်လဲ"

မေလင်းက တက်ကြွစွာ ဝင်မေး၏။ ရုပ်ဆိုးသလောက် သဘောကောင်းပြီး နုနုရွရွအချစ်ကိစ္စများကို စိတ်ဝင်စားတတ်သော မေလင်းအား ရှင်းပြရပြန်သည်။

"ဒီလိုပဲ ဖောရတာပေါ့ဟာ၊ မန္တလေးရောက်နေတယ် ဘာညာပေါ့"

"နင်ပြောသမျှ ဟိုကယုံတာကို အံ့ပါတယ်ဟယ်"

"ဟဲဟဲ စိုးကိုအောင်လေဟာ၊ ဘယ်ရမလဲ"

စိုးကိုအောင်အပြောကြောင့် လှမြတ်ဟန်က မျက်နှာမဲ့ပြပြီး

"အေးပါ . . အေးပါ၊ နင်ခံရမယ့် အလှည့်လည်း ရောက်လာဦးမှာပါ၊ သိပ်မာန်တက်မနေနဲ့"

ထိုစကားကြောင့် စိုးကိုအောင်မျက်နှာက တည်သွားသည်။ ပြီးမှ . . .

"မာန်တက်တာ မဟုတ်ပါဘူးဟာ၊ ခုငါလည်း နင်ပြောသလို ငါခံရမယ့်အလှည့် ဖြစ်တော့မှာလား မသိဘူး"

"ဟေ . . မင်းက သဥ္စာကို တကယ်ကြွေသွားလို့လား၊ မဖြစ်နိုင်ပါဘူးကွာ၊ တစ်ညလေးတွေ့ခဲ့ရတာကို . . ."

တအံ့တဩနှင့် သူ၏အပြောကို စိုးကိုအောင်က ခေါင်းရမ်း





လိုက်ရင်း . . .

"သဥ္စာကို မကြွေပါဘူး၊ ဒါပေမယ့် အခုဟာက တစ်ညတောင် မဟုတ်ဘူး၊ မျက်ဝန်းတဖျတ်လေးနဲ့တင် ငါငုတ်တုတ်မေ့လာတာ"

"ဘာတွေလဲကွာ၊ ရှုပ်နေတာပဲ"

အောင်နီဦးက ကွမ်းတဗျစ်ဗျစ်ထွေးရင်း လှမ်းပြောပြန်သည်။ စိုးကိုအောင်က သူဇာဇော် မထင်မှတ်ဘဲရောက်လာပြီး သူမတို့နှစ်ယောက် ညီအစ်မဖြစ်နေပုံကိုပါ ပြောပြလိုက်၏။

လှမြတ်ဟန်က အားရဝမ်းသာပဲ . . .

"ကောင်းတယ် . . ကောင်းတယ်၊ နင် ခွေးပြေးဝက်ပြေး ပြေးခဲ့ရတယ် မဟုတ်လား၊ ခစ် . . ခစ် . . ခစ် . . ."

ထိုအခါ အားလုံးကလည်း ဝိုင်းလှောင်ပြီး ရယ်ကြလေသည်။

"နှစ်ယောက်ဆိုတော့လည်း ငါဘယ်နိုင်မလဲဟာ၊ အဲဒီလို ထွက်ပြေးရင်းကပဲ ငါတွေ့လိုက်ရတာ"

"ဘာလဲ ခွေးချေးပုံကြီးလား"

အောင်နီဦးက ဝင်ဖောက်၍ အားလုံးရယ်ကြပြန်သည်။ စိုးကိုအောင်က ကောင်းခန်းမှာ ကြော်ငြာဝင်ခံလိုက်ရ၍ မကျေမနပ်ဖြစ်သွားပြီး . . .

"ခွေးချေးပုံတော့ မဟုတ်ဘူး၊ ဟုတ်ရင်လည်း မင်းပါထားတာပဲ ဖြစ်မယ်"

မျက်နှာကြီးမဲ့ကာ အောင်နီဦး ကွမ်းယာတွေ နင်သွားသည်။ သူရကဝင်ပြီး စကားထောက်လိုက်၏။

"ဆက်ပြောလေကွာ၊ မင်းက ဘာတွေ့လိုက်လို့လဲ"

"ဘာတွေ့လိုက်ရသလဲဆိုတော့ . . အင်း . . .၊ ဒီအသက် ဒီအရွယ်ရောက်မှ ငါ့ရင်ကို ပြောင်းဆန်သွားအောင်လန်းတဲ့ ကောင်မလေးတစ်ယောက်ကိုပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းနှင့်ပင် စိုးကိုအောင်အတွေးထဲသို့ မနေ့က ကောင်မလေးက ရောက်လာပြန်သည်။ ရင်ထဲမှာ နွေးပျပျလေးဖြစ်သွားပြီး ချက်ချင်းငြိမ်ကျသွားသောကြောင့် မေလင်းက . . .

"ဟဲ့ . . နင့်ဟာက တကယ်ကြီးလား"

မေလင်းအပြောကြောင့် အားလုံးမေလင်းကို ဝိုင်းကြည့်လိုက်ကြသည်။ ဒီတော့မှ မေလင်းက အတွေးပေါက်၍ မလုံမလဲဖြစ်သွား၏။ မျက်နှာလေးရဲကာ . . .

"အာ . . နင်တို့ကလည်း၊ ဟို . . စိုးကိုအောင်တွေ့တဲ့ ဥစ္စာက တကယ်လန်းလားလို့မေးတာ"

"ဟုတ်ပါပြီ၊ ငါတို့က ဘာများပြောလို့ နင်ကဖြေရှင်းနေတာလဲ"

သူရပြောမှ ပိုဆိုးကုန်တော့သည်။ မေလင်းက ရှက်ရှက်နှင့် သူရကို လှမ်းရိုက်၏။ ရှောင်ရင်းတိမ်းရင်းနှင့်ပင် သူရက . . .

"ဟာ . . ဟာ . . မေလင်း တော်တော်၊ ဟုတ်တယ် . . စိုးကိုအောင်က တကယ်ကြီး . . အဲ . . တကယ်လန်းတဲ့ကောင်မလေးကိုတွေ့ပြီး တကယ်ကြီး ကြွေသွားတာ၊ ဟုတ်တယ်နော် ဟေ့ကောင်"

စိုးကိုအောင် ခေါင်းကို သွက်သွက်ညိတ်ပြလိုက်ပါသည်။ လှမြတ်ဟန်က စပြောလာ၏။

"ကဲကဲ . . ထားပါတော့၊ ဟိုညီအစ်မနဲ့ကတော့ ဇယားပြတ်သွားပြီ၊ နင့်မီးငယ်ကို ဘယ်လိုရှင်းမှာလဲ"

"ဟာ . . မီးငယ်နဲ့ငါက အတည်ကြိုက်နေတာမှ မဟုတ်တာ၊ သူက အတင်းနွယ်နေလို့ ငါက ညီမလေးတစ်ယောက်လို ပြန်နေပေးတာလေ၊ ဘာကိုရှင်းရမှာလဲ"

"ဟဲ့ . . မရှင်းလို့ရမလား၊ ခုပဲ နင်က နောက်တစ်ယောက်နဲ့ တွဲတော့မယ်လေ"

စိုးကိုအောင်ဇာတ်လမ်းမှန်သမျှကို အားလုံးက စိတ်ဝင်စား





ကြသည်။ စိုးကိုအောင်က ရည်းစားများသလောက် ဘယ်သူ့အပေါ်မှ မစော်ကားမိအောင်နေခဲ့တာ သူတို့အသိဆုံး မဟုတ်လား။ ခုလည်း စိုးကိုအောင် နောက်တစ်ယောက်ကို ကြွေသွားပြီဆို၍ မေးနေကြခြင်းဖြစ်သည်။

"အဲဒါတွေက ဘယ်လိုရှင်းရှင်း . . ရှင်းလို့ရပါတယ်ဟာ၊ ခုတစ်ယောက်ကလည်း တွဲဖို့မပြောနဲ့ ဘယ်သူမှန်း၊ ဘယ်ကမှန်းတောင် ငါမသိသေးပါဘူး၊ တကယ်ကွာ ငါ့ဘဝက အချစ်စစ်နဲ့တွေ့တော့မှပဲ ခွေးပြေး၊ ဝက်ပြေး ပြေးနေရတယ်"

"ကောင်းတယ်၊ အဲဒါ နင်ဝဋ်လည်တာပေါ့"

မေလင်းက မှတ်ချက်ဝင်ချသည်။ မည်သို့ပင်ဖြစ်စေ။ ဝဋ်ကြွေးဆိုလည်း သူခံလိုက်မည်။ သူ့ရင်ထဲမှာ မနေ့ကကောင်မလေးကိုပဲ ပြန်တွေ့ချင်နေမိသည်။ ဘယ်သူမှ မမေးဘဲနှင့် စိုးကိုအောင်က ရှတ်တရက်ကြီး ဝန်ခံလိုက်ပါသည်။

"ငါ သူ့ကို တကယ်ချစ်မိသွားတာပါကွာ"

သူငယ်ချင်းတွေအားလုံး တအံ့တသြ ဖြစ်ကုန်ကြ၏။ စိုးကိုအောင်ဆီက ဒီစကားမျိုး ခုမှကြားဖူးကြခြင်းကြောင့် ဖြစ်သည်။

ခံစားမှုအပြည့်နှင့်ပြောနေသော စိုးကိုအောင်ကိုကြည့်ကာ-

"ဒါဆို . . မင်းဘာဆက်လုပ်မယ် စိတ်ကူးလဲ . . ."

အောင်နီဦး၏အမေးကို၊ စိုးကိုအောင်က အားမရှိသော လေသံလေးနှင့် . . .

"ဘာလုပ်လို့ရမှာလဲကွာ၊ ဆာကူရာတာဝါပေါ်မှာပဲ မကြာမကြာ သွားစောင့်ကြည့်ရတော့မှာပေါ့"

"အင်း . . သူအမြဲထိုင်နေကျဆိုရင်တော့ ကောင်းတာပေါ့။ ကိစ္စရှိလို့ တစ်ခါတလေ လာတာဆိုရင် . . ."

သူရက စကားကိုဆုံးအောင်မပြောဘဲ ဖြတ်လိုက်၍ စိုးကိုအောင်



www.burmeseclassic.com

www.burmeseclassic.com



ကပဲ . . .

"အဲဒါဆိုလည်း ဘာတတ်နိုင်ပါ့မလဲ သူရရာ၊ ကျူပစ်ကိုပဲ အားကိုးရတော့မှာပေါ့"

တကယ့်ရင်ထဲကလာသော စကားမှန်းသိကြ၍ ဘယ်သူမှ မရယ်မိကြချေ။ စိုးကိုအောင်ကိုသာ သူတို့က သနားစရာ ငါးသတ္တဝါလေးလို ဝိုင်းကြည့်နေခဲ့ကြပါသည်။ ထိုအချိန်မှာပဲ အောင်နီဦးက နာရီကို လှမ်းကြည့်လိုက်ပြီး . . .

"ဟာ . . လေးနာရီထိုးတော့မယ်၊ ငါသွားတော့မယ်ကွာ"

"အတူတူပြန်မယ်လေကွာ၊ အပြင်မှာ နေပူသေးတယ်ကွ၊ နေပါဦး"

အောင်နီဦးက ခေါင်းကိုယမ်း၍ အမြန်ထရပ်လိုက်ရင်း . .

"မဖြစ်ဘူးကွ၊ မိုးကုတ်က ငါ့သူငယ်ချင်းတစ်ယောက်ရောက်နေလို့ ဒီနေ့လေးနာရီခွဲချိန်းထားတာ၊ သွားမှဖြစ်မယ်၊ ဒီကောင်က နောက်နေ့ပြန်တော့မှာကွ"

အောင်နီဦးက မိုးကုတ်သားဖြစ်သည်။ သူ့ငယ်သူငယ်ချင်းဆိုတော့လည်း ထပ်မတားမိကြတော့။

"အေး . . အေး၊ မင်းကိစ္စရှိရင်လည်း ဒိုးပေါ့၊ ငါတို့တော့ ဒီမှာနေလိုက်ဦးမယ်"

ထိုသို့ဖြင့် ညနေစောင်းသည်အထိ သူတို့လေပန်းနေကြတော့သည်။ မေလင်းနှင့်လှမြတ်ဟန်တို့ကလည်း မိန်းကလေးများပီပီ ပြောစရာစကားကုန်၍ ငါးနာရီကျော်မှ ပြန်သွားကြ၏။

စိုးကိုအောင်နှင့် သူရတို့က ဆူးလေနားတဝိုက် ယောင်လည်လည် လျှောက်ကြည့်နေကြသေးသည်။ ခဏကြာတော့ သူရက ဘီယာသောက်ကြရန် အဆိုတင်သွင်းလာ၏။ စိုးကိုအောင်က တစ်ခါတရံ ဘီယာသောက်တတ်သော်လည်း မလိုက်ချင်ပါ။ သူရဆိုတဲ့ကောင်က





ဘီယာနည်းနည်းဝင်သွားလျှင် အပြင်းပါရောလာတတ်သည်။ ထို့ကြောင့် ဖြတ်ဖြတ်သားသားပဲ ငြင်းလိုက်ပါသည်။

"တော်ပြီကွာ၊ မင်းဘာသာပဲ သောက်တော့၊ ငါ Game ခဏဝင်ဆော့ပြီး ပြန်တော့မယ်"

"အေး . . အေး၊ ဒါဆို ငါ သုံးဆယ့်ခြောက်လမ်းထဲမှာ ရှိမယ်"

သွားခါနီး သူရက ဆွယ်သွားသေးသည်။ သို့သော် သူလိုက်မသွားဖြစ်တော့။ လိုက်သွားလျှင် ပိုက်ဆံက ဝင်ရှင်းရဦးမည်။ ပြီးတော့ ပြန်ရမှာလည်း တစ်လမ်းစီမို့ Game ဆော့ပြီးသည်နှင့် အိမ်ပဲ တန်းပြန်လာခဲ့၏။

Play Station (2) ကို ဆော့ကောင်းကောင်းနှင့် ဆော့နေမိ၍ အိမ်ပြန်ရောက်တော့ အမှောင်ရိပ်က ပေစွန်းစပြုနေလေပြီ။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# (၃)

မြို့ထဲမှ ငှားလာသောကားကို လမ်းမကြီးပေါ်မှာပဲ ရပ်ခိုင်းလိုက်၏။ စိုးကိုအောင်နေသည့် တိုက်ခန်းအိမ်ယာက ရှေ့နည်းနည်းလျှောက်ပြီး ညာဘက်ချိုးဝင်လိုက်လျှင် ရောက်ပြီ။ အညောင်းပြေ လမ်းလျှောက်လိုက်ဦးမယ် ဟူသောအတွေးဖြင့် သူက ကားကို အထဲထိ မဝင်ခိုင်းခဲ့ခြင်းဖြစ်သည်။

စိုးကိုအောင်က တစ်ယောက်ထဲသမား။ မိဘများက နယ်တွင်အလုပ်ရှိကြ၍ ရန်ကုန်မှာ လာမနေနိုင်ကြချေ။ ဒီတိုက်ခန်းလေးကိုလည်း သူကျောင်းတက်နေစဉ်ကပင် ဝယ်ထားခဲ့၍ ကျောင်းပြီးတော့လည်း စိုးကိုအောင်မှာ နယ်မပြန်ဖြစ်ပဲ ရန်ကုန်တွင် ဆက်နေဖြစ်ခဲ့သည်။ သူကိုယ်တိုင်တလည်း ရန်ကုန်မှာနေရတာ အရသာတွေ့နေပြီ။ မြို့ပြသည် တချို့လူများပြောသလို အမြဲမွန်းကျပ်နေခြင်း မဟုတ်ပါ။ ရင်ခုန်ဆူဝေစရာများလည်း မြို့ပြမှာရှိနေသည် မဟုတ်လား။





လမ်းမပေါ် လျှောက်နေရင်း သိမ့်ခနဲ တိုက်ခတ်လာသော လေညှင်းက သူ့ကို ပွတ်သပ်ကျီစယ်သွားပြန်သည်။ အမှောင်ကောင်းကင်ထဲမှာပင် ကြယ်တချို့က အပြောက်ခတ်နေကြ၏။ လမ်းတလျှောက်တွင်လည်း မီးတိုင်တချို့မှ မီးလုံးများက ကျွမ်းနေ၍ လင်းတလှည့် မှောင်တလှည့် ဖြစ်နေတော့သည်။ ရှေ့ကိုငေးလျှောက်ရင်း မနေ့က ကောင်မလေးကို သတိရလာပြန်သည်။ သူ့စိတ်ထဲ ခုချိန်ထိမေ့မရသေးသည့် မျက်မှောင်ကုတ်အကြည့်လေး။ ပြန်တွေ့လျှင် သိပ်ကောင်းမှာပဲ ဟူသည့်အတွေးနှင့်ပင် သူရင်ခုန်ကြည်နူးလာမိသည်။ ဇော်ပိုင်၏ 'မနေ့က ကောင်မလေး' သီချင်းလေးကိုညည်းကာ အိမ်ပြန်ချိန်က လှပနေတော့၏။

သူ့နောက်ကျောဘက်မှ မောင်းလာသော ကားတစ်စီး၏ မီးရောင်ဖြင့် ရှေ့ခပ်လှမ်းလှမ်းတွင် စက်ဘီးတစ်စီးကို လှမ်းတွေ့လိုက်ရသည်။ သူတို့အိမ်ယာဘက်မှ လူများက ဒီချိန်ဆို လမ်းမတန်းဘက် ထွက်လေ့မရှိကြ။ ဒါဆိုလျှင် သူအရင်က တွေ့နေကြဖြစ်သော စက်ဘီးနှင့် မုန့်ထုပ်ကလေးတွေ လိုက်ပို့တဲ့လူပဲ ဖြစ်မည်။ စိုးကိုအောင် တွေးနေစဉ်မှာပဲ ကားက သူ့ဘေးမှဖြတ်ကျော်သွား၏။ ကားမီးရောင်၏ စူးရှသော အလင်းအားကြောင့် စက်ဘီးသမားက လမ်းဘေးသို့ ချလိုက်သည်။ လမ်းဘေးရှိ ကျောက်ခဲကြောင့်လားဘာလား၊ ဘာလိုဖြစ်သည်မသိ၊ စက်ဘီးက ကားလမ်းမပေါ် ယိုင်ပြီး ပြန်လှည့်လာသည်။ ကားသမားကလည်း လန့်ပြီး ညာဘက်ကို အမြန်ဆွဲကွေ့ချလိုက်၏။ စက်ဘီးနှင့် လွတ်သွားသော်လည်း ကားက လမ်းဘေးဓါတ်တိုင်ကို ဝင်တိုက်မိကာ ရပ်သွားလေသည်။

မျက်စိရှေ့တင်မို့ ဒုန်းခနဲ တိုက်မိသံကြောင့် စိုးကိုအောင်မှာ ကြောင်ပြီးကြည့်နေမိသေး၏။ ပြီးမှ အသိစိတ်ဝင်လာကာ ကားဆီသို့ ပြေးသွားလိုက်၏။ ကားက ရုပါဆလွန်းအမျိုးအစား။ သူရောက်သွား



www.burmeseclassic.com

www.burmeseclassic.com



တော့ ကားက စက်ရပ်ပြီး ရှေ့မီးလုံးတစ်လုံးက ကွဲနေပြီ။ သိပ်ကြီးကြီးကျယ်ကျယ် ပျက်စီးခြင်းတော့ မတွေ့ရ။ အထဲမှာ မောင်းလာသူတစ်ယောက်တည်းသာတွေ့ရပြီး ဒဏ်ရာရသွားဟန်ရှိသည်။

စိုးကိုအောင်က ကားထဲမှလူကို လှမ်းကာ အသံပြုလိုက်၏။

"ဟေ့လူ . . ဟေ့လူ . . ရရဲ့လား"

ထိုလူက အသံရောလှုပ်ပါ လှုပ်ပင်မလှုပ်ချေ။ ခေါင်းမှာလည်း စတီယာတိုင်နှင့်ဆောင့်မိ၍ သွေးအနည်းငယ်ထွက်နေ၏။ ကြည့်ရတာ သူနှင့်ရွယ်တူလောက်ဖြစ်မည်။ ချဉ်စူးစူးအရက်နံ့ကိုလည်း ရမိသည်။ လက်ကောက်ဝတ်ကို စမ်းကြည့်လိုက်တော့ အသက်မသေသေးပေ။ မည်သို့ပင်ဖြစ်စေ သူကူညီရမည်။ ပတ်ဝန်းကျင်ကို ဝေ့ကြည့်တော့လည်း လူတစ်ဦးတလေမှ မတွေ့ရတော့။ ခုနက စက်ဘီးသမားလည်း အမှုပတ်မှာစိုး၍ လစ်သွားပြီထင်သည်။

စိုးကိုအောင် ခဏစဉ်းစားလိုက်၏။ အိမ်ယာဘက်သွားပြီးတစ်ယောက်ယောက်ကို သွားခေါ်မလား။ မဖြစ်ချေ။ ဒီလူ၏ အသက်အန္တရာယ်က ဘယ်အခြေအနေမှန်း မသိသေး။ ပြီးတော့ ထိုလူ့ကိုယ်ပေါ်ရှိ လက်ဝတ်လက်စားများကလည်း တန်ဖိုးနည်းမည်မဟုတ်။ ကားပေါ်မှာလည်း နောက်ထပ်အိတ်တစ်လုံးက ပါသေး၏။ စိုးကိုအောင်ဘာမှမစဉ်းစားတော့ဘဲ ကားတံခါးဆွဲဖွင့်ကာ ထိုလူ့ကို ဘေးသို့ ခက်ခက်ခဲခဲရွှေ့လိုက်သည်။ အင့်ခနဲ အသံတစ်ချက်ထွက်လာပြီးတော့ ပြန်ငြိမ်သက်သွားသည်။ သူလုပ်စရာတစ်ခုပဲ ရှိတော့၏။ ကားစက်ကို နှိုးကြည့်လိုက်သည်။ အိုကေ။

ကားကိုဘက်ဆုတ်၍ နီးစပ်ရာ ဆေးရုံတစ်ခုသို့ မောင်းလာခဲ့သည်။ ဆေးရုံရောက်တော့မှ တာဝန်ကျဆရာဝန်ကို အကျိုးအကြောင်းပြောပြပြီး ဆေးရုံတင်လိုက်ပါ၏။ သူအတော်လေး စိတ်မောလူမောဖြစ်သွားသည်။





လူနာအခြေအနေကို သိချင်၍ စိုးကိုအောင် ခဏစောင့်နေလိုက်သည်။ မိနစ်နှစ်ဆယ်လောက်ကြာတော့မှ သူနာပြုဆရာမတစ်ယောက် ထွက်လာပြီး . . .

"ရှင့်လူနာက အသက်အန္တရာယ် စိုးရိမ်စရာ မရှိတော့ပါဘူး။ ခေါင်းက ဒဏ်ရာကိုလည်း ဆေးထည့်ထားပြီးပါပြီ"

"ဟိုလေ . . သူသတိလစ်နေတာက . . ."

"အဲဒါက အက်စီးဒင့်မဖြစ်ခင် သူက အရက်သောက်ထားတယ်လေ၊ မူးတဲ့အရှိန်နဲ့ပါရောပြီး သတိလစ်နေတာပါ။ ခုတော့ အိပ်ပျော်နေပါပြီ၊ ဒါနဲ့ လူနာ,နာမည်က . . ."

"ကျွန်တော် မသိဘူး ဆရာမ"

"ရှင် . . ."

စိုးကိုအောင်က ဆရာမကို အစအဆုံး တစ်ခါထပ်ရှင်းပြရပြန်သည်။ ဆရာမက တအံ့တသြနှင့်ကြည့်ကာ . . .

"အင်း . . ရှင့်လိုလူနဲ့တွေ့လို့ တော်သေးတာပေါ့၊ ကဲပါ . . ခုဘယ်လိုလုပ်မှာလဲ"

"ဗျာ . . ဘာကိုဘယ်လို လုပ်ရမှာလဲ"

"ဒါက ဆေးရုံလေ၊ လူနာ,နာမည်တွေ လူနာပိုင်ရှင်တွေ စာရင်းသွင်းရမှာပေါ့၊ ပြီးတော့ အပြင်ကဝယ်ရတဲ့ ဆေးဖိုးတွေလည်း ရှိဦးမှာ"

ဆရာမအပြောကြောင့် စိုးကိုအောင်က . . .

"သိပ်မစိုးရိမ်ရဘူးဆိုရင်လည်း ကျွန်တော်ပြန်တော့မယ်ဗျာ၊ လိုအပ်တဲ့ ဆေးတွေကိုတော့ ဝယ်ပေးခဲ့မယ်၊ ပြီးတော့ သူ့ကားသော့နဲ့ အိတ်ကိုလည်း ဆရာမတို့ပဲ ထိန်းသိမ်းထားပေးပါ၊ ကျွန်တော် အချိန်မရတော့လို့"

ပြောပြီး ကားသော့နှင့် အိတ်ကိုအပ်ကာ လိုအပ်တာတွေ



www.burmeseclassic.com

www.burmeseclassic.com



ဝယ်ပေးလိုက်ပါသည်။ ဆရာမမေးသောကြောင့် လူနာရှင်နေရာတွင် သူ့နာမည်နှင့်လိပ်စာကို ပေးခဲ့ရသေးသည်။ အသက်အန္တရာယ်မရှိစေကာမူ လူတစ်ယောက်အား ခုလိုကူညီခွင့်ရတာကိုပဲ သူ့စိတ်ထဲ ကြည်နူးနေမိသည်။ သူက ကျေးဇူးအတုံ့အလှည့်တွေကို မလိုလားပါ။

ကျေးဇူးပြန်ဆပ်ခံရခြင်းကို မျှော်လင့်နေသူများသည် ကိုယ့်အတ္တကိုယ် အရသာတွေ့နေသည့် စိတ်ရောဂါအနုစားတစ်မျိုး စွဲကပ်နေသူများသာ ဖြစ်လေသည်။

ငါးလွှာအမြင့်ရှိ တိုက်ခန်းလေးဆီ ပြန်ရောက်တော့ ညဆယ့်နှစ်နာရီထိုးလုပြီ။ စိတ်ထဲတွင် ဘာအနှောင်အဖွဲ့မှမရှိဘဲ သူက အိပ်ယာပေါ် လှဲချပစ်လိုက်၏။ ကြားနေရသော လေအေးပေးစက်မြည်သံက တဖြည်းဖြည်းချင်း တိုးသက်လာသည်။ ထို့နောက် . . သူ့စိတ်တွေ ငြိမ်ချမ်းငြိမ်သက်စွာ အိပ်မောကျသွားပါတော့သည်။

* * * *



(၄)

နောက်နေ့တွေကျတော့ ထိုကိစ္စကို စိုးကိုအောင် မေ့မေ့ပျောက်ပျောက် ဖြစ်သွား၏။ သူကူညီပေးခဲ့သူလည်း ရောက်မလာခဲ့။ အိမ်လိပ်စာသိ၍ လိုက်လာသည့်တိုင်အောင် သူ့ကိုတွေ့မည် မဟုတ်ပါ။ စိုးကိုအောင်က ထုံးစံအတိုင်း မနက်အစောကြီးထွက်ပြီး ညမှောင်မှ အခန်းသို့ ပြန်ရောက်လေ့ရှိသည်။ အိမ်နီးချင်း အပေါ်ထပ်၊ အောက်ထပ်အခန်းများပင် သူနှင့်ရင်းနှီးသူတွေ မဟုတ်ကြပေ။

ဒီနေ့လည်း သင်တန်းတစ်ခုမှအပြန် သူက အောင်နိုဦးဆီ ဖုန်းလှမ်းဆက်ကြည့်လိုက်သည်။ ဆက်သွယ်မှုရေိယာပြင်ပ ဖြစ်နေ၏။ စိုးကိုအောင်သည် တခြားသူငယ်ချင်းတွေထံ ဖုန်းဆက်ပြီး ဆုံကြရန် တွေးမိသေး၏။ ပြီးမှ 'မနေ့က ကောင်မလေး' သီချင်းကို သတိရသွား၍ ဆာကူရာတာဝါသို့ ဦးတည်လိုက်ပါသည်။ ဘယ်နှစ်ရက်ပဲရှိရှိ သူမသည် သူ့အတွက်တော့ မနေ့ကကောင်မလေးသာ ဖြစ်၏။ စိတ်ထဲမှာ

www.burmeseclassic.com



လည်း ဘယ်သူငယ်ချင်းကိုမှ တွေ့ချင်စိတ်မရှိတော့ . . .။

ကော်ဖီတစ်ခွက်မှာပြီး သီရိပစ္စယာထဲမှာ စိုးကိုအောင် အူကြောင်ကြောင်နှင့် ထိုင်နေမိသည်။ လာသောလာရသည် မရေမရာကြီး။ ဆိုင်ထဲမှာလည်း မနေ့ကကောင်မလေးနှင့် တူတာပင်မတွေ့ပါ။ အရှေ့ထဲ ထိုဆိုင်မှဝန်ထမ်းများက ဟိုညီအစ်မနှင့် သူ့အဖြစ်ကို မှတ်မိနေသောကြောင့် ပြုံးစိစိလုပ်နေကြသေးသည်။ နေရင်းထိုင်ရင်း စိုးကိုအောင်မှာ မျက်နှာပူနေရသည်။

ထိုင်နေတာ တစ်နာရီလောက်ကြာလာတော့ သူပျင်းလာ၏။ ကျသင့်ငွေကိုရှင်းကာ အောက်ထပ်သို့ ပြန်ဆင်းခဲ့၏။ အောင်နိုင်ဦးကို ဖုန်းထပ်ခေါ်ကြည့်သေးသည်။ မရပါ။ ဒီငတ ဘာတွေလုပ်နေပြီလဲ မသိ။ တစ်ရက်လုံး ဇရိယာပြင်ပရောက်နေသည်။ သူရအိမ်ဖုန်းကို ဆက်တော့လည်း အပြင်ထွက်သွားသည်ဟုဆိုသည်။ မိန်းကလေး သူငယ်ချင်းများဆီတော့ ဖုန်းမဆက်ချင်ပါ။ သူတို့အိမ်တွေက သမီးလှလှလေးများ မမွေးထားဘဲ စစ်လားဆေးလား အရမ်းလုပ်သည်။ စိုးကိုအောင်က စစ်ဆေးခံရန်ရော၊ ဆေးစစ်ခံဖို့ပါ ဝါသနာမပါချေ။ မေးခွန်းတွေကိုဖြေဆိုရန် သူက ပျင်းရိလှပါသည်။

ထို့သို့ဖြင့် မြို့ထဲမှာ တစ်ယောက်တည်း လျှောက်သွားနေမိသည်။ သူတို့သူငယ်ချင်းတွေဆုံလျှင် ထိုင်တတ်သော Cafe Blue ကော်ဖီဆိုင်လေးမှာများ တစ်ယောက်ယောက် ရှိလေမလားဟု တွေးမိသဖြင့် ဘာရယ်မဟုတ်ဘဲ ထိုဆိုင်လေးသို့ ရောက်သွားသေး၏။

ဆိုင်ထဲဝင်ဝင်ချင်းမှာပဲ စိုးကိုအောင် မျက်လုံးပြူးသွားရသည်။ သူရနှင့်လှမြတ်ဟန်တို့ကို နှစ်ယောက်တည်း တွေ့လိုက်ရ၏။ သူငယ်ချင်းတွေ ဆိတ်ကွယ်ရာမှာ ဒီနှစ်ယောက် ဘာလုပ်နေကြသနည်း။

ခပ်တည်တည်မျက်နှာထားနှင့် သူတို့ဝိုင်းဆီရောက်သွားတော့





သူရက . . .

"ဟာ . . စိုးကိုအောင်၊ ဘယ်လိုဖြစ်လာလဲကွ၊ တစ်ယောက်ထဲ"

"ဘယ်လိုဖြစ်ဖြစ်ပေါ့ကွာ၊ မင်းတို့ကတော့ ဘာလုပ်နေတာလဲ၊ နှစ်ယောက်ထဲ"

"ဟာ . . ."

သူရရှက်ရှက်နှင့် မျက်နှာကြီးရဲသွား၏။ လှမြတ်ဟန်က မိန်းကလေးပီပီ မရှက်ဘဲ . . .

"စိုးကိုအောင်နော်၊ နင့်စကားကြီးက ဘာလဲ . . ဟွန်း"

စိုးကိုအောင်က ပြုံးဖြဲဖြဲနှင့် . . .

"မသိဘူးလေ၊ နင်တို့ကို နှစ်ယောက်ထဲ တွေ့လိုက်ရလို့ အံ့ဩနေတာပါ၊ ဟော့ကောင်သူရ မင်းတို့က ရိုးတော့ရိုးပါတယ်နော်"

"ငါ့ဘက်ကတော့ ရိုးပါတယ်ကွာ"

"အောင်မာ အကောင်စုတ်၊ ငါ့ဘက်ကကျ မရိုးမသားဖြစ်နေလို့လား သေနာရဲ့"

လှမြတ်ဟန်စကားကြောင့် ရယ်မိကြသည်။ အမှန်တော့ သူရက လှမြတ်ဟန်ကို ကြိတ်ကြွေနေတာ စိုးကိုအောင်လည်း ရိပ်မိပါ၏။ ဒါကြောင့် ကြုံတုန်းလေး ပညာပေးနေခြင်းဖြစ်သည်။ လှမြတ်ဟန်ကတော့ သူရကြိုက်နေတာကို မသိချင်ဟန်ပဲ ဆောင်နေတာလား၊ တကယ်ပဲ မသိတာလား ခန့်မှန်းရခက်လှ၏။

သူရက မျက်နှာပိုးသတ်လိုက်ပြီး . . .

"လှမြတ်က ပိုလ်ချုပ်ဈေးမှာ ဝယ်စရာရှိတာ လာဝယ်တာ၊ အဲဒါ မတော်တဆ ငါနဲ့လမ်းမှာဆုံပြီး ထိုင်နေကြတာပါကွာ၊ မင်းကလည်း . . ."

"အောင်မာ . . လှမြတ်ဆိုပါလား"

စိုးကိုအောင်စလိုက်တော့မှပဲ လှမြတ်ဟန်က လှလှလေး

www.burmeseclassic.com



ရှက်ဟန်ပြုသည်။ သူရက သူ့ကိုဝင်ဟန့်လိုက်၏။

"ဟေ့ကောင် စမနေနဲ့ကွာ၊ ငါ ခုနောက်ပိုင်း အဲဒီလိုခေါ်နေတာပဲ ဥစ္စာ . . ."

"ထားပါတော့၊ ဟေ့ . . လှမြတ်ဟန်"

"ဘာလဲ"

အသံက မူယာမာယာအသံမို့ . . .

"ဘာလဲ လုပ်မနေနဲ့ အာဖြဲပြီး . . အဲလေ . . ဒီကောင် သူရက နင့်ကိုကြိုက်နေတာ နင်မသိဘူး မဟုတ်လား"

"ဟာ . . ဟေ့ကောင်၊ ဘာတွေပြောနေတာလဲ၊ ဟာကွာ၊ ဒုက္ခပါပဲ၊ ငါမင်းကို ဘယ်တုန်းက ပြောဖူးလို့လဲကွာ"

သူရပုံစံက မသိရင် တူးတူးခါးခါးပုံမျိုး ဖြစ်သွားသည်။ ရှက်ရမည့် လှမြတ်ဟန်ပင် သူရပုံစံကြောင့် ဒေါသထွက်ဟန်ဖြင့် . . .

"အမလေး ဖြစ်နေလိုက်တာ၊ ငါကပဲ နင့်ကိုကြိုက်နေတာကို စိုးကိုအောင်ကို ပြောမိသလိုလိုနဲ့၊ ကဲ ပြောစမ်းပါဦး၊ သူရ နင်က ငါ့ကို တကယ်ကြိုက်နေတာလား"

လှမြတ်ဟန်ကို စိုးကိုအောင်ပင် အံ့ဩသွားရ၏။ ပြောမနာဆိုမနာ ပွင့်လင်းသည့် သူငယ်ချင်းတွေဖြစ်သော်လည်း လှမြတ်ဟန် ဒီလောက်ရဲရင့်မှန်းတော့ မသိခဲ့ရိုးအမှန်ပါ။ ခုတော့ ဒဲ့မေးနေပြီ။

သူရက မျက်နှာအထားခက်သောပုံစံဖြင့် စကားတွေ ထစ်ကုန်သည်။

"အဲဒါက . . ဟုတ် . . ဟုတ်တော့ ဟုတ်ပါတယ်၊ နင်စိတ်ဆိုးမှာစိုးလို့ . . ."

"ဒါဆို ကျောင်းတုန်းက ဘာလို့မပြောတာလဲ"

အာဂလှမြတ်ဟန်ပင်။ အလီဘိုင်ပါပြခိုင်းနေလေသည်။

"ပြော . . ပြောမလို့ပါပဲဟာ၊ အဲဒါနဲ့ပဲ ကျောင်းပြီးသွားတာ"





"အမလေးဟဲ့၊ အဝေးသင်သာတက်ရင်တော့ ဒုက္ခရောက်ဦးမှာပဲ၊ ဒီမှာ သူရ . . ."

လှမြတ်ဟန်၏ လေသံမာမာကြောင့် သူရမျက်နှာလေး ဖီးရှက်လောက် ငယ်သွားရှာသည်။ လှမြတ်ဟန့်ကို အသနားခံသော မျက်လုံးလေး ကလယ်ကလယ်နှင့်ကြည့်ပြီး . . .

"ဘာ . . ဘာလဲ လှမြတ်ရယ်"

ဟုညောင်နာနာနှင့် မေးလိုက်သည်။ လှမြတ်ဟန်က တစ်ခုခုကို ဆုံးဖြတ်လိုက်ဟန်ဖြင့် သူရကိုစိုက်ကြည့်ကာ . . .

"အူတူတူလုပ်မနေနဲ့ သူရ၊ အသက်တွေလည်း ကြီးလာပြီ၊ နင်အတည်ဆိုရင် ငါစဉ်းစားပေးမယ်၊ ဒါပဲ"

ထိုသို့ ပြတ်သားစွာပြောပြီး လှမြတ်ဟန်မှာ ဘယ်သူ့ကိုမှ နှုတ်မဆက်ဘဲ ထထွက်သွားပါတော့သည်။ သူရနှင့် စိုးကိုအောင်တို့လည်း တစ်ယောက်ကိုတစ်ယောက် ကြောင်၍ကြည့်နေမိကြ၏။

စိုးကိုအောင်က သတိအရင်ဝင်လာပြီး . . .

"ဟာ . . ရှယ်ပဲ . . ရှယ်ပဲ၊ သူရရာ လုံးဝထင်မထားဘူး"

"ဟေ . . ဘာလဲကွာ၊ ဘာကိုထင်မထားတာလဲ"

အရေးထဲ အတွေ့အကြုံမရှိသော သူရက ကြောက်တက်တက်ဖြစ်နေသေးသည်။ ဒါမျိုးကိစ္စတွေမှာ လူပါးဝနေသော စိုးကိုအောင်ကပဲ ရှင်းပြရပြန်သည်။

"မင်းဟာလေ ဒွေးပဲကွာ၊ လှမြတ်ဟန်ရဲ့ စဉ်းစားမယ်ဆိုတဲ့ပုံစံက မင်းကိုချစ်တာပဲကွ"

"ဟေ . . ဟုတ်လား၊ ဒါဆို ငါ . . ငါပျော်ရမှာပေါ့နော်"

စိုးကိုအောင် စိတ်ညစ်သွား၏။ နလပိန်းတုံး သူရကိုလည်း နားရင်းပါအုပ်ပစ်လိုက်ချင်သည်။

"ငါလည်း မသိဘူးလေကွာ၊ မပျော်ရင်လည်း မင်းအဖိုးဆုံး



www.burmeseclassic.com

www.burmeseclassic.com



တုန်းကလို ထိုင်ငိုပေတော့"

"ဟာ . . ငါ့အဘိုးဆုံးတုန်းက ငါငိုမှမငိုတာ၊ ဟာ . . ဟုတ်ပြီ . . ဟုတ်ပြီ၊ ဟား . . ပျော်လိုက်တာ စိုးကိုအောင်ရာ၊ လှမြတ်က ငါ့ချစ်နေတာကို သိသွားပြီကွ . . သိသွားပြီ"

စိုးကိုအောင်စိတ်ညစ်နေရာမှ သတ်သေချင်စိတ်ပါ ပေါက်သွားတော့သည်။ ဆက်ပြီးလည်း မရှင်းပြချင်တော့။ ကြာရင် လှမြတ်ဟန်ကပဲ ကုတ်ခွစီးပြီး သူမကို 'ချစ်မှာလား' ဟု တပြန်ကြီးမေးသလို ဖြစ်လာဦးမည်။ ထို့ကြောင့် သူရပျော်နေတာကိုပဲ မျှဝေခံစားလိုက်ပါသည်။

မည်သို့ပင်ဖြစ်စေ ဒီနေ့သည် သူငယ်ချင်းနှစ်ယောက်ကြားထဲမှာ ပန်းရောင်သန်းခဲ့ရသော နေ့တစ်နေ့ ဖြစ်ခဲ့ရသည်။

ခေတ်အဆက်ဆက် ခံစားချက်များကို ဦးနှောက်ဖြင့် အမည်တပ်ရန် နှလုံးသားတို့က အမြဲအဆင်သင့် ရှိနေတတ်ကြသည်မှာ သဘာဝတရားတစ်ခုလိုပင် ဖြစ်နေလေပြီ။

* * * *



## (၅)

တစ်ရက်၊ တစ်ရက်နှင့် အချိန်က တစ်ပတ်လောက်ကြာလာခဲ့၏။ သီရိပစ္စယာမှာတွေ့ခဲ့သော 'မနေ့က ကောင်မလေး' ကို နေ့တိုင်းလိုလို သွားစောင့်ကြည့်သော်လည်း ဆိုင်ပိတ်ချိန်ဆို စိုးကိုအောင်လက်လျှော့ကာ ပြန်ခဲ့ရသည်ချည်း။ တဖြေးဖြေးနှင့် သူစိတ်ညစ်စပြုလာသည်။ သို့သော်လည်း ကိုယ်မသွားသည့်နေ့မှ ရောက်လာဦးမယ်ဟု တွေးမိ၍ နေ့တိုင်းမပျက်မကွက် သွားစောင့်နေမိ၏။ ခုထိတော့ သူမကို အရိပ်အယောင်မျှပင် မတွေ့ရသေး။

ဒီကြားထဲတွင် သူနှင့်အီစီကလီဖြစ်စ၊ ဖြစ်ဆဲ၊ ဖြစ်ပြီး လတ္တံသော ကောင်မလေးများကို စိုးကိုအောင် လုံးဝအဆက်အသွယ်ဖြတ်ထားလိုက်၏။ ကိုယ်က ဘာမှလွန်လွန်ကျူးကျူး လုပ်မထားသောကြောင့် ကျိုင်တက်စရာလည်း မရှိပေ။ ခုခေတ်ကောင်မလေးတွေက အရိပ်ပြလျှင် အကောင်လိုက်ပျောက်သွားတတ်ပါသည်။ ဘာမှရှော့ခ် မရှိ။



www.burmeseclassic.com

www.burmeseclassic.com



သဥ္စာကျော်တို့ ညီအစ်မကိုတော့ တိုက်ဆိုင်စွာ သွားဆုံခဲ့သဖြင့် အားနာမိသည်။ အခုတော့လည်း သူ့စားရိတ်နှင့်သူ ပြီးသွားပြီ။ မီးငယ်ဆိုသည့် ကောင်မလေးကလည်း သူမဖုန်းဆက်တိုင်း စိုးကိုအောင်ဖုန်းမကိုင်၍ လက်လျှော့သွားလောက်ပြီထင်၏။ ဘယ်လိုပင်ဖြစ်စေ သူစိတ်ချမ်းသာရပါသည်။

အချိန်တိုင်းလို သတိရနေမိသော ထိုမနေ့က ကောင်မလေးအကြောင်းကိုတွေးပြီး စိုးကိုအောင်က ကိုယ့်စိတ်ကိုယ် အံ့ဩနေမိ၏။ မိန်းကလေးတွေများစွာနှင့် ပုံစံအမျိုးမျိုး ပတ်သက်ဖူးခဲ့သော်လည်း သူ့စိတ်ထဲမှာ ဒီလောက်မနက်ရှိုင်းခဲ့ပေ။ ခုမှအချစ်ဆိုတာကို ခပ်ဝါးဝါး ခံစားမိသည်။ ခပ်ဝါးဝါးဆိုသည့်အတိုင်း ကောင်မလေးကိုလည်း ဘယ်လိုမှရှာမတွေ့တော့ . . .။ တစ်ခါသာ လူချင်းဆုံဖူးသော ကောင်မလေးတစ်ယောက်ကို ရန်ကုန်မြို့ကြီး၌ ပြန်ရှာတွေ့ဖို့ မလွယ်ကူမှန်း သိပါသည်။

မျှော်လင့်ချက်တွေ တစ်ပွေ့တပိုက်နှင့် သိရိပစ္စယာမှာ သွားစောင့်နေမိခြင်းကိုလည်း ရူးကြောင်ကြောင်ကိစ္စဟု သူသဘောပေါက်သည်။ ဒါပေမယ့် အချစ်ဆိုတာက လူတိုင်းကို တစ်ခါတရံ ရူးကြောင်ကြောင်နိုင်စေသည် မဟုတ်ပါလား။ စိုးကိုအောင်လည်း လူထဲမှလူတစ်ယောက်မို့ ရန်ကုန်လိုမြို့ကျယ်ကြီးမှာ အချစ်ပျောက်လိုက်ရှာနေမိခြင်းဖြစ်၏။

ဒီနေ့လည်း အရင်အတိုင်းပဲ သိရိပစ္စယာမှ စိတ်ပျက်လက်ပျက်ဆင်းလာခဲ့သည်။ ခွန်အားတွေ ကုန်ခမ်းပြီး ဘယ်မှလည်း မသွားချင်၊ ဘာမှလည်း မလုပ်ချင်တော့။ အိမ်စောစောပြန်၍ အခွေထိုင်ကြည့်နေတာမှ ကောင်းဦးမည်ဟု တွေးလိုက်သည်။ ထိုအချိန်မှာပဲ ဖုန်းကမြည်လာသဖြင့် ဖုန်းနံပါတ်ကို စိုးကိုအောင်ကြည့်လိုက်၏။ အမြဲတမ်းအလုပ်များနေသော မြတ်မင်းလူဖြစ်နေ၍ အတော်အံ့ဩသွားမိသည်။





ဒီကောင်က ကျောင်းအတူတက်စဉ်ကပဲ ကားပွဲစားတစ်ပိုင်း။ ကျောင်းပြီးတော့ ကားပွဲစားလုံးလုံး ဖြစ်သွားသည်။ မတွေ့ဖြစ်တာပင် ကြာလှပြီ။ သူငယ်ချင်းတွေဆုံရင်လည်း ဒီကောင် မပါတာများသည်။ ခုတော့ ထူးထူးဆန်းဆန်း ဘာကိစ္စရှိသည်မသိ။ ဖုန်းဖွင့်ကာ နားထောင်လိုက်၏။

"ဟဲလို မြတ်မင်းလူ ပြော . . ."

"ဟား . . ဟား . . ငါ့ကောင်တွေက ဖုန်းလေးဘာလေးတောင် မဆက်လို့ပါကွာ"

"ဆက်တိုင်းလည်း မင်းမှမအားတာကိုးကွ"

စိုးကိုအောင်က ဟောက်သလို ခပ်မာမာ ပြောလိုက်၏။

"ဟုတ်ပါပြီကွာ၊ ငါ့အလုပ်ကလည်း မင်းတို့သိတဲ့အတိုင်းပဲလေ၊ ခုအားလို့ ဖုန်းဆက်ကြည့်တော့လည်း ဟိုကောင်အောင်နိုင်ဦးဖုန်းက ခေါ်မရပြန်ဘူး၊ အဲဒါနဲ့ မင်းဆီဆက်လိုက်တာ"

"ဟုတ်တယ်ကွ၊ အောင်နိုင်ဦးဖုန်းက ငါတောင်ခေါ်မရတာ နှစ်ရက်သုံးရက်လောက်ရှိပြီ၊ မင်းဘာကိစ္စရှိလို့လဲ"

"ထွေထွေထူးထူးတော့ မဟုတ်ပါဘူးကွာ၊ အလုပ်ကလေးပါးတုန်း မင်းတို့နဲ့တွေ့ပြီး ကဲချင်လို့"

"ဟဲ . . ဟဲ ရေလျှံနေပြီထင်တယ်"

"ခပ်ပါးပါးပါကွာ၊ ခြေမျက်စိဖုံးရုံလောက်ပါ"

မြတ်မင်းလူက တစ်ခါတရံ မြီးမြီးမျက်မျက်ကလေးရလာလျှင် သူငယ်ချင်းတွေခေါ်ပြီး ပြုစုတတ်သည်။ တစ်ခါတလေလည်း ရည်းစားနှင့်ချိန်း၍ ဆိုင်မှာစားသောက်ထားပြီးမှ ရှင်းဖို့ပိုက်ဆံမရှိဘဲ အမြဲအရှက်ကွဲလေ့ရှိသည်။ ဟိုတစ်ခါ ရွှေဘဲမှာ ပိုက်ဆံမလောက်သဖြင့် သူ့ဆီက ကိုးထောင့်ငါးရာ ချေးထားသည်ကို ပြန်မဆပ်သေး၍ စိုးကိုအောင်က-

"ဟေ့ကောင် . . မင်းဟာမင်း ပါးပါးထုထု ငါ့အကြွေးတော့ ပြန်ပေးဦး"



www.burmeseclassic.com

www.burmeseclassic.com



မြတ်မင်းလူက အရယ်တဝက်အသံဖြင့် . . .

"ဆပ်ပါ့မယ်ကွာ၊ အတိုးအနေနဲ့ တစ်ပုလင်းပေးမယ်၊ ဒါနဲ့ မင်း ခုညနေအားတယ် မဟုတ်လား"

"ဒါကတော့ မင်းဘာလိုက်ကျွေးမလဲ၊ ဘယ်မှာလဲဆိုတာက မူတည်တယ်ကွ"

"ခွေးကောင် . . ."

ဖုန်းထဲမှာ ပွစိပွစိနှင့် သူ့ကိုမြတ်မင်းလူက ဆဲဆိုပြီးမှ . . .

"တော်ပြီကွာ၊ ဖုန်းဘီ(လ်)တက်တယ်၊ ဒီည ကလပ် (Club) လေးဘာလေးသွားရအောင် မင်းတို့ကို လှမ်းခေါ်တာ၊ အောင်နိုဦးကိုလည်း ခေါ်လို့မရဘူး၊ ဟိုကောင် သူရကလည်း သူ့အိမ်ဆက်ကြည့်တော့ အိမ်မှာမရှိပြန်ဘူး"

"ဘယ်ရှိမလဲ၊ လှမြတ်ဟန်နဲ့ လျှောက်ဗိုးနေမှာပေါ့၊ မင်း မသိသေးဘူးထင်တယ်"

"ဟေ . . ဟုတ်လား၊ ဒူသူရ ဒီတစ်ခါတော့ သွက်လှချည်လား"

"သွက်ပါလိမ့်မယ်၊ ခုတောင် လှမြတ်ဟန်က ရည်းစားစကားစမပြောရှိတမယ်ပဲ ဟေ့"

"ထားပါတော့၊ ဝမ်းသာပါတယ်ကွာ၊ ဟေ့ကောင် ဒီညလာရင် မင်းချစ်သူလေးတစ်ယောက်ယောက် ခေါ်ခဲ့ဦးမလား၊ ငါဒကာခံပါ့မယ် . . ဟဲဟဲ"

"တော်ပါပြီကွာ၊ မင်းခံချင်တာ ငါသိပါတယ်၊ ဒကာခံတာကို ပြောတာနော် . . ဟဲဟဲ . . ဟဲ၊ ဒါပေမယ့် ငါ့ဇယားတွေက အကုန်ရှင်းသွားပြီကွ၊ တစ်ယောက်မှကို မရှိတော့ဘူး"

"ဟေ"

မြတ်မင်းလူမှာ တော်တော်လေး အံ့ဩသွားပုံရသည်။ ပြီးမှ-





"ဟုတ်ပါ့မလားကွာ၊ မင်းလိုကောင်က ကောင်မလေးတစ်ယောက်ယောက်နဲ့ ပတ်သက်နေမှ အိပ်ပျော်စားဝင်တဲ့ ကောင်ကများ၊ ငါမယုံဘူး"

"မယုံလည်း မတတ်နိုင်ဘူးကွာ၊ ငါအတည်ပြောတာ၊ ငါအခု ပတ်သက်ချင်နေတာ တစ်ယောက်တော့ရှိတယ်"

"အသစ်ကလေးပေါ့၊ ဘယ်သူလဲ"

"မသိဘူး၊ ဘယ်သူမှန်း ဘယ်ကမှန်းတောင် မသိဘူး"

"ဟာကွာ"

စိုးကိုအောင်လည်း မြတ်မင်းလူနှင့်တွေ့မှ အကျိုးအကြောင်းပြောပြမည်ဟု ချိန်းလိုက်ပြီး အိမ်ကိုပဲ အရင်ပြန်လာခဲ့သည်။ သူနေသော ငါးလွှာကိုရောက်တော့ သံပန်းတံခါးမှာ စာတစ်စောင်က ဆီးကြိုလို့နေသည်။

ကိုစိုးကိုအောင်

ကျွန်တော်က ကားအက်စီးဒင့်ဖြစ်တုန်းက ခင်ဗျားကူညီခဲ့တဲ့ သန့်ဇင်အောင်ပါ။ ကိုစိုးကိုအောင်ကို အဲဒီကူညီတဲ့ကိစ္စအတွက် အထူးပဲ ကျေးဇူးတင်ပါတယ်။ ကျွန်တော်မနေ့ကလည်း လာရှာပါသေးတယ်။ အိမ်မှာလည်း ဘယ်သူမှမတွေ့တာနဲ့ ဒီနေ့တော့ စာရေးထားခဲ့တာပါ။ ခင်ဗျားနဲ့တွေ့ပြီး ကျေးဇူးတင်စကားလည်း ပြောချင်ပါသေးတယ်။ ခုတော့ ခရီးသွားစရာလေးတွေရှိသေးလို့ ဒီကြားထဲ တွေ့ဖြစ်ဦးမယ် မထင်ဘူး။ ဒါပေမယ့် ကျွန်တော် ခင်ဗျားကျေးဇူးကို မမေ့ပါဘူး။ ခင်ဗျားသာပစ်ထားခဲ့ရင် အဲဒီညက မတွေးဝံ့စရာပဲလေ။ လောလောဆယ် မတွေ့နိုင်သေးတာ ခွင့်လွှတ်စေချင်ပါတယ်။

တောင်းပန်စွာဖြင့်

သန့်ဇင်အောင်



www.burmeseclassic.com

www.burmeseclassic.com



စာကိုဖတ်ပြီး စိုးကိုအောင် ပြုံးလိုက်မိသည်။ ဒီလောက် အသိအမှတ်ပြုရင်ပဲ သူက ကျေနပ်လှပါပြီ။ ဘာကျေးဇူးမှ ပြန်ဆပ်စရာ မလိုပါ။ သူ့ရင်ထဲမှာ ပီတိတွေဖြာရင်း ရေမိုးချိုး၍ အဝတ်အစားလဲ ထားလိုက်၏။

ဒီနေ့ည မြတ်မင်းလူက သူ့ကိုအကြွေးပြန်လာဆပ်မည်။ နောက် . . ကလပ် (Club) ကိုလိုက်ပို့ကာ သောက်ဖို့ စားဖို့ ရမ်းကားဖို့ အကုန်တာဝန်ယူထားသေးသည်။ ကဲ . . ဘာလိုသေးသနည်း။ ရေမိုးအပြည့်အစုံနှင့် လေထီးခုန်ရမည့် အရေးကိုတွေးပြီး စိုးကိုအောင် တစ်ယောက် စိတ်ခါတ်တွေ တက်ကြွနေလေတော့သည်။

* * * *



(၆)

အလင်းအားဖျော့ဖျော့ မီးစုန်းများအောက်ရှိ ပိုင်အိုးနီးယား ကလပ် (Pioneer Club) သည် မြူးကြွဆူဝေသည့် DJ တီးလုံးများနှင့် လှပစွာ အသက်ဝင်လျက် ရှိပါသည်။ ကလပ်၏အလယ်ဗဟိုတွင် ပျော်မြူး တခုန်နေကြသူတွေနှင့် ယိမ်းထိုးလှုပ်ရှားနေ၏။ အရှိန်းဆန်သော ရင်ခုန်သံများနှင့် အယဉ်ကျေးဆုံး စကားလုံးတွေက စိုးကိုအောင်ကို အစွမ်းကုန်ဖျားယောင်းနေလေသည်။

ကလပ်ထဲရောက်သည်နှင့် မြတ်မင်းလူက မျောက်တစ်ကောင်လို တရန် ဖင်တကြွကြွဖြစ်နေပြီ။ ပထမဦးဆုံး သူမနှင့်လာကဖို့ အဖော် ဆွယ်သည့် ကောင်မလေးကို မြတ်မင်းလူက ချက်ချင်းတွဲကရန် လက်ခံ လိုက်၏။ သူတို့နှစ်ဦးသည် လက်ချင်းတွဲပြီး ကလပ်၏အလယ်ဗဟိုသို့ ဝင်သွားကြပါသည်။ ခုန်ပေါက်နေသော လူတွေကြားထဲ မြတ်မင်းလူ တို့အတွဲမှာ နစ်မြုပ်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



စိုးကိုအောင်သည် ကခုန်နေသူများကို ရပ်ကြည့်နေရာမှ နီးစပ်ရာ ခုံတစ်ခုံမှာ ဝင်ထိုင်လိုက်သည်။ ထို့နောက် ဝိတ်တာလေး လာချပေးသော ကျားတံဆိပ်ဘီယာဗူး (Tiger Beer) ကို မော့သောက်နေစဉ် သူ့ဆီသို့ အသံလေးတစ်ခုက ရောက်လာ၏။

"ဟေ့ . . ယူ့ကို တို့အဖော်လုပ်ပေးရမလား"

အသံနှင့်အတူ ရန့်စူးစူးခန္ဓာကိုယ်လေးကပါ စိုးကိုအောင်နှင့် အသားချင်းထိအောင် ဝင်ထိုင်လိုက်ပါသည်။ ထိုအထိအတွေ့ကိုလည်း သူလုံးဝရင်မခုန်မိပါ။ ခေါင်းကိုစောင်းငဲ့ကာ လေသံခပ်အေးအေးနှင့်ပဲ ပြန်ပြောလိုက်၏။

"နေပါစေ ကျေးဇူးပါပဲ"

"ကျေးဇူးတွေ မှတ်တင်နေပါလား၊ ဘာလဲ တို့ကိုကျေးဇူး ပြန်ဆပ်စေချင်လို့လား"

အနည်းငယ် ချွဲပြစ်သောအသံနှင့် ရီဝေဝေဖိတ်ခေါ်မှုကို စိုးကိုအောင် စိတ်ညစ်သွားသည်။ ဒီငနဲမကိုတော့ စကားဖြတ်မှပဲဟု တွေးကာ . . .

"မင်း . . ငါနဲ့လာထိုင်နေရင် အချိန်ကုန်သွားလိမ့်မယ်၊ ငါ ကလပ်ကိုလာတာ ဘာရည်ရွယ်ချက်မှမရှိဘူး၊ လန်းချင်တာတစ်ခုပဲ"

"ပြတ်သားလှချည်လား၊ ဒါဆိုလည်း ယူ့သဘောပါပဲ"

ငနဲမက အစွမ်းကုန်တစ်ချက်ညို့ကြည့်ပြီး ထထွက်သွား၏။ ကလပ်ကို အကြိမ်ကြိမ်ရောက်ဖူးသော်လည်း စိုးကိုအောင်က တစိမ်း မိန်းကလေးများနှင့် တစ်ခါမှ တွဲကလေ့မရှိပေ။ ငွေကြေးဆန်သော ပတ်သက်မှုမျိုးကို သူလုံးဝစိတ်မဝင်စားပါ။ သူ့ရည်းစားကောင်မလေး တစ်ယောက်ယောက်ပါလာလျှင်တော့ တွဲကဖြစ်သည်။ ဒီထက်မပိုပါ။ အငြေမြားယဉ်ကျေးမှုကို အတိုင်းအတာတစ်ခုအထိပဲ သူလက်ခံထားပါသည်။ ခုလည်း ချစ်သူလက်မဲ့ ဖြစ်နေသောကြောင့် စိုးကိုအောင်





တစ်ယောက် ကလပ်ထဲမှာ ခပ်ငေါင်ငေါင်ထိုင်နေမိ၏။

ခဏနေတော့ မြတ်မင်းလူက ဘီယာတစ်ဗူးကိုင်ကာ ပြန်ရောက်လာပြီး . . .

"ဟော့ကောင် . . မကဘူးလား၊ လာလေကွာ၊ ငါချိတ်ပေးပါ့မယ်၊ တစ်ယောက်ယောက်ပေါ့"

နောက်မှပါလာသည့် ကောင်မလေးကလည်း မြတ်မင်းလူ လက်မောင်းကိုကိုင်ကာ . . .

"ဟုတ်သားပဲ၊ ကလပ်လာပြီးထိုင်နေလို့ ဘာအဓိပ္ပာယ်ရှိမှာလဲ၊ မေရီ့သူငယ်ချင်းကို ခေါ်ပေးရမလား ချောတယ်နော်"

"တော်ပါပြီဗျာ၊ စိတ်မပါလို့ပါ၊ ထိုင်နေတာပဲ ကောင်းပါတယ်"

"လာပါ စိုးကိုအောင်ရာ၊ ဒီမှာ ဟိုအရင် မင်းစော်တွေလောက် လှတာတွေလည်း ရှိပါတယ်ကွ၊ မေရီပြောသလို ထိုင်နေလို့ရော ဘာအဓိပ္ပာယ်ရှိမှာလဲ"

မြတ်မင်းလူက ခုမှတွေ့ဖူးသော ကောင်မလေးတစ်ယောက်နှင့်ပင် မိုက်ဘက်ပါချင်နေပြီ။

စိုးကိုအောင်က မျက်နှာကိုမဲ့ပြလိုက်ရင်း . . .

"ဒါဆိုလည်း မင်းဟာမင်းပဲ သွားကလေကွာ၊ ထိုင်နေနေ ကနေနေ လူဆိုတာ သူ့အဓိပ္ပာယ်နဲ့သူ ရှိပြီးသားပဲ၊ ငါတော့ ကချင်စိတ်တိုမရှိဘူး၊ ဘီယာသောက်ချင်လို့ မင်းနဲ့လိုက်လာတာ"

"ဟာကွာ၊ ဒါဆို အစတည်းက ဘီယာဆိုင်ပဲသွားပါလား"

"အောင်မာ . . မင်းပဲ ကလပ်ကို သွားချင်နေတာလေ၊ ငါက အတင်းလိုက်ပို့ခိုင်းလို့လား"

"ပြီးရောကွာ . . ပြီးရော၊ ဒါဆိုရင် မင်းထိုင်နေဦး၊ ငါ မေရီနဲ့ သွားကလိုက်ဦးမယ်၊ အသဲလေး . . လာ"

မြတ်မင်းလူက နောက်တစ်ချီထပ်နွှဲရန် မီးရောင်ကြားထဲ



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားပြန်သည်။ စိုးကိုအောင်လည်း လက်ကျန်ဘီယာကို အပြတ်ရှင်းလိုက်၏။ အာသာက သိပ်မပြေသေး။ Bar ကိုသွားပြီး ကော့တေး (cook tail) တစ်ခွက်လောက် သွားသောက်လျှင် ကောင်းမည်ဟုတွေးကာ အသာထလာခဲ့သည်။

အပြာရောင်တီးလုံးများနှင့် ပိုင်အိုးနီးယားကလပ်သည် အစွမ်းကုန် ရှုန်းကြွလျက်ရှိနေဆဲ။ အရက်ဘားသို့ ရောက်လုရောက်ခင်မှာပဲ စိုးကိုအောင်မျက်လုံးတွေက အနက်ရောင်သဏ္ဌာန်လေးတစ်ခုဆီမှာ လင်းဖြာသွားတော့သည်။ အံ့ဩဝမ်းသာမှုတွေက ချက်ချင်းယိုစိမ့်ကျလာ၏။ သူတွေ့ချင်နေသည့် 'မနေ့က ကောင်မလေး' ကို မထင်မှတ်ဘဲ ဒီနေ့မှာ ပြန်တွေ့ရလေပြီ။ ရုတ်တရက် ဘာကနေစလုပ်ရမှန်း မသိဖြစ်သွား၏။ အရင်က သွေးအေးသလောက် အခုရင်တဒိတ်ဒိတ်ခုန်နေ၍ ကိုယ့်ကိုယ်ကို မချင့်မရဲဖြစ်မိသည်။

ခေါင်းထဲမှာ အကြံတစ်ခုရသွားပြီး ဘားမှမီးအလင်းရောင်လေးနှင့် ငြိနေသည့် သူမမျက်နှာဖူးဖူးလေးကို လက်ကိုင်ဖုန်းထုတ်၍ ဓါတ်ပုံရိုက်ထားလိုက်ပါသည်။ ကလပ်ထဲရှိ ပြေးလွှားနေသော မီးအလင်းတန်းများကြောင့် သူမလည်း သတိထားမိပုံမပေါ်ချေ။

ကခုန်နေကြသူများကို ငေးနေသည့် သူမဘေးတွင် စိုးကိုအောင် မသိမသာ နေရာဝင်ယူလိုက်၏။ ခုချိန်ထိလည်း စိုးကိုအောင်ကို သူမသတိမထားမိသေးပါ။ ခုံပေါ်မှာချထားသော သူမ၏သောက်လက်စ ကော့တေးဖန်ခွက်ကိုကြည့်ကာ ထိုအတိုင်းပဲ စိုးကိုအောင်က တစ်ခွက်လှမ်းမှာလိုက်သည်။ ကော့တေးခွက်ရောက်လာတော့ သူမ သောက်ထားသည့် အနေအထားလောက်ရောက်အောင် တစ်ခါထဲမော့သောက်လိုက်ပြီး သူမဖန်ခွက်နှင့် အနီးဆုံးမှာ ကပ်၍ချထားလိုက်ပြန်သည်။ ကိုယ့်အတွေးနှင့်ကိုယ် စိုးကိုအောင်က တော်တော်ပျော်နေလေပြီ။ ရင်တလှပ်လှပ်နှင့် သူမကို အသာခိုးကြည့်နေလိုက်၏။





အတန်ကြာတော့မှ သူမက ဘားဖက်သို့ငဲ့စောင်း၍ သောက်လက်စခွက်ကို လှမ်းယူလိုက်သည်။ ခွက်ချင်းမမှားသော်လည်း စိုးကိုအောင်က ကပျာကယာပင် . . .

"ဟိတ် . . ဟိတ် . . ခွက်ချင်းမှားသွားပြီ"

စိုးကိုအောင်အသံကြောင့် သောက်နေသည့် သူမနှုတ်ခမ်းလေးက ဖန်ခွက်နှင့် ပြန်ကွာဟသွား၏။

"မမှားပါဘူး၊ ဒါ ကျွန်မခွက်ပါ"

"မှားပါတယ်ဆို၊ ကိုယ်က မင်းကိုကြည့်နေတာ သိတာပေါ့"

သူမမျက်ဝန်းလေးများ တဖျတ်ဖျတ်လက်သွား၏။ စိုးကိုအောင်ကို တစ်ချက်စူးစိုက်ကြည့်ရင်း . . .

"ဒါဆိုလည်း ရော့ ရှင့်ခွက်၊ ဆောရီးပဲနော်"

ခွက်ချင်းလဲလိုက်ကြသည်။ လူလည်ကျပြီး လဲသောက်လိုက်သော သူမဖန်ခွက်နှုတ်ခမ်းလေးမှ ရစ်မူးဖွယ် နှုတ်ခမ်းနီနံ့လေးနှင့်ပင် စိုးကိုအောင်ဖျားချင်သလို ဖြစ်သွား၏။ ထိုရနံ့ပိုင်ရှင် နှုတ်ခမ်းဖူးဖူးလေးနှင့်ဆိုလျှင် သူကမ္ဘာ့အပြင်ဘက် လွင့်စင်သွားလောက်သည်။ စိုးကိုအောင် တွေးနေစဉ်မှာပဲ သူမက ဆတ်ခနဲ လှည့်ကြည့်ပြန်သည်။ ပြီးတော့ ဇဝေဇဝါမျက်နှာထားနှင့် ပြန်လှည့်သွား၏။

နောက်တစ်ခါ သူမထပ်အကြည့်မှာပဲ စိုးကိုအောင်က . .

"မင်း . . ကိုယ့်ကို မြင်ဖူးပါတယ်လို့ ဦးနှောက်စားနေတာ မဟုတ်လား၊ ဟုတ်ပါတယ်၊ မင်းနဲ့ကိုယ် ဆုံဖူးတယ်လေ"

သူ့စကားကြောင့် မျက်လုံးလေးများဝိုင်းပြီး သူမအံ့ဩသွားပုံရသည်။ သူမက ခပ်တည်တည်နှင့် မေးလိုက်၏။

"ဘယ်မှာဆုံဖူးတာလဲ"

"သိရိပစ္စယာမှာလေ၊ ဓါတ်လှေကားအဝမှာ မင်းကအထွက် ကိုယ်ကအဝင်မှာ ဆုံတာ၊ မှတ်မိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . သိပြီ . . သိပြီ၊ ဆိုင်ထဲမှာ စိန်ပြေးတမ်းကစားတဲ့ လူကိုး၊ ခစ် . . ခစ်"

သူမရယ်သံကြောင့် စိုးကိုအောင် ရှက်သွားသည်။ သူနှင့် သဉ္ဇာတို့ညီအစ်မ၏အဖြစ်ကို မြင်လိုက်၍ဖြစ်ရမည်။ သူမမှတ်မိသွားသောကြောင့် စိတ်ထဲမှာလည်း ပျော်သလိုလို ဖြစ်သွား၏။

"စိန်ပြေးတမ်းကစားတာ မဟုတ်ပါဘူးဗျာ၊ ကိုယ်ကိုတိုင်က လွှန်တာပါ၊ ဒီလိုလေ"

ထိုသို့အစချီကာ ညီအစ်မနှစ်ယောက်နှင့် တစ်ပြိုင်တည်း ရည်းစားထားမိသလို ဖြစ်ခဲ့ကြောင်းကိုပါ သူမအား မဆီမဆိုင်ပြောပြလိုက်ပါသည်။ ဒါကပင် စိုးကိုအောင်၏ အကွက်ဆန်းတစ်ခုလည်း ဖြစ်လေသည်။

ငြိမ်ငြိမ်ကလေး နားထောင်နေသော သူမက စိတ်ဝင်စားဟန်ဖြင့် . . .

"နောက်နေ့ကျတော့ သူတို့ညီအစ်မနဲ့ ရှင်အကြီးအကျယ် ရှင်းလိုက်ရမှာပေါ့"

"ဟင့်အင်း . . အဲသလို ရှင်းရလောက်အောင် ကိုယ့်စိတ်၊ ခန္ဓာကိုယ်နဲ့ နှလုံးသားက ဘာမှမကျူးခဲ့ဘူးလေ၊ ဒါအပျော်တမ်း TV ဂိမ်းကစားသလို ဂိမ်း (Game) တစ်ခုပဲ၊ အဲဒါကြောင့် ကိုယ်ထွက်ပြေးခဲ့ရတာပေါ့၊ ဟဲ ဟဲ"

စကားဆုံးတော့ သူမက မျက်မှောင်ကုတ်ပြီး . . .

"ဒါဆို ရှင်က ကောင်မလေးတွေကို ကစားစရာတစ်ခုလို သဘောထားနေတာပေါ့၊ ဒီလိုလား"

သူမလေသံကြောင့် စိုးကိုအောင်က ခေါင်းခါလိုက်ပါသည်။

"မဟုတ်ဘူးလေ၊ မင်းတွေးတာ မှားနေပြီ၊ ကိုယ်က အပျော်သဘောနဲ့ ဘယ်မိန်းကလေးကိုမှ မကစားဖူးဘူး၊ သူတို့နှစ်နာအောင်





လည်း ဘာမှမလုပ်ခဲ့ပါဘူး၊ ဒါပေမယ့် တစ်ခုပြောချင်တာက ပြိုင်ပွဲဆိုတာ နှစ်ဦးနှစ်ဖက်သဘောတူမှ ကစားလို့ရတာလေ၊ အဲဒီသဘောပဲ၊ ကိုယ်ဘာမှ မဖျားယောင်းဘူး၊ ဖျားယောင်းမိတယ်ဆိုရင်လည်း သူတို့ဘက်က ပြန်တွန်းကန်လို့ပဲပေါ့၊ မဟုတ်ဘူးလား"

"ရှင့်စကားတလည်း . .၊ မိန်းကလေးဆိုတာ ရွေးချယ်ခွင့်နည်းတယ်လေ၊ ရှင်မသိဘူးလား"

"သိပါတယ်၊ ဒါပေမယ့် ငြင်းပယ်ခွင့်လည်း မနည်းပါဘူး၊ မင်းလည်းသိမှာပေါ့"

သူမ၏မဲ့ပြုံးလေးကို စိုးကိုအောင် မြင်လိုက်ရ၏။ အခုလို စကားပြောဖြစ်သွားသော အခြေအနေကိုလည်း သူတော်တော်ကျေနပ်မိသည်။

နှစ်ယောက်စလုံးငြိမ်နေရာမှ စိုးကိုအောင်က သက်ပြင်းဖွဖွချကာ . . .

"အင်းလေ၊ ဒါတွေက တကယ်တော့ မကောင်းပါဘူး၊ ကိုယ်တကယ်မချစ်တာ ကိုယ်သိနေတာပဲ၊ အဲဒီနေ့ကစပြီး ကိုယ်အဲဒီလို ဂိမ်းတွေ မဆော့ဘူးလို့ ဆုံးဖြတ်လိုက်ပြီ"

"အမြင်မှန်ရသွားတာပေါ့၊ စာနာတတ်သွားတာပေါ့ . . . ဟုတ်လား"

"ဟင့်အင်း . . တကယ့်အချစ်စစ်နဲ့ ခလုတ်ဝင်တိုက်မိသွားလို့"

သူမမျက်ဝန်းထဲကို စူးစိုက်ကြည့်၍ လေးလေးနက်နက်ပြောလိုက်သည်။ အမှောင်ထဲမှာမို့ သူမရှက်၍သွားသလားဆိုတာ သိပ်မကွဲပြားချေ။ တစ်ဖက်သို့ အနည်းငယ် စောင်းငဲ့သွားပြီးမှ သူ့ဘက်ပြန်လှည့်ကာ . . .

"ဟင်း . . ဟင်း . . နောက်ဆုံးတော့လည်း ရှင် ဂိမ်းတစ်ခု အသစ်တွေ့သွားလို့ပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



စိုးကိုအောင်က ခေါင်းသွက်သွက်ညိတ်ပြလိုက်သည်။ ပြီးမှ-

"မင်းပြောတာ မှန်ပါတယ်၊ ဒါ ကိုယ့်အတွက် အဲ . . ကိုယ့်ဘဝအတွက်ပါ နောက်ဆုံးဂိမ်းပဲ၊ ပြီးတော့ ကိုယ့်ရင်ထဲမှာ အမြဲတမ်း အသစ်ဖြစ်နေမယ့် အချစ်တစ်ခုကို ပိုင်ဆိုင်ချင်တာပါ၊ မင်းနားလည်ပါတယ်နော်"

"ရှင်က တော်တော်စကားတတ်တယ်"

"မင်းကလည်း ဒီလိုစကားပြောတတ်လာအောင် လုပ်တာပဲလေ"

နှစ်ယောက်စလုံး ပြုံးမိကြသည်။ စိုးကိုအောင်ကပဲစပြီး-

"မင်းနဲ့ အခုလိုပြန်တွေ့တာ ဝမ်းသာပါတယ်၊ ကိုယ့်နာမည် စိုးကိုအောင်ပါ"

"အံမယ်၊ တွေ့ရတာ ဝမ်းသာပါတယ်လည်း မဟုတ်ဘူး"

"အတူတူပဲ မဟုတ်ဘူးလား"

"မတူပါဘူး"

"ဒါဆို မင်းနာမည်က . . ."

"ယဉ်သွယ်၊ အာ . . ဘာလုပ်မလို့လဲ"

ရုတ်တရက် ပြောမိသွားသောကြောင့် သူမက ရှက်သံဝဲဝဲလေးနှင့် ဆိုသည်။ စိုးကိုအောင်ကလည်း လက်လွှတ်မခံချေ။

"ကောင်မလေးတစ်ယောက်ကို ကလပ်ထဲမှာ နာမည်သိပြီးရင် ဘာလုပ်လို့ရသေးလို့လဲ"

"ရှင်နော်"

"စတာပါဗျာ၊ ယဉ်သွယ်နဲ့ကိုယ် ခင်ချင်တယ်လို့ပဲ စပြောပါရစေ၊ လက်ခံမှာလား"

"ခင်ရုံလောက်ပဲဆိုရင်တော့ ရပါတယ်"

သူမ အနည်းငယ်ပျော့လာပြီဖြစ်ကြောင်း စိုးကိုအောင်





သဘောပေါက်လိုက်သည်။ ယဉ်သွယ်နှင့် စကားပြောနေရခြင်းဖြင့် အရာအားလုံးကို မေ့နေမိ၏။ သူမမျက်နှာလှလှလေးကို မက်မက်စက်စက်ကလေး ငေးကြည့်ကာ . . .

"ဒါကတော့ ယဉ်သွယ် ကန့်သတ်ထားတဲ့ သဘောအတိုင်းပါပဲ၊ သူငယ်ချင်းတွေ ဖြစ်ပြီဆိုတော့ ဖုန်းနံပါတ်ပေးပါ၊ ကိုယ်ဆက်ချင်တယ်"

"မပေးပါဘူး၊ အဲဒီလောက်လွယ်လား၊ ပြီးတော့ ရှင့်ဖုန်းနံပါတ်လည်း အတင်းလာမပေးနဲ့နော် . . .၊ မသိချင်ဘူး . . ."

စိုးကိုအောင် ဘူပိတ်သွားသည်။ ယဉ်သွယ်က တခစ်ခစ်ရယ်ပြီး . . .

"ရှင်က ကျွန်မနဲ့ တကယ်စကားပြောချင်လို့လား"

"ဒါပေါ့ . . ."

ယဉ်သွယ်က ခဏစဉ်းစားဟန်လေးနှင့် ငြိမ်သွားပြီးမှ . .

"အင်း . . ဒါဆိုရင် ဒီနေ့ကနေပြီး နောက်တစ်ပတ်တိတိမှာ လပြည့်ဝန်းဝလာဇာက Cafe Aroma မှာ မနက်ကိုးနာရီ တွေ့မယ်လေ၊ ဒါကလည်း ရှင်စကားပြောချင်တယ်ဆိုလို့နော်"

"ဟုတ်ပါပြီ ယဉ်သွယ်ရာ၊ ဒါပေမယ့် တစ်ပတ်ကြီးတောင်ဆိုတော့ . . ."

"ဟင့်အင်း . . အဲဒီနေ့မှ မဟုတ်ရင် တွေ့ဖို့တခြားအခွင့်အရေး လုံးဝမရှိဘူး"

စိုးကိုအောင်လည်း အမြန်သဘောတူလိုက်ရတော့သည်။

"ဟာ . . မဟုတ်ဘူး . . မဟုတ်ဘူး၊ အဲဒီနေ့ဆိုလည်း အဲဒီနေ့မှာတွေ့မယ်၊ စိတ်ကြီးပဲဗျာ . . ဟူး"

သူ့စကားအဆုံးမှာ ယဉ်သွယ်က ထရပ်လိုက်ရင်း . . .

"တဲ . . ဒါဆိုလည်း ပြီးရော၊ အခုတော့ ကျွန်မ သွားကလိုက်



www.burmeseclassic.com

www.burmeseclassic.com



ဦးမယ်"

"ဟာ . . ကိုယ်လည်း လိုက်မှာပေါ့"

ပြာဖန့်ဖန့် အလင်းစက်များအောက်တွင် မြူးကြွသော တီးလုံးနှင့်အတူ LA walk အကကို စည်းချက်ညီညီကနေသော အရိပ်ကလေးနှစ်ခု ထပ်တိုးလာပါသည်။ တစ်ချက်၊ တစ်ချက်မှာ အသားချင်းထိကပ်သွားတတ်ကြ၏။ အပေါ်ယံခံစားမှုက မပြောပလောက်သော်လည်း သူတို့ရင်ထဲမှာတော့ အပြန်အလှန် ဆွဲငင်နေကြလေပြီ။

ညဉ့်နက်လာ၏။ မည်သို့ပင်ဖြစ်စေ ဖြူစင်သော ချစ်ခြင်းတွေကို အမှောင်က မဝါးမြိုနိုင်ခဲ့ . . .။ အလင်းထဲတွင် ကညစ်နှင့်ရေးခြစ်ရမည့် အချစ်တစ်ခုအတွက် သူတို့က မနက်ဖြန်တွေကို မျှော်လင့်သည်။

ညသည် ဝိုးတဝါး တောက်ပနေလေသည်။

* * * *



(၇)

ညနေခင်းမှာ ဆည်းဆာတိမ်များ မပွင့်မီကပင် ဝါလွင်လှပနေပါသည်။ အလင်းဖန့်ဖန့်လေးရှိနေသော အချိန်ကာလထဲတွင် ...ကိုအောင်တို့ သူငယ်ချင်းတစ်စု အလိုက်သင့် မျောပါလျက်ရှိ၏။

သူငယ်ချင်းတွေလည်း အားလုံးလိုလို စုံနေကြပြီ။ အောင်နီဦးတစ်ယောက်သာ ရောက်မလာသေး။ အရမ်းတက်ကြွနေသော သူရက စကားစလာ၏။

"အောင်နီဦးကလည်းကွာ၊ နောက်ကျလိုက်တာ"

"လာမှာပေါ့ကွာ၊ မင်းကိုက အဖြစ်သည်းနေတာ"

"ဒါဆိုလည်း အစီအစဉ် စချင်စလေ"

"ဟုတ်တယ် . . စမယ်"

တစ်ယောက်တစ်ခွန်းနှင့် စကားသံများက ဆူညံသွားကြ၏။ ညနေခင်းပွဲလေးက သူရနှင့်လှမြတ်ဟန်တို့၏ သူငယ်ချင်းအဖြစ်မှ



www.burmeseclassic.com

www.burmeseclassic.com



စွန့်လွှတ်ခြင်း (သို့) ချစ်သူအဖြစ် လွှဲပြောင်းယူခြင်း အခမ်းအနားလေး ဖြစ်သည်။ ဒါကြောင့်လည်း သူရက ရှေ့ဆုံးမှ တက်ကြွနေတာဖြစ် သည်။ စားသောက်စရာမှာယူသံများနှင့် သူတို့ဝိုင်းလေးက ရုတ်ချည်း စည်ဝေသွား၏။ ထိုအချိန်ထိ အောင်နီဦးက ရောက်မလာသေးပေ။

စိုးကိုအောင်ကပဲ အခမ်းအနားမှူးအဖြစ် တာဝန်ယူလိုက်ပြီး (အခမ်းအနားမှူးများ၏ ထုံးစံအတိုင်း) မလိုအပ်ဘဲ ချောင်းဟန့်၍ အစီအစဉ်စတင်လိုက်ပါသည်။

"အဟမ်း . . အဟမ်း၊ ဒီနေ့ကတော့ သူရနဲ့လှမြတ်ဟန်တို့ရဲ့ ရည်းစားသက်တမ်း ဆယ်ရက်ပြည့်အခမ်းအနားပဲ ဖြစ်ပါတယ် ဟော့ကောင် . . သူရ . . ."

ရုတ်တရက် ဖြတ်ခေါ်လိုက်သဖြင့် သူရကြောင်သွား၏။

"ဟေ . . ဘာလဲ"

"ငါ ရှည်ရှည်ဝေးဝေး မပြောချင်ဘူးကွာ၊ ခုမင်းတို့ကို အသိ အမှတ်ပြုတဲ့အနေနဲ့ မင်းတို့နှစ်ယောက် တည်ခင်းဧည့်ခံတဲ့ စားစရာ တွေကိုစားမယ်၊ အခုချိန်ကစပြီးတော့ လှမြတ်ဟန်ကို မင်းဆီ ဝကွက် အပ်လိုက်ပြီ၊ လိုသလို သုံးပေတော့"

"ဟာ . . ."

"ဟဲ့ . . မသာ"

ကာယကံရှင်နှစ်ဦးဆီမှ ချက်ချင်းအသံတွေ ထွက်လာတော့ သည်။ တစ်ဝိုင်းလုံးကလည်း ဝိုင်းရီကုန်ကြ၏။

"ဟဲ့ . . လှမြတ်ဟန်၊ သူရကို နဖားကြိုးရအောင်ထိုးနော်"

မေလင်းစကားကြောင့် မြတ်မင်းလူက . . .

"ဟာ . . မေလင်းကလည်း အဲလိုမပြောပါနဲ့ဟာ၊ သူရက နွားမှမဟုတ်တာ၊ နင်ပြောတာက သူရကို နွားကြီးလို့ ပြောသလို သူရက လှမြတ်ချစ်လို့၊ သဝန်တိုလို့ ချုပ်ချယ်တာကို နွားတစ်ကောင် နဖားကြိုးထိုးခံရသလို ခံစားနေရပါဦးမယ်၊ သူရကို နွားနဲ့နှိုင်းစရာ မလိုပါဘူး၊ နွားမဟုတ်ဘဲနဲ့ တခြား . . ."

"ဟော့ကောင် . . မြတ်မင်းလူ . . ."

မျက်နှာကြီးရဲတွတ်နေသော သူရက ဒေါသဖြင့် လှမ်းအော် တော့သည်။ မြတ်မင်းလူမှာ ကြောင်တက်တက်နှင့် . . .

"ပြော . . ဘာလဲ . . ."

"ဘာလဲ မလုပ်နဲ့ တော်တော့၊ မင်းပြောမှပဲ ငါလည်း နွား လုံးလုံးဖြစ်နေပြီကွ"

"ဟေ . . ဖြစ်သွားလား၊ ဟဲ ဟဲ ဆောရီးကွာ"

"ဒါဆို လှမြတ်ဟန်က ချည်တိုင်ကြီးပေါ့"

"တော်ကြပါတော့ဟယ်၊ စားကြမယ် . . စားကြမယ်"

မေလင်းက သူမစသည့်စကားကို သူမဘာသာ အဆုံးသတ် လိုက်၏။ ထိုအချိန်မှာပဲ အောင်နီဦးက ဆိုင်ထဲဝင်လာရင်း . . .

"ဟာ . . ပွဲကစနေပြီလား၊ နေကြဦးလေကွာ"

"ခုမှရောက်လာပြီး နေဦးမလုပ်နဲ့၊ ထိုင်ချင်ရင် ငြိမ်ငြိမ်လေး ဝင်ထိုင် . . ."

မြတ်မင်းလူက ခပ်တည်တည်နှင့် ဟောက်ပစ်လိုက်ပါသည်။ စိုးကိုအောင်ကလည်း . . .

"နေစမ်းပါဦး၊ ဒီရက်တွေမှာ မင်းဘာဇယားတွေ ရှုပ်နေတာ လဲ၊ ဖုန်းလည်း ခေါ်လို့မရဘူး"

အောင်နီဦးက အရင်ဆုံး နားထင်မှချွေးကို လက်ခုံနှင့်သုတ် ကာ ကွမ်းတံတွေးလှမ်းထွေးလိုက်ပြီးမှ . . .

"မိုးကုတ်က ငါ့သူငယ်ချင်းဟုန်ဖေ ရောက်နေလို့ပါ၊ မင်းတို့ လည်းသိတာပဲ၊ မပြောချင်တော့ပါဘူးကွာ၊ အဲဒီကောင် ရှမ်းကုန်လာ ပြီး . . ."






www.burmeseclassic.com

www.burmeseclassic.com



"မငြောချင် မပြောနဲ့တော့၊ ငါ မင်းတို့ကို ပြောစရာရှိသေးတယ်၊ လူစုံအောင်စောင့်နေတာ ဟဲ ဟဲ"

စိုးကိုအောင်ကို အားလုံးက ဝိုင်းကြည့်လိုက်ကြသည်။ မြတ်မင်းလူက "စလာပြီ" ဟု မကြားတကြားရေရွတ်၏။ စိုးကိုအောင်က ဘာပြောပြော လုံးဝဂရုမစိုက်ဟန်ဖြင့် . . .

"မင်းတို့ကို ဟိုတစ်ခါ ငါပြောပြဖူးတယ်လေ၊ ငါတကယ်ချစ်မိသွားတဲ့ ကောင်မလေးဆိုတာ . . ."

"မင်းပဲ ဘယ်သူမှန်း ဘယ်ကမှန်း မသိဘူးဆို"

သူရဖြတ်ပြောလိုက်၍ စိုးကိုအောင်က ခေါင်းခါပြီး . . .

"နိုး . . . နိုး . . . နိုးပါ . . ၊ ခုသိသွားပြီကွ၊ ငါနဲ့ပြန်တွေ့ပြီးပြီ"

သူ့စကားအဆုံးမှာ မေးခွန်းတွေက တစ်လှေကြီးရောက်လာလေတော့သည်။

"ဘယ်မှာလဲ . . ."

"ဘယ်ကလဲ၊ ဘယ်မှာပြန်တွေ့တာလဲ"

"ရည်းစားငုတ်တုတ်ကြီးနဲ့ မဟုတ်လား"

တစ်ဝိုင်းလုံး ကြွက်ကြွက်ညံလို့သွား၏။ စိုးကိုအောင်က မျက်နှာကိုချိုကာ . . .

"ဟဲဟဲ . . အားလုံးစိတ်ဝင်စားသွားကြပြီ မဟုတ်လား၊ ပြောချင်လို့ လူစုံအောင်စောင့်နေတာ ပြောရုံမကဘူး ပြပါပြဦးမှာ"

"နင်နော် . . ပေါက်ကရ . . ."

"ပြောရင်လည်း ပြောစမ်းပါကွာ၊ ကြာတယ်"

တောင်းဆိုမှုများကြောင့် စိုးကိုအောင်က မျက်နှာထားကို ပြန်တည်လိုက်၏။

"သူ့နာမည်က . . အဲ ငါ့ကောင်မလေးနာမည်ပေါ့ကွာ၊ ယဉ်သွယ်တဲ့၊ ဘယ်လောက်လှထားသလဲ၊ လူနဲ့နာမည်နဲ့ ဟပ်နေတာပဲ"





"ဘယ်မှာနေတာလဲ"

"ဒါတော့ မသိဘူးလေ၊ လောလောဆယ် လိုမှမလိုတာ"

"ဒါနဲ့များ လာကြွားနေသေးတယ်ဟယ် . . ငပေါ"

လှမြတ်ဟန်က အရေးတယူမရှိတဲ့ ရှုတ်ချလိုက်၍ စိုးကိုအောင်က လက်ကိုင်ဖုန်းကိုထုတ်၍ ကလပ်ထဲမှာ သူမ,မသိအောင်ရိုက်ထားသည့် ဓါတ်ပုံအား ပြလိုက်ပါသည်။

"အေး . . အဲဒီ ငပေါရဲ့ ကောင်မလေးကိုကြည့်ဦး၊ နင်တို့ပါမိန်းကလေးချင်း မနာလိုဖြစ်သွားမယ် . . အဟဲ"

"ပြစမ်းပါဦး"

လှမြတ်ဟန်ဆီမှတဆင့် ဖုန်းလေးကို တစ်ယောက်တစ်လှည့်ယူကြည့်နေကြသည်။ ဘယ်သူကမှ မလှဟု စောဒကတက်သံမကြားရ။ စိုးကိုအောင် ကျေနပ်သွားသည်။ နောက်ဆုံး အောင်နီဦးလက်ထဲမှာ ကြာနေသောကြောင့် . . .

"ဟော့ကောင် . . ပြန်ပေးတော့၊ နှာဗူးကျမနေနဲ့"

အောင်နီဦးက ပြုံးစစနှင့် ဖုန်းပြန်ပေးရင်း . . .

"မဗူးပါဘူးကွာ၊ လှသားပဲ၊ မင်းကြိုက်မယ်ဆိုလည်း ကြိုက်ချင်စရာလေးပါ၊ ဒါနဲ့ မင်းသူနဲ့ပတ်သက်ပြီး ဘာတွေသိထားပြီလဲ၊ ဥပမာ . . ဘယ်ကလဲ၊ ဘာလုပ်လဲ၊ ရည်းစားရှိလား ဘာညာပေါ့"

"မလိုပါဘူးကွာ၊ သူနဲ့တောင် ငါချိန်းထားပြီးပြီ၊ အဲဒါ သူ့ဘက်က နောက်ကြောင်းကင်းရှင်းလို့ ဖြစ်မှာပေါ့၊ နောက်ဆုံး သူငယ်ချင်းလိုခင်ချင်ရင်တောင် ငါနဲ့ဘယ်ချိန်းမှာလဲ၊ ခုလာမယ့် ဆန်းဒေး (sunday) မနက်ကိုးနာရီ လပြည့်ဝန်းမှာ ငါတို့ချိန်းထားကြတယ်"

အောင်နီဦးက မျက်ခုံးကိုပင့်လိုက်သည်။ ကွမ်းယာမဲ့ပါးစလောင်းကြီးကို ဖျစ်ခနဲထွေးကာ အံ့သြဟန်ဖြင့် . . .

"ဟ . . တယ်ဟုတ်ပါလားကွ၊ မင်းကရော တကယ်ကြိုက်



www.burmeseclassic.com

www.burmeseclassic.com



လို့လား"

"ကြိုက်တာမဟုတ်ဘူးကွ၊ ချစ်တာ . . ချစ်တာ၊ ငါ သူ့ကို လုံးဝချစ်မိသွားတာ"

"ဒါဆို ဟိုအရင် မင်းဇာတ်လမ်းရှုပ်တာတွေ သိသွားရင် ဘယ်လိုလုပ်မလဲ"

"အေးဆေးပါ၊ ငါတော် အနည်းအကျဉ်း ပြောပြထား လိုက်သေးတယ်"

စိုးကိုအောင်က ယဉ်သွယ်နှင့် ပြောဆိုခဲ့သည့် စကားများကို ပါ ပြန်ပြောပြလိုက်သည်။ အားလုံးက သူ့ကိုအထူးအဆန်းသဖွယ် ဝိုင်းကြည့်နေကြ၏။

"ငါ သူ့ကို တကယ်ချစ်လို့ ပွင့်ပွင့်လင်းလင်း ပြောပြလိုက်တာ၊ ငါ ဘယ်သူ့ကိုမှ ရင်ခုန်သံစစ်စစ်နှင့် မချစ်ခဲ့ဖူးဘူး၊ အဲဒါကိုလည်း သူ့ကိုသိစေချင်တယ်"

ခံစားချက်အပြည့်နှင့် စိုးကိုအောင်က ရင်ဖွင့်နေပါသည်။ သူရက . . .

"မင်းအဆင်ပြေပါစေကွာ၊ တကယ်ပြောတာ"

"ဒါဆိုလည်း ဒီလူရှုပ်ကလေးကို ဂုဏ်ပြုလိုက်ကြစို့"

အောင်နီဦးစကားကြောင့် အားလုံး၏ အအေးဖန်ခွက်တွေက လေပေါ်မှာ ထိခတ်ကုန်ကြသည်။ သူတို့အားလုံး၏ ရင်ထဲတွင် အပျော်တွေနှင့် ပေါ့ပါးကြည်နူးနေကြသည်မှာလည်း အမှန်ပင်။

စိုးကိုအောင်က ခုမှသတိရဟန်ဖြင့် . . .

"ဒါနဲ့ နေစမ်းပါဦး၊ မိုးကုတ်က မင်းသူငယ်ချင်းက မပြန်သေး ဘူးလား၊ ခုနက မင်းပြောတာ စကားမဆုံးလိုက်ဘူး"

မြှောရင်း လှမ်းကြည့်လိုက်သော်လည်း အောင်နီဦးက အရေးမကြီးသည့် အထာမျိုးနှင့် ပြန်ပြောလိုက်၏။





"ဘာမှမဟုတ်ပါဘူးကွာ၊ ပြန်သွားပါပြီ၊ ဒီကောင်ရောက်နေ တာကြောင့် ငါမအားဘူးလို့ ပြောမလို့ပါ"

အောင်နီဦးစကားကို သိပ်ဘဝင်မကျသော်လည်း လတ်တ လောတွင် ကြည်နူးနေသောကြောင့် စိုးကိုအောင်က . . .

"ဒါဆိုလည်း ပြီးရောကွာ၊ ခု ဒီဝိုင်းကို ငါလည်း တဝက်ရှင်း မယ်၊ ငါနဲ့ယဉ်သွယ် ပြန်ဆုံတဲ့ အထိမ်းအမှတ်ပေါ့နော်"

စကားကို ဖြတ်လိုက်ပြီးမှ စိုးကိုအောင်အသံက ဆက်လက် ထွက်ပေါ်လာ၏။

"ယဉ်သွယ်ရေ မင်းဘက်ကတော့ ဘယ်လိုလဲ မသိဘူး၊ ကိုယ် ကတော့ ဒီမှာ မင်းနဲ့ပတ်သက်ပြီး စပေးဆပ်နေရပြီ"

အားလုံးဝိုင်းရယ်ကြတော့သည်။ ဆိုင်အပြင်ရှိ ကောင်းကင် ထောင့်ချိုးတစ်နေရာတွင် ဆည်းဆာက ခိုနားနေလေပြီ။ ပြာရီသော ညနေခင်းကို ဖြတ်ကျော်ရင်း နောင်မနက်ဖြန်များစွာအတွက် စိုးကို အောင်က ကြိုတင်ရင်ခုန်နေခဲ့မိပါသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## (၈)

တနင်္ဂနွေနေ့၊ မနက်ကိုးနာရီ . . .။

ပြာလွင်လွင်မိုးသားများနှင့် ရာသီဥတုသည် ကြည်လင်လျက်ရှိသည်။ အလင်းအား အနည်းငယ် ပြင်းလာသည်မှလွဲ၍ အပူချိန်က သိသိသာသာ မမြင့်သေး။ ရုံးပိတ်၊ ကျောင်းပိတ်ရက်ဖြစ်သောကြောင့်လည်း ရန်ကုန်မြို့လည်သည် ဒီအချိန်လောက်ဆို လူအတော်စည်ကားနေလေပြီ။

လေအေးပေးစက်တပ်ထားသဖြင့် အေးစိမ့်နေသည့် Cafe Aroma ဆိုင်လေးထဲတွင် ကိုးနာရီမထိုးခင်ကတည်းက ယဉ်သွယ်ရှိနေခဲ့သည်။ ကိုယ်က မိန်းကလေးဖြစ်ပြီး အရှက်မရှိ အစောကြီးရောက်နေခြင်း မဟုတ်ပါ။ သို့သော်လည်း ရောက်နှင့်နေခဲ့တာလည်း အမှန်ပဲဖြစ်၏။

တစ်ပတ်လုံးလုံး သူမက စိုးကိုအောင်အကြောင်းတွေကို





စုံစမ်းသိရှိခဲ့ပါသည်။ ယောက်ျားလေးတစ်ယောက်နှင့် ခဏတာ စကားပြောရုံနှင့် ဘာကြောင့်များ လက်ခံချိန်းဆိုလိုက်မိမှန်း သူမ စဉ်းစားမရပါ။ သူမကပင် တွေ့ရန်နေရာကို လပြည့်ဝန်းပလာဇာဆိုပြီး စတင်ချိန်းခဲ့သေးသည်။ ကိုယ့်စိတ်ကိုယ်လည်း အံ့ဩနေမိ၏။

ပြီးတော့ စိုးကိုအောင်က ရည်းစားတွေ ထည်လဲတွဲခဲ့သလောက် သူမအတွက်တော့ အချစ်ဆိုသည့် ဘာသာရပ်မှာ တစိမ်းဆန်လွန်းနေသည်။ တစ်ခါမှ မစူးစမ်းဖူးခဲ့။ မလေ့လာ၊ မသင်ယူဖူးခဲ့ပါ။ လာပတ်သက်သော ယောက်ျားများကိုလည်း လှလှပပ ငြင်းပယ်ပစ်ခဲ့သည်ချည်း။ သူမခေါင်းထဲမှာ အမြဲရှိနေသည့် အကြောင်းအရာတစ်ခုက အချိန်တန်လျှင် လူကြီးတွေစီစဉ်ထားသော ဦးအောင်ခိုင်နှင့် လက်ထပ်ရေးဖြစ်သည်။ ခေါင်းမညိတ်ရသေးပေမယ့် ခေါင်းလည်း မခါမိသေး . .။ လွန်ခဲ့သည့် ဆယ်ရက်လောက်အတွင်းကတော့ သူမစိတ်ထဲမှာ တစ်ချိန်တွင် ဦးအောင်ခိုင်ဆိုသော အရုပ်ပုပုဗိုက်ရွှဲရွှဲနှင့် လူအား လက်ထပ်ရမည်။ သူမလုံးဝမချစ်သော်လည်း ဒါဟာလက်တွေ့ဘဝပဲ ဖြစ်လေသည်။

အခုတော့ သူမစိတ်တွေ ဘာဖြစ်သွားသနည်း။ အချစ်ကို စမ်းသပ်ချင်နေတာလား။ စိုးကိုအောင်၏ ဂိမ်းတစ်ပွဲကို ဝင်ဆော့ရန် သဘောတူလိုက်တာလား။ ဟင့်အင်း . . စိုးကိုအောင်နှင့် ယှဉ်ပြိုင်ကစားရန် သူမလုံးဝလက်ခံမည် မဟုတ်ပေ။

ခက်လိုက်တာ . . .။

ဒါဆို ဘာဖြစ်လို့ သူမက ချိန်းဆိုလိုက်ရသေးလဲ။

သိပ်စဉ်းစားစရာမလိုပါ။ သူမရင်ခုန်သွားခြင်းကြောင့် ဖြစ်ပါသည်။

သူမရင်တွေ ခုန်နေသည်။ ဒီနေ့ တနင်္ဂနွေနေ့၊ ကိုးနာရီထိုးတော့မည်။ မျှော်လင့်ထားသလို အရာအားလုံး ဖြစ်လာပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com



သူမဝေခွဲမရစွာ လှိုက်မောနေမိသည်။

အဘယ်ကြောင့်ဆိုသော် သူမထိုင်နေသည့် ကော်ဖီဆိုင်လေးက (Cafe Aroma) ပင်ဖြစ်သော်လည်း စိုးကိုအောင်နှင့်ချိန်းထားသော လပြည့်ဝန်းပလာဇာမှ ဆိုင်မဟုတ်ဘဲ နေပြည်တော်ရုပ်ရှင်ရုံဘေးရှိဆိုင် ဖြစ်နေသည်။

တစ်ချိန်ထဲမှာ စိုးကိုအောင်လည်း ရင်တွေခုန်နေပါလိမ့်မည်။

သူမက နှုတ်ခမ်းထောင့်စွန်းလေးကို တွန့်ကွေးလိုက်၏။ ပြုံးလိုက်သည်လား၊ မဲ့လိုက်သည်လား သူမကိုယ့်ကိုယ်ကို သိပ်မသေချာလှ . . .။

အပြင်ကို လှမ်းအကြည့်မှာ အပြာရောင်မိုးသားများကြားတွင် ငှက်ကလေးတစ်ကောင် ပျံသန်းသွားတာ တွေ့လိုက်ရသည်။ ငှက်ကလေး ဘယ်ဆီကို ဦးတည်သွားပါလိမ့်။ ငြိမ်သက်သော ပတ်ဝန်းကျင်တွင် သူမသက်ပြင်းချသံတစ်ခုသာ လှိုက်မောစွာ တွန်းကန်ရွေ့လျားလျက် ရှိပါသည်။

* * * *



(၉)

နံနက်ခင်း နေခြည်နွေးနွေးက လပြည့်ဝန်းပလာဇာ (Cafe Aroma) ဆိုင်လေး၏ အပြင်ဘက်မှန်ချပ်များပေါ်မှာ ခိုနားနေကြသည်။ ရင်ခုန်ဖွယ်ရာကောင်းသော မနက်ခင်းတစ်ခုအဖြစ်ခံစားရင်း ဦးကိုအောင်တစ်ယောက် ငြိမ်သက်နေမိ၏။ ကိုးနာရီထိုးတွင် ယဉ်သွယ်နှင့်ချိန်းထားပေမယ့်လည်း မနက်ရှစ်နာရီမထိုးခင်ကပဲ သူဝိရိယကောင်းစွာ ရောက်နေခဲ့ခြင်းဖြစ်သည်။ ကော်ဖီတစ်ခွက်မှာ၍ သူက ယဉ်သွယ်နှင့် ပြောရမည့်စကားများကို စိတ်ကူးဖြင့် ကြိုတင်ရွေးချယ်နေမိတော့သည်။

တစ်ခါတည်း ချစ်တယ်လို့ တန်းပြောလိုက်ရင် ကောင်းမသား . .။ မဖြစ်သေးပါဘူး . .။ ဟိုက စိတ်ဆိုးသွားရင် ခက်ဦးမယ် . .။ ဒီထက်ပိုပြီး ခင်မင်မှုရအောင်လုပ်ရင်ရော . .။ ငါချစ်နေတာကိုတော့ သူမသိအောင် တစ်ခုခုလုပ်မှဖြစ်မယ် . .။ အင်း . .။



www.burmeseclassic.com

www.burmeseclassic.com



လူက ငြိမ်နေသော်လည်း အတွေးတွေက ဗလောင်ဆူနေ၏။ အရင်တုန်းကဆို သူဒီလောက် စဉ်းစားနေမည် မဟုတ်ပါ။ အဲ . . ယဉ်သွယ်မဟုတ်တဲ့ ကောင်မလေးဆိုရင်ပေါ့။ ခုကျမှပဲ အတိမ်းအစောင်းမခံရဲအောင် ဖြစ်နေမိသည်။ တွေးရင်းနှင့် ကလပ်မှာတွေ့ခဲ့သည့်ညက သူ့ကိုများ နောက်သွားသလားဟု စိုးရိမ်လာမိပြန်၏။ အဲဒီလိုဆိုရင်တော့ လုံးဝရှုံးပြီ။

နာရီကိုကြည့်လိုက်တော့ ကိုးနာရီထိုးတော့မည်။ စိုးကိုအောင် စိတ်လှုပ်ရှားစွာနှင့် ဆိုင်အဝင်ဝဆီ ငေးမျှော်ကြည့်နေမိ၏။ အောင်နိုဦးကို အဖော်ခေါ် လာခဲ့လျှင် အကောင်းသားဟု မဆီမဆိုင် တွေးမိပြန်သည်။

သူက လှုပ်ရှားနေသော စိတ်တို့ကို ငြိမ်အောင်စုစည်းလိုက်၏။ ကိုးနာရီထိုးပြီ။ စိုးကိုအောင်၏ ရင်ခုန်သံများမှာ ကော်ဖီဆိုင်အဝင်ပေါက်ဝလေးတွင် ပြန့်ကျဲနေတော့သည်။

ကိုးနာရီငါးမိနစ်။ ယဉ်သွယ်ရောက်မလာသေးပါ။ မိန်းကလေးတွေဆိုတာ ချိန်းလျှင်ဒီလိုပဲ အနည်းငယ်နောက်ကျ၍ လာတတ်သည်။ ဒါထုံးစံပါပဲ။ စိတ်ကို ထပ်လျှော့ချထားလိုက်၏။

ကိုးနာရီဆယ့်ငါးမိနစ်။ မြန်မာစံတော်ချိန် ကိုးနာရီဆယ့်ငါးမိနစ်အထိ သူမရောက်မလာသေး . .။ သူသံသယဝင်ချင်လာသည်။ မည်သို့ပင်ဖြစ်စေ၊ ဆက်စောင့်မည်ဟု ဆုံးဖြတ်လိုက်၏။ ရင်ထဲတွင်တော့ စိုးရွံ့စပြုနေပြီ။ သတိရချိန်မှာ သက်ပြင်းဘယ်နှစ်ခုချမိနေပြီ မသိတော့။

"ဒီက အကိုက ကိုစိုးကိုအောင်လား မသိဘူး"

"ဗျာ . . ."

ဝိတ်တာလေးတစ်ယောက်က သူ့ကိုထိုသို့လာမေးသဖြင့် စိုးကိုအောင် ရုတ်တရက် ကြောင်သွား၏။

"ဩော် . . ဒီက ကိုစိုးကိုအောင်လားလို့ မေးတာပါ ခင်ဗျ"





"ဟုတ် . . ဟုတ်ပါတယ်၊ ဘာကိစ္စလဲမသိဘူး၊ ပြီးတော့ ကျွန်တော့်နာမည်ကို . . ."

အံ့အားသင့်နေသော စိုးကိုအောင်အပြောကြောင့် ဝိတ်တာလေးက ပြုံးလိုက်သည်။ နောက် . . သူ့လက်ထဲက စာအိတ်အညိုကြီးကို လှမ်းပေးပြီး . . .

"ရော့အကို . .၊ ဒါက မယဉ်သွယ်ဆိုတဲ့ အစ်မက ပေးခိုင်းထားတာပါ။ သူက အကို့ပုံစံပြောပြထားခဲ့လို့ ကျွန်တော်က သေချာအောင်စောင့်ကြည့်နေရတာ . .၊ ဒီစာကို အကိုလာရင် ပေးလိုက်ပါလို့မှာသွားတယ်"

"ယဉ်သွယ်က . . ဟုတ်လား . . ."

အညိုရောင်စာအိတ်အထူကြီးကိုယူရင်း သူက တအံ့တဩ ပြန်မေးမိသည်။ ဝိတ်တာလေးက အပြုံးနှင့်ခေါင်းညိတ်ပြပြီး ပြန်ထွက်သွားတော့၏။ စာအိတ်ကို ကိုင်ထားရင်း စိုးကိုအောင်ခဏမျှ မင်သက်နေမိသေးသည်။

ဘာတွေလဲ . .။ ချိန်းထားတာကို ယဉ်သွယ်က မလာတော့ဘူးလား။ ဒီစာအိတ်ကြီးကရော ဘာသဘောလဲ။

စိတ်ရှုပ်ထွေးစွာဖြင့် စာအိတ်ကို သူဖွင့်ကြည့်လိုက်ပါသည်။ စာအိတ်ထဲကို နှိုက်ကြည့်သော ကဒ်ထူပြားတစ်ခုကို စမ်းမိသွား၏။ ဆွဲထုတ်ကြည့်လိုက်သောအခါ အလွယ်တကူ ချိတ်ဆွဲလို့ရသည့် ကဒ်ထူပြားတစ်ခု ဖြစ်နေသည်။ ကဒ်ထူပြားပေါ်မှာ စာတချို့ရေးထားတာတွေ့ရ၏။

"ဘယ်ကားကို စီးရမလဲ" တဲ့ . . .။

ဗုဒ္ဓေါ . .။ စာဖတ်ကြည့်ပြီး စိုးကိုအောင် နဖူးတိမ်တောင်ဖြစ်သွား၏။ ဒီစာတန်းရေးထားသည့် ကဒ်ပြားကြီးကို သူက ဘာလုပ်ရမည်နည်း။ ဘယ်ကားကို ဘယ်လိုစီးရမှန်းမသိအောင် ဖြစ်တာသား



www.burmeseclassic.com

www.burmeseclassic.com



လည်း မဟုတ်ပါ။ ဇဝေဇဝါနှင့် စာအိတ်ကြီးထဲသို့ သူထပ်နှိုက်ကြည့်လိုက်သည်။ စာရွက်ခေါက်ကလေးတစ်ခု ထပ်ထွက်လာပါသည်။ စာကိုဖွင့်ဖတ်ရင်း ရင်တွေအခုန်မြန်လာပြန်၏။

ကိုစိုးကိုအောင်

ရှင်နည်းနည်းတော့ အူကြောင်ကြောင် ဖြစ်သွားမှာပဲနော်။ ဒီစာကို ရှင်ဖတ်နေရတဲ့အချိန်မှာ ရှင်ကျွန်မကို တွေ့ချင်နေသလို ကျွန်မလည်း ရှင့်ကိုတွေ့ချင်နေတယ်ဆိုတာကို ဝန်ခံပါတယ်။ ဒါပေမဲ့ ကျွန်မက ရှင့်အတွက် အရမ်းရိုးစင်းလွယ်ကူတဲ့ မိန်းကလေးတစ်ယောက် မဖြစ်ချင်ဘူး။ ဒါကြောင့် ရှင်ကျွန်မနဲ့ တကယ်တွေ့ချင်တဲ့ဆန္ဒရှိရင် ဒီညနေလေးနာရီမထိုးခင် ကျွန်မညွှန်ကြားတဲ့နေရာမှာ လာတွေ့နိုင်ပါတယ်။ လေးနာရီအထိပဲ စောင့်မှာနော်။ တကယ်လို့များ လေးနာရီထိုးတဲ့အထိ ရှင်မရောက်သေးဘူးဆိုရင် ရှင့်ဘက်က တွေ့ချင်တဲ့ဆန္ဒမရှိဘူးလို့ပဲ သတ်မှတ်လိုက်တော့မယ်။ ကျွန်မဘက်ကလည်း ဒီအတိုင်းလို့ပဲ ရှင်သတ်မှတ်နိုင်ပါတယ်။

ရှင်ဆက်လုပ်ရမှာကိုတော့ အောက်မှာရေးထားတယ်။ လူတစ်ယောက်အနေနဲ့ တကယ်ဆန္ဒရှိရင် လုပ်နိုင်တဲ့ကိစ္စတွေပါ။ သိပ်မခက်ပါဘူး။

ရှင့်ကို လေးနာရီအထိ စောင့်နေမယ်
ယဉ်သွယ်

စာဖတ်ပြီး စိုးကိုအောင်ထူပူသွားသည်။ ယဉ်သွယ်ဘာဖြစ်လို့ ခုလိုလုပ်မှန်း နားမလည်တော့။ ယဉ်သွယ်က သူနှင့်ပတ်သက်ခဲ့သည့် မိန်းကလေးတွေကိုယ်စား ပြန်ကလဲ့စားချေပြီလား မသိချေ။ ဘာတွေလုပ်ရမှာလဲဟုတွေးရင်း စာကိုဆုံးအောင်ဆက်ဖတ်လိုက်ပါသည်။





စာတန်းကို လည်ပင်းမှာဆွဲ၍ နေပြည်တော်ရုပ်ရှင်ရုံရှေ့မှာ ဆယ့်ငါးမိနစ်လောက် ရပ်စောင့်ပါ။ ထူးခြားလာပါမယ်။

ဘုရား . . ဘုရား . . ။ သူ့ခမျာ မျက်လုံးများပင် ပြာဝေသွားတော့သည်။ ဒါကြီးကို လည်ပင်းမှာချိတ်ပြီး ဆယ့်ငါးမိနစ်တောင် မြို့လည်ခေါင်ကြီးမှာ ရပ်နေရမှာလား။ တွေးမိရုံနှင့် ဒူးပါညွတ်ကျချင်သွား၏။ ရှက်စိတ်နှင့် မျက်နှာတွေလည်း ထူအမ်းလာသည်။ မရှက်မကြောက်ရပ်နေရင် ဘာတွေဆက်ဖြစ်ဦးမှာလဲ။ သူ ဘာမှမသိရသေး။ အကယ်၍ မလုပ်ရဲခဲ့လျှင်တော့ ခုတည်းက ယဉ်သွယ်နှင့် ဇာတ်လမ်းပြတ်ပြီဆိုတာ သေချာနေသည်။ ကော်ဖီဆိုင်ထဲမှာ သူခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်နေတော့သည်။

ဖြတ်ခနဲ အတွေးဝင်လာပြီး အောင်နီဦးဆီ ဖုန်းလှမ်းခေါ်လိုက်၏။ အရေးထဲ ဒီလဒဖုန်းက လူကြီးမင်းနှင့် လာတိုးနေသေးသည်။ စိတ်မလျှော့ဘဲ ခဏစောင့်၍ ပြန်ခေါ်ကြည့်လိုက်၏။ လူကြီးမင်းကနေ ဧရိယာပြင်ပတင်မကဘဲ စက်ပါပိတ်သွားလေပြီ။ အောင်နီဦးဆိုသည့်ငနဲ ဘယ်သွားပြီး ဘာတွေလုပ်နေသနည်း။ စိုးကိုအောင်လည်း လေပူကြီးကို မှုတ်ထုတ်ကာ သူရအိမ်ဖုန်းကို ခေါ်ကြည့်သေးသည်။ အရေးထဲ ဒီမနက်ကျမှ သူရက အစ်မဝမ်းကွဲတစ်ယောက် ကလေးမီးဖွားဖို့ ကလေးဆေးရုံသို့ သွားလိုက်ပို့နေသည်ဟုဆို၏။ အရေးကြီးလျှင် သူ့ဆီဖုန်းပြန်ဆက်ပါဟု ပြောခဲ့ရုံမှတပါး စိုးကိုအောင် ဘာမှမတတ်နိုင်တော့ . . ။ အားအင်တွေ ကုန်ခမ်း၍ တစ်ကိုယ်လုံး နုန်းခွေသွားတော့သည်။

သူက စိတ်ဓါတ်မကျဘဲ သွေးအေးအေးနှင့် ခဏစဉ်းစားလိုက်မိ၏။ ဒါ သူ့ကို ယဉ်သွယ်က စိတ်စမ်းနေခြင်းပဲ ဖြစ်ရမည်။ သူမ,မဟုတ်ဘဲ တခြားကောင်မလေးတစ်ယောက်ဆိုလျှင် စိုးကိုအောင်တို့ လေချွန်၍ အိမ်ပြန်သွားပေလိမ့်မည်။ ခုတော့ မဖြစ်သေး။ ယဉ်သွယ်ကို သူချစ်မိနေခဲ့ပြီ။ တကယ်လို့များ စွန့်စားရဲခဲ့ပါက ယဉ်သွယ်



www.burmeseclassic.com

www.burmeseclassic.com



ဘက်ကလည်း သူ့အတွက် ဆုတစ်ခုခု ရှိကိုရှိလိမ့်မည်ဟု တွက်ဆလိုက်၏။ မဟုတ်ပါက ဘာ့ကြောင့်ဒီလို ပဟေဠိတွေ လုပ်ခိုင်းနေမည်နည်း။ သူမဘက်ကလည်း တွေ့ချင်ပါသည်ဟု စာထဲမှာ ဝန်ခံထားပြီးပြီ။ ဒါဆို သူလည်း စာထဲက ညွှန်ကြားသမျှကို လိုက်လုပ်ရုံသာ ရှိတော့သည်။

ဆုံးဖြတ်ချက်တစ်ခုကို ပိုင်နိုင်စွာချ၍ သူက ဆိုင်မှထထွက်လိုက်သည်။ ဒီအချိန်မှာ တွေဝေနေလို့ မဖြစ်တော့။ နာရီကြည့်လိုက်တော့ အချိန်က ဆယ်နာရီထိုးတော့မည်။ လပြည့်ဝန်းပလာဇာပေါ်မှ ဆင်းကာ သမ္မတရုပ်ရှင်ရုံရှေ့မှာ ဘတ်စ်ကားတက်စီးလာခဲ့၏။ သူ့စိတ်ထဲတွင် ယဉ်သွယ်ပြောသည့်အတိုင်း လုပ်ရန်မှလွဲပြီး ဘာမှမသိတော့ပါ။

စိုးကိုအောင်၏ ခြေလှမ်းများမှာ လေးတိလေးကန်မဟုတ်ဘဲ လန်းဆန်းတက်ကြွနေ၏။ သူ့အချစ်ကို စမ်းလိုသော စိတ်ဝင်စားဖွယ်ရာ ကစားနည်းတစ်ခုက အသင့်စောင့်နေပြီ မဟုတ်ပါလား။

တကယ်တော့ သူသည် အသစ်တစ်ခုခုကို အမြဲတမ်းတနေသော နှစ်ဆယ့်တစ်ရာစုမှ သာမန်လူငယ်လေးတစ်ဦးသာ ဖြစ်ပါသည်။

* * * *



## (၁၀)

နေပြည်တော်အဆင့်မြင့်ရုပ်ရှင်ရုံသည် လူစည်ကားရာ မြို့လည်ခေါင်တွင် တည်ရှိသည့်အပြင် တနင်္ဂနွေလို အားလပ်ရက်ဖြစ်သောကြောင့်လည်း ရုပ်ရှင်ရုံအနီးတဝိုက်၌ လူများရှုပ်ရှက်ခတ်လျက်ရှိ၏။ ရုပ်ရှင်ရုံရှေ့မှ မြင်ကွင်းများကိုကြည့်ပြီး စိုးကိုအောင်တစ်ယောက် ဇောချွေးတွေပြန်လာသည်။ မိမိအရှက်မရှိ ရပ်နေရမည့်နေရာက ဒီနေရာကြီးပါလားဟုတွေးကာ အညိုရောင်စာအိတ်ကြီးထဲမှ ကဒ်ပြားကိုဆွဲထုတ်လိုက်၊ ပြန်သွင်းလိုက် လုပ်နေမိသေး၏။ ရုပ်ရှင်ပထမဆုံးပွဲစဉ်အချိန်သည် ဆယ်နာရီခွဲဖြစ်သဖြင့် ပတ်ဝန်းကျင်မှာ လူတွေက လှုပ်ရှားဆူညံနေကြပြီ။ ဒီနေရာအထိရောက်လာပြီးမှ ဘာမှတွေဝေစရာ အကြောင်းမရှိတော့။ စိုးကိုအောင်သည် ရုပ်ရှင်ရုံရှေ့ရှိ ပလက်ဖောင်းကျွန်းလေးပေါ်မှာ စိတ်ကိုဒုံးဒုံးချ၍ ရပ်လိုက်ပါသည်။

အညိုရောင်စာအိတ်ကြီးထဲမှ ကဒ်ပြားကိုဆွဲထုတ်ရင်း သူ



www.burmeseclassic.com

www.burmeseclassic.com



အကြံတစ်ခုရသွား၏။ အရှက်ဆိုတာ မျက်စိကသာ ရှက်ခြင်းဖြစ်သည်။ ဒီမနက်လည်း နေ့လည်ခင်းနေပူမှာပဲဟုတွေးမိ၍ မျက်မှန်ယူလာခဲ့သည်။ ခုတော့ နေရာက ကျလေပြီ။ A-O (American-optical) မျက်မှန်ကို ကျကျနနတပ်လိုက်ပြီး "ဘယ်ကားကို စီးရ မလဲ" စာတန်းပါ ကဒ်ထူပြားကြီးအား သူ့လည်ပင်းမှာ ချိတ်ဆွဲလိုက်၏။ တစ်ခါထဲ မျက်နှာထားကိုလည်း တည်ထားရသေးသည်။

သိပ်မကြာလှပါ။ ထင်သည့်အတိုင်း ဒုက္ခက စလာပါတော့သည်။

"ဟယ် . . ဘယ်ကားကို စီးရမလဲတဲ့။ ခစ် . . ခစ်။ ဘာကြီးလဲဟ . . ."

"ဟုတ်ပ . . မျက်မှန်အနက်ကြီးနဲ့ဆိုတော့ မျက်မမြင်ဒုက္ခိတလေး ထင်ပါတယ်။ မထင်ရဘူးနော် . . အဟိ . . ."

"ဟဲ့ . . နင်လိုက်ပို့လိုက်ပါလား"

"ဘယ်ကိုပို့ရမှာလဲ၊ မျက်မမြင်ကျောင်းလား"

"ခစ် . . ခစ် . . ခစ် . . ခစ် . ."

ရှေ့တွင် မသိမသာရပ်ရင်း ပြောနေသော ခေတ်ပေါ်ကောင်မလေးများဆီမှ အသံတချို့ကြောင့် စိုးကိုအောင်လည်း ထူပူလာသည်။ မိမိကို ဒုက္ခိတမဟုတ်မှန်းသိ၍ တမင်နောက်နေကြခြင်း ဖြစ်သည်။ သူ့ပုံစံက ယဉ်သွယ်နှင့် တွေ့ရမယ်ဆိုပြီး အောက်က (501) Levi's ဂျင်းဘောင်းဘီနှင့် Dr. Martin ဖိနပ်ကြီးကို တွဲဝတ်လာခဲ့၏။ ဝတ်ထားသော အပေါ်အင်္ကျီကလည်း အကောင်းစားမှန်း သိသာလှသည်။ သန့်ပြန့်သည့် ရုပ်ရည်မှာ ကေအပုံစားနှင့် AO မျက်မှန်တပ်ထားသော သူ့ကိုဘယ်သူက အကန်းလို့ထင်မည်နည်း။ စိုးကိုအောင်အဖြစ်က မြို့လည်ခေါင်လာပြီး တစ်ယောက်ထဲ မျက်နှာပြောင်သလို ဖြစ်နေတော့သည်။





တချို့ယောက်ျားလေးများကလည်း မကြားတကြားနှင့် . .

"ဘယ်ကားစီးရမှန်း မသိရင်လည်း ဦးကျော်သူဆီ ဖုန်းဆက်လိုက်ဗျို့"

"ငကြောင်နဲ့ တူပါတယ်ကွာ"

တဖြေးဖြေးနှင့် နေရထိုင်ရတာ ဘယ်လိုမှန်းမသိဖြစ်လာသည်။ နာရီကြည့်တော့လည်း ရပ်နေတာက ငါးမိနစ်မျှသာ ရှိသေး၏။ နောက်ထပ် လက်ကျန်ဆယ်မိနစ်ကို ဘယ်လိုကျော်ဖြတ်ရမှန်း မသိတော့ချေ။ ထိုအခိုက်မှာပဲ ဒုက္ခကလှလှကြီး ရောက်ချလာပါတော့သည်။

"ဟေ့ . . ဘယ်သွားချင်လို့လဲ၊ တို့လိုက်ပို့ပေးမယ်လေ"

လက်မောင်းကိုလာဆွဲပြီး မေးလာသောကြောင့် ရုတ်တရက် စိုးကိုအောင်လန့်သွားသည်။ ဆံပင်အရှည်ကြီးနှင့် နှုတ်ခမ်းနီပါးနီကို ရဲရဲနီအောင်ဆိုးထားသော အခြောက်မ ဝတုတ်တုတ်ကြီးတစ်ယောက် . .။ လာကိုင်သော အထိအတွေ့နှင့် ခွဲပျစ်မှုန္ဒဲ့နေသည့် အသံတို့ကြောင့် စိုးကိုအောင်လည်း ကြက်သီးဖြန်းဖြန်းထသွားရှာသည်။

အခြောက်မကြီး၏လက်ကို သူက အမြန်ဆွဲဖယ်လိုက်ရင်း-

"ဟာ . . ဘာတွေလာပြောနေတာလဲ၊ သွားစမ်းပါဗျာ"

ဒါကိုပင် ဒင်းက မသွားသေးဘဲ မျက်လုံးလေးထောင့်ကပ်ကာ ကြာပါပါကြည့်ပြီး . . .

"ဘာလုပ်ရမှာလဲလို့၊ ဒီက သူငယ် အဲလေ . . ဒီက မောင်လေးက မျက်စိမမြင်လို့ ဘယ်သွားရမှန်းမသိဖြစ်နေတာ မဟုတ်လား၊ တို့နဲ့လိုက်ခဲ့လေ၊ ပြုစုပေး အဲ . . လိုက်ပို့ပေးမှာပေါ့"

"ဟာ . . ဟာ . . သွားပါဗျာ၊ ကျွန်တော်မြင်ပါတယ်၊ ကိစ္စရှိလို့ ရပ်နေတာဗျာ"

"ဟင် . . မြင်တယ် ဟုတ်လား၊ ဒါဆို ဒီမှာ ဘယ်နှစ်ချောင်းလဲ ပြောစမ်း . . ပြောစမ်း"



www.burmeseclassic.com

www.burmeseclassic.com



အရေးထဲ ရှေ့မှာကန့်ကလျှနှင့် လက်ညှိုးတထောင်ထောင် လုပ်ပြနေသောကြောင့် စိုးကိုအောင်စိတ်မရှည်တော့ဘဲ ပိတ်အော်ပစ်လိုက်မိသည်။

"ဟေ့လူ . . ဝေးဝေးသွားပါဗျာ၊ ခင်ဗျား အရှက်မရှိတိုင်း လာပြောမနေနဲ့၊ ဒိုးတော့ . . ."

သူ့စကားကြောင့် အခြောက်မက ဒေါသအမျက်ချောင်းချောင်းထွက်သွားဟန်ဖြင့် . . .

"အောင်မာ . . အောင်မာ . . သူကများတပြန် အရှက်မရှိဘူးလေး ဘာလေးနဲ့၊ ဒီမှာ . . မြဲမြဲမှတ်ထား၊ ဒီဆူးလေတစ်ဝိုက်မှာ မာမီတိုးဆိုတဲ့ တိုးနှောင်မိုးကို လူတိုင်းသိတယ်ဟေ့၊ နင် နှင်စရာမလိုဘူး၊ မာနရှိတယ်၊ ကိုယ့်ဟာနဲ့ကိုယ် သွားပြီးသား"

"သွားပါ . . သွားပါ၊ ရှိကြီးခိုးပါတယ်ဗျာ"

ခုမှပဲ အခြောက်မတိုးနှောင်မိုးလည်း ကော့လန်ကော့လန်နှင့် သူ့ရှေ့မှ ထွက်သွားပါတော့သည်။ ထိုအဖြစ်အပျက်ကြောင့်လည်း ဘေးပတ်ဝန်းကျင်မှ လူများက သူ့ကို ပြုံးစိပြုံးစိလုပ်သွားကြ၏။ ခုထိလည်း ရပ်နေရတာ ဘာမှအကြောင်းထူးမလာသေးပေ။ မျက်နှာပြောင်ပြီးတော့ ဆက်ရပ်နေရမှာလည်း အီလည်လည်ကြီးဖြစ်လာ၏။

"ဒီမှာ . . ညီလေး၊ ဘာအကူအညီများလိုလဲ မသိဘူး"

"ဗျာ . . ."

"ဩော် . . ဒီလိုပါ၊ အကိုက ကျောက်တံတားရဲစခန်းက ဒုတပ်ကြပ်ဝင်းလွင်ဦးပါ၊ အခု အကို့ဂျူတီတော့ မဟုတ်ဘူး၊ ကိုယ် ဟိုကနေကြည့်နေတာ၊ ညီလေး ဘာများအကူအညီလိုလို့လဲ ပြောပါ၊ ကိုယ် ကူညီပါ့မယ်"

"ကူညီပါရစေ" လာသော်လည်း သူ့မှာ ဝမ်းမသာနိုင်ချေ။ ကိုယ့်တိစ္ဆတိုက ဘာကြီးမှန်းမသိသေးတာ . . .။ အားနာနာနှင့်ပဲ





ဒုတပ်ကြပ်ဝင်းလွင်ဦးကို အကျိုးအကြောင်းပြောပြကာ တောင်းပန်ရတော့သည်။

ထိုဒုတပ်ကြပ်ဝင်းလွင်ဦးဆိုသူကပဲ . . .

"မင်းတို့ ခေတ်လူငယ်တွေကလည်း ထွင်လိုက်တာကွာ၊ ကဲ ညီလေး . . ဒီအတိုင်း အကြာကြီးရပ်နေလို့တော့ မကောင်းဘူး၊ သိပ်မကြာစေနဲ့နော်၊ ကိုယ်လည်း ဟိုဘက်နားက ကြည့်နေမယ် . .၊ ဟုတ်လား . . ."

"ဟာ . . အကိုရယ်၊ ကျွန်တော် မဟုတ်တာ မလုပ်ပါဘူး"

"ဟုတ်ပါတယ်၊ ညီလေးကို အကိုယုံပါတယ်၊ ဒါပေမယ့် ဒီလို စာတန်းတွေနဲ့ဆိုရင် သိပ်မကောင်းဘူးလားလို့၊ သူများတွေက ညီလေးကို တစ်မျိုးတစ်မည်ထင်ကုန်ရင် ခက်မယ်"

စိုးကိုအောင်က ခေါင်းအမြန်ညိတ်ပြရင်း . . .

"ဟုတ်ကဲ့ . . အကို၊ နောက်ထပ် ငါးမိနစ်လောက်ပါပဲ၊ ခဏလေးပါ"

ဒုတပ်ကြပ်ဝင်းလွင်ဦးက သူ့ကိုကြည့်၍ ခေါင်းတစ်ချက်ညိတ်ပြပြီး ခပ်လှမ်းလှမ်းမှာ ရပ်စောင့်နေသည်။ စိုးကိုအောင်လည်း တော်တော်စိတ်ဓါတ်ကျသွား၏။ လူတွေကလည်း ထင်သလို စနောက်သွားကြပြီ။ အခြောက်မ မာမီတိုးကလည်း ပြောဆိုရန်တွေ့သွားပြီ။ ခုလည်း ရဲသားဝင်းလွင်ဦး၏ မသင်္ကာအဖြစ်ခံရပြန်ပြီ။ ဆယ့်ငါးမိနစ်ပြည့်ရင် ပြန်တော့မည်ဟု သူဆုံးဖြတ်လိုက်၏။ ယဉ်သွယ်ပေးသော ဒုက္ခကို မခံစားနိုင်တော့ပါ။

ထိုအချိန်မှာပဲ . . .

"အကိုကြီးရော၊ အစ်မတစ်ယောက်က ဒါလေးပေးခိုင်းလို့"

လှည့်ကြည့်လိုက်တော့ အသက်ဆယ်နှစ်ခန့် ကုလားလေး တစ်ယောက်။ လက်ထဲမှာလည်း စာအိတ်ကလေးတစ်ခု . .။ သူက



www.burmeseclassic.com

www.burmeseclassic.com



အမြန်ဆွဲယူပြီး စာကိုဖွင့်ဖတ်လိုက်သည်။

ရှင့်ကိုချီးကျူးပါတယ်။ ဆူးလေ-အင်းစိန်ဆွဲတဲ့ (၄၅) ဘတ်စ်ကားပေါ်မှာ ဂဏန်းအက္ခရာတစ်လုံးရှာလိုက်ပါဦး။ ဂဏန်းကို သိသာထင်ရှားအောင် လုပ်ပေးထားပါတယ်။ ပြီးရင် ဒီစာအိတ်ပေါ်မှာ အဲဒီဂဏန်းကိုရေးပြီး သုံးဆယ့်ခြောက်လမ်းအပေါ်ထိပ်က သံမဏိမြို့တော်ကွမ်းယာဆိုင်ကို သွားပေးရုံပါပဲ၊ ရှင့်ကို အဲဒီဆိုင်က Massage တစ်ခုခုပြန်ပေးလိမ့်မယ်။ ပြီးရင် ရှေ့ဆက်လို့ရပါပြီ။ အချိန်တွေက တန်ဖိုးရှိတယ်နော် . . .။

ယဉ်သွယ်

စာဖတ်ပြီးတော့ သူနည်းနည်းလေး သဘောပေါက်စပြုလာသည်။ ယဉ်သွယ်သည် သူ့ကို ပဟေဠိတွေနှင့် ဦးနှောက်စားနေခြင်းဖြစ်၏။ စိတ်ထဲတွင်လည်း ပျော်သလိုလို ဖြစ်လာမိသည်။ ခုတော့ သူအဆင့်တစ်ကို ကျော်ဖြတ်ပြီးသွားပြီ။ နောက်တဆင့်ကို သိပ်မကြောက်တော့။ ထပ်ပြီး ဘာတွေကြုံလာရဦးမှာလဲဆိုတာ လုံးဝမသိသေး။ သူက နာရီကိုကြည့်ပြီး (၄၅) ဘတ်စ်ကားဂိတ်ကို အမြန်ဆုံးပြေးသွားလိုက်ပါသည်။

မြို့တော်ခန်းမဘေးရှိ (၄၅) ကားဂိတ်မှာ ရပ်ထားသည့် ကားတစ်စီးမှ မရှိပါ။ စိုးကိုအောင်တစ်ယောက် အမောဆို့သွား၏။

အချိန်က ဆယ့်တစ်နာရီထိုးတော့မည်။

* * * *



## (၁၁)

စိုးကိုအောင်က ကားမှတ်တိုင်မှာရပ်နေသော လူတစ်ယောက်ကို အမြန်မေးလိုက်မိသည်။

"အကို . . ကားထွက်သွားတာကြာပြီလား"

ထိုလူက အူကြောင်ကြောင်နှင့် ပြန်ကြည့်ပြီး . . .

"ခုမှ ထွက်သွားတာ၊ ဟိုမှာလေ ကြပ်ညပ်နေတာပဲ၊ တက်လို့တောင် မရဘူး၊ ကားကလည်း အရမ်းပြွတ်တာ"

ဆူးလေလမ်းမကြီးပေါ် ချိုးကွေ့နေသော ကားတစ်စီးကို လက်ညှိုးထိုးပြသည်။ စိုးကိုအောင် ဘာမှမစဉ်းစားဘဲ ပြေးသွားလိုက်၏။

"ဟေ့လူ . . ဟေ့လူ . . ."

နောက်က လှမ်းခေါ်လိုက်သောအသံကို စိတ်မဝင်စားနိုင်တော့။

"ကားခဏရပ်ပါဦးဗျာ . . ရပ်ပါဦး၊ လိုက်ချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ကားက ကွေ့နေရာမှ ယာဉ်နောက်လိုက်က ခေါင်းပြူကြည့်ကာ . . .

"ဒီမှာရပ်လို့ မရဘူးဗျ၊ ဟိုမှာတွေ့လား . . ရဲဖမ်းလိမ့်မယ်၊ လိုက်ချင်ရင် လမ်းသုံးဆယ်မှတ်တိုင်ကိုလာခဲ့ . . ."

ယာဉ်နောက်လိုက်က ပြီးစလွယ်ပြောသွားသည်။ စိုးကိုအောင် ဘာလုပ်ရမှန်းမသိတော့။ နောက်တစ်စီးကလည်း ဂိတ်ကိုလာရန် အရိပ်အယောင်ပင် မမြင်ရသေး။ သူ့မှာ လုပ်စရာတစ်ခုပဲ ရှိတော့သည်။

လမ်းသုံးဆယ်ထိပ်က ကားမှတ်တိုင်ဆီ အမြန်ပြေးသွားတာ အကောင်းဆုံး ဖြစ်လိမ့်မည်။

လမ်းဘေးပလက်ဖောင်းအတိုင်း သူအမြန်ပြေးလာခဲ့၏။ အရေးထဲ မီးပွိုင့်ကလွတ်နေ၍ စောင့်ရသေးသည်။ မီးပွိုင့်ကို မီးနီအောင်စောင့်ပြီး လမ်းသုံးဆယ်ထိပ်ကို ဖြတ်ပြေးလိုက်ပြန်၏။

"ကျွိ . . ."

"ဟော့ကောင် . . သေသွားချင်လား"

ကားတစ်စီးနှင့် တိုက်မိမလို ဖြစ်သွားခြင်းပင်။ စိုးကိုအောင်မှာ ကားကို လှည့်မကြည့်နိုင်အား။ ထို့နောက် မှတ်တိုင်မှ ဘီးစတင်လိမ့်နေသည့် (၄၅) ကားပေါ် သူဝရုန်းသုန်းကား ပြေးတက်လိုက်ပါတော့သည်။

ကားပေါ်ရောက်ရောက်ချင်း ခဏအမောဖြေလိုက်သေး၏။ ယာဉ်နောက်လိုက်က သူပြောသလို တကယ်ပြေးလိုက်လာသော စိုးကိုအောင်ကို အထူးအဆန်း သတ္တဝါကဲ့သို့ ကြောင်ပြီးကြည့်နေပါသည်။

ဘယ်ကနေ ဘာကိုစရှာရမှန်း မသိသေးခြင်းကြောင့် ကားခနှစ်ရာကို သူက အရင်ကြိုပေးထားလိုက်ရ၏။ ကိုယ်က ဒီကားပေါ်မှာ မည်မျှကြာဦးမည် မသိချေ။ လူတွေပြည့်သိပ်နေသော ကားအတွင်းပိုင်းကိုကြည့်၍ အသက်ကိုဝအောင် အရင်ရှူလိုက်သည်။ ပြီးနောက်တွင်တော့ စိုးကိုအောင်တစ်ယောက် လူတွေကြားထဲသို့ ဖယ်တိုးဝေ





စ,တိုးပါတော့သည်။

ကားအတွင်းပိုင်းကို အားယူတိုးရင်း ဘယ်မှာများ ဂဏန်းတစ်လုံးရေးထားသလဲဟု လိုက်ရှာကြည့်မိသည်။ လက်ထဲမှာလည်း စာအိတ်ကြီးတစ်ခုက ကန့်လန့်ကန့်လန့်နှင့်မို့ သိပ်မစားသာလှ။ မထူးတော့ပြီ။ ဒီအတိုင်းပဲတိုးရင်းနှင့် သိသာထင်ရှားအောင် လုပ်ပေးထားသည်ဆိုသော ဂဏန်းတစ်လုံးကို လိုက်ရှာရ၏။

ယာဉ်နောက်လိုက်က မတိုးခိုင်းဘဲ တာဝန်သိလုပ်သားပြည်သူတစ်ယောက်လို လူတွေကြားသို့ အတင်းအားဓမ္မ တိုးဝင်လာသောကြောင့် သိပ်မကြာခင် အသံတွေ ထွက်လာပါတော့သည်။

"ဟာ . . ဟာ . . ဘယ်လိုဖြစ်နေတာလဲ၊ အတင်းမတိုးနဲ့လေ"

"အရေးကြီးလို့ပါဗျာ၊ ခဏလေး . . ခဏလေး . . ."

ပြောရင်းနှင့် သူက လူတွေကြားထဲတိုးဝှေ့ပြီး ကားဘေးနံရံတွေကို ပြူးပြဲကြည့်ပြန်သည်။ ဘာမှထူးခြားတာ မတွေ့ရ။ ခေါင်းထဲက မူးနောက်နောက်ပင် ဖြစ်လာ၏။ ဒါဆို ထိုင်ခုံနောက်ကျောတွေမှာများ ရေးထားမှာလား။ စိုးကိုအောင်က ဘေးခုံတန်းများဘက်သို့ ထပ်တိုးလိုက်၏။

"ဟဲ့ . . ဟဲ့ . . အမလေး၊ ငါ့တင်ပါးကို ဘာကြီးနဲ့ လာထိုးနေတာလဲ"

အဒေါ်ကြီးတစ်ယောက်၏ အသံကြောင့် စိုးကိုအောင်လည်း မျက်လုံးပြူးသွား၏။ စာအိတ်ညိုညိုကြီးက ထိုအဒေါ်ကြီး၏တင်ပါးကို သွားထိုးမိခြင်းပဲ ဖြစ်ရမည်။ ကပျာကယာနှင့် သူတောင်းပန်ရတော့သည်။

"ကန်တော့ . . ကန်တော့ပါ အဒေါ် . . ၊ ကျွန်တော့်ဟာနဲ့ မတော်တဆ ထိုးမိတာပါ"

"ဘာပြောတယ်"

"ဟာ . . မဟုတ်ဘူး၊ ဒီလိုပါ၊ ကျွန်တော့်ဟာဆိုတာ ဒီစာအိတ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးပါ . . အဟဲ"

အဒေါ်ကြီးက မကြည်မလင်ဟန်ဖြင့် (အသက်အရွယ်ကိုမှ အားမနာဘဲ) . . .

"စာအိတ်ဆိုလည်း ပြီးရော၊ ကားပေါ်မှာလည်း အခွင့်အရေးသမားတွေ များလွန်းလို့ပေါ့၊ ဒါနဲ့ နင်က ဘာဖြစ်လို့ အတင်းတိုးနေတာလဲ"

"ကျွန်တော် . . ကျွန်တော် ဂဏန်းလိုက်ရှာနေတာပါ၊ ခဏလေးပါ . . အဒေါ် . ."

"ဘာ . . ဂဏန်းဟုတ်လား၊ ဟဲ့ . . ဂဏန်းလိုချင်ရင် စံပြငါးဈေးဘက်ကိုသွားတဲ့ ကားကိုစီးလေ၊ ဒီအင်းစိန်ကားပေါ်မှာ ဘယ်လိုလုပ် ဂဏန်းပါမှာလဲ"

စိုးကိုအောင်မှာ စိတ်ညစ်ညစ်နှင့် ပြန်အော်ပြောလိုက်တော့၏။

"ဒုက္ခပါပဲဗျာ၊ ဂဏန်းဆိုတာ အကောင်ဂဏန်း မဟုတ်ဘူးဗျာ၊ ဟို အက္ခရာဂဏန်းကို ပြောတာဗျ"

လူတော်တော်များများက စိုးကိုအောင်ကို ဝိုင်းခနဲလှည့်ကြည့်လိုက်ကြ၏။ ခုနက အဒေါ်ကြီးမှာ အားရဝမ်းသာနှင့် . . .

"အိပ်မက်မက်လို့ ထင်တယ်၊ ဟဲ့ . . မနက်ပိုင်း ဂဏန်းလားညနေပိုင်းလား . . ."

"ဟော . . ဘာတဲ့လဲ"

"ပေးခဲ့ဦးဟေ့ . . ."

"တို့က လောဘမကြီးဘူး၊ တစ်လုံးလောက် အပိုင်သိရရင်ကျေနပ်ပြီ"

အဒေါ်ကြီးနှင့် နောက်ဆက်တွဲထွက်လာသော အသံဗလံများကြောင့် သူစိတ်လက်ကုန်ခမ်းသွားသည်။ ချက်ချင်းပဲ သူ့ခေါင်းထဲမှာ အကြံတစ်ခုရသွား၏။





"ဟုတ်တယ်ဗျာ . . ဟုတ်တယ်၊ ခဏလေး တိမ်းပေးကြပါ၊ ကျွန်တော် ဂဏန်းရှာချင်လို့ . . ."

ထိုအခါမှ အနီးအနားရှိ လူများရှဲသွားကြသည်။ စိုးကိုအောင်လည်း သက်ပြင်းချကာ အမြန်ပဲ လိုက်ရှာရတော့သည်။ ထိုင်ခုံတန်းများနောက်တွင်လည်း ဘာဂဏန်းတစ်လုံးတလေမှ မတွေ့ရ။ ချွေးသံတရွှဲရွှဲနှင့် ဟိုဘက်အခြမ်းကို ပြန်တိုးပြီးရှာကြည့်ပြန်သည်။ ဘာမှထူးခြားခြင်းမရှိပါ။ (၄၅) ဘတ်စ်ကားက ဘုန်းကြီးလမ်းမှတ်တိုင်ပင်ရောက်လာချေပြီ။

စိုးကိုအောင် အသည်းအသန် လိုက်ရှာနေစဉ်မှာပဲ ရှေ့ဘက်က ယာဉ်နောက်လိုက်နှင့် ခရီးသည်တစ်ဦးတို့၏ အချေအတင် စကားများသံတွေ ပေါ်ထွက်လာခဲ့သည်။

"စပယ်ယာ . . စပယ်ယာ၊ တစ်ရာပြန်အမ်းဦးလေ"

"အမ်းပြီးပြီလေဗျာ၊ ကြောင်တောင်တောင်မလုပ်နဲ့၊ ကျွန်တော်အကုန်မှတ်မိတယ်"

ယာဉ်နောက်လိုက်က ချက်ချင်းပြန်အော်၏။ ခရီးသွားကလည်း မခံချေ။

"*ဘာမှမအမ်းရသေးဘူးကွ၊ ကုန်ဈေးတန်းက တက်လာပြီးခင်ဗျားကို နှစ်ရာတန်အနွမ်းလေးပေးလိုက်တာ ပြန်ရှာကြည့်ဦး*"

"ဘာမှရှာစရာ မလိုဘူး၊ အကုန်အမ်းပြီးပြီ၊ ပိုက်ဆံကို အပိုမလိုချင်နဲ့ မရဘူး၊ စပယ်ယာလုပ်စားလာတာ . . ၊ ဒါမျိုးတွေ ရိုးနေပြီ"

ခရီးသွားက ရှက်ရှက်နှင့် ဒေါသထွက်လာပုံရသည်။

"အေး . . ဒါဆိုလည်း ရတယ်လေ၊ မင်းတို့ကားကို နံပါတ်မှတ်ပြီး ဖုန်းဆက်တိုင်လိုက်ရုံပဲပေါ့"

"တိုင်ချင်ရာကို တိုင်ဗျာ၊ ကျုပ်ဘက်ကလည်း အမှန်တရားပဲ"

နောက်ပိုင်း ထိုလူနှစ်ယောက် ဘာတွေဆက်ပြောကြသလဲ



www.burmeseclassic.com

www.burmeseclassic.com



သူမကြားတော့ပါ။ ရုတ်တရက် လင်းခနဲဖြစ်သွားပြီး ကားပေါ်မှာ ရေးထားလေ့ရှိသည့် တိုင်ကြားရန် ဖုန်းနံပါတ်ကို သူပြူးပြဲလိုက်ရှာလိုက်ပါသည်။ စိုးကိုအောင်က ခရီးသွားဘက်မှ ကိုယ်ချင်းစာပြီး တိုင်ကြားပေးရန် မဟုတ်ပါ။ ဘယ်သူကမှားပြီး ဘယ်သူကမှန်လဲဆိုတာကိုလည်း သူမသိ။ ကိန်းဂဏန်းဆို၍ ကြည့်လိုက်မိခြင်းသာ ဖြစ်၏။ တွေ့ပါပြီ။ ကားနံရံပေါ်မှာ တိုင်ကြားရန်ဂဏန်းခြောက်လုံးက မြင်သာထင်ရှားစွာ တန်းစီလျက်။ ရှေ့ဆုံးက နံပါတ်ခြောက်ဂဏန်းလေးကိုပင် ကော်ရရှင်ပင် (Correction Pen) လေးနှင့် ဝိုင်းပြထားသေးသည်။

"ဟေး . . တွေ့ပြီကွ . . တွေ့ပြီ . . ."

ပျော်ရွှင်စွာနှင့် စိတ်လွတ်ကိုယ်လွတ် အော်လိုက်သော စိုးကိုအောင်အသံကြီးက ကားပေါ်မှာ ဟိန်းထွက်သွား၏။ သူက လိုချင်တာရသွားပြီမို့ ရှေ့မှတ်တိုင်မှာဆင်းရန် တိုးထွက်လာပါသည်။ ထိုအချိန်တွင် ခုနက တင်ပါးကို သူ့စက္ကူအိတ်အညိုကြီးနှင့် အထိုးခံလိုက်ရသော အဒေါ်ကြီးက စိုးကိုအောင်လက်မောင်းကို ဖမ်းဆွဲလိုက်ပြီး . . .

"ဟဲ့ . . ဟဲ့ကောင်လေး နေဦး၊ ဘာဂဏန်းလဲဆိုတာ ပြောသွားဦးလေ . . ."

ထိုအဒေါ်ကြီးကို စိုးကိုအောင်လည်း စိတ်အချဉ်ပေါက်ပေါက်နှင့်

"ခြောက်ဂဏန်းဗျာ၊ ခြောက်ဂဏန်း . . ."

"ဟေ့ . . ခြောက်တစ်လုံးတဲ့ဟေ့"

အမြဲတမ်း လောဘဇောကပ်နေသည့် လူတွေကို စိုးကိုအောင် ရှင်းမပြချင်တော့ပါ။ သူ့စားရိတ်နှင့်သူ သွားကြပါလိမ့်မည်။ စိတ်လက်ပေါ့ပါးစွာနှင့် ပဲခူးကလပ်မှတ်တိုင်တွင် သူဆင်းလိုက်ပါသည်။ နာရီကိုတစ်ချက်ကြည့်လိုက်တော့ ဆယ့်နှစ်နာရီထိုးရန် မိနစ်နှစ်ဆယ်သာ လိုတော့၏။ ကားလမ်းကိုဖြတ်ကူးပြီး မြို့ထဲသွားသော Taxi တစ်စီးကို သူအမြန်လှမ်းတားလိုက်ပါသည်။



# (၁၂)

သူတွေ့ခဲ့သည့် (၄၅) ဘတ်စ်ကားပေါ်က ခြောက်ဂဏန်းတစ်လုံးသည် သိပ်စိတ်မချရသေးပါ။ ထို့ကြောင့် မြို့ထဲပြန်ရောက်ရောက်ချင်း မြို့တော်ခန်းမဘေးရှိ ကားဂိတ်သို့ ပြန်သွားလိုက်၏။ စိတ်မှာ အသင့်ရပ်ထားသော (၄၅) ကားတစ်စီးကို တွေ့လိုက်ရသဖြင့် စိုးကိုအောင် ကားပေါ်တက်ကြည့်လိုက်ပါသည်။ ထိုကားနံရံပေါ်တွင်လည်း ကျေနပ်မှုမရှိပါက တိုင်ကြားရန် ဖုန်းနံပါတ်မှ ထိပ်ဆုံးခြောက်ဂဏန်းလေးကိုပဲ ကော်ရရှင်ပင် (Correction Pen) နှင့် ဝိုင်းထားတာတွေ့ရ၏။ ဒါဆို လုံးဝသေချာသွားလေပြီ။ သူက စာအိတ်အသေးပေါ်၌ ခြောက်ဂဏန်းလေးရေးကာ၊ သုံးဆယ့်ခြောက်လမ်း အပေါ်ထိပ်ရှိ သံမဏိမြို့တော် ကွမ်းယာဆိုင်သို့ ခပ်သွက်သွက်သွားလိုက်၏။

ရှေ့လျှောက် ဘာတွေဆက်ဖြစ်လာဦးမည် မသိသေးသဖြင့် စိုးကိုအောင် ရင်တွေခုန်နေပါသည်။ သံမဏိမြို့တော် ကွမ်းယာဆိုင်က



www.burmeseclassic.com

www.burmeseclassic.com



လည်း၊ သိပ်ထူးထူးခြားခြားကြီး မဟုတ်ချေ။ သစ်သားဖြင့် သာမန်မျှ ဆောက်ထားပြီး ကုလားမကြီးတစ်ယောက်က ကွမ်းယာထိုင်ရောင်းနေ၏။ ဆိုင်နာမည်နှင့် လက်ရှိမြင်ရသော အနေအထားကြောင့် သူ အနည်းငယ် ရယ်ချင်သွားသည်။ သို့သော်လည်း ကိုယ့်ကိစ္စက အချိန်နှင့်အမျှ အရေးကြီးနေ၍ ကုလားမကြီးဆီကိုသာ စာအိတ်လှမ်းပေးလိုက်မိ၏။

"အစ်မကြီး . . ရော့ . . ဒီမှာ စာ . . ."

စာလှမ်းပေးသော စိုးကိုအောင်ကို ကုလားမကြီးက မြူးကြောင်ကြောင်နှင့် ပြန်ကြည့်နေ၏။ ပြီးတော့ နားမလည်ဟန်ဖြင့် . . .

"ဟင် . . ဘာစာလဲ . . ကောင်လေး . . ."

"ဘာစာရမှာလဲ၊ ဒီဆိုင်ကို ပေးရမယ်ဆိုလို့ လာပေးတာလေ၊ ကဲ . . ဘာဆက်လုပ်ရမှာလဲ ပြော . . ပြော . ."

စိုးကိုအောင်က ကိုယ့်ကိစ္စကိုပဲ အရေးတကြီး မေးလိုက်သည်။ ကုလားမကြီးက အထစ်ထစ် အငေါ့ငေါ့နှင့် . . .

"နင် . . နင် . . ငါ့ကို စာလာပေးနေတာလား"

စိုးကိုအောင်က . . .

"ဟုတ်တယ်လေ အစ်မရဲ့၊ သံမဏိမြို့တော်ဆိုတော့ အစ်မကြီးကိုမပေးရင် ဘယ်သူ့ကိုပေးရမှာလဲ၊ ရော့ ယူပါဗျာ"

"ကောင်လေး . . နင်ထွက်သွားတော့နော်"

"ဗျာ . . ဘာဖြစ်လို့လဲ အစ်မကြီးရယ်"

"ဟဲ့ . . ငါ့မှာ ယောက်ျားရှိတယ်ဟဲ့၊ အပျိုမဟုတ်ဘူး"

"ဗျာ . . ."

"ဗျာ မနေနဲ့၊ နင်သွားတော့နော်၊ မဟုတ်ရင် ငါအော်ပစ်လိုက်မယ်"

ဒီတော့မှ စိုးကိုအောင်လည်း မျက်လုံးပြူး၊ မျက်ဆံပြူးနှင့်





အမြန်ဆုံးရှင်းပြရတော့သည်။

"ဟာ . . မဟုတ်ဘူး၊ မဟုတ်ဘူးနော်၊ အစ်မကြီးကို ကျွန်တော် စာပေးတာ မဟုတ်ပါဘူး"

"အောင်မာ . . ခုနကပဲ ငါ့ကိုပေးတာဆို . . ."

အရေးထဲ ဒင်းက စိတ်ဆိုးပြနေသေး၏။ ချက်ချင်းရှင်းပြမှ ဖြစ်တော့မည်။

"ဟာဗျာ . . ဒုက္ခပါပဲ၊ အစ်မကို စာပေးတယ်ဆိုတာ ဟိုလို သဘောနဲ့စာပေးတာ မဟုတ်ဘူးဗျ"

ကုလားမကြီးက သူ့ကို နဝေတိမ်တောင်ကြည့်ကာ . . .

"ကောင်လေး . . ရှင်းရှင်းပြောနော်၊ ငါ့ကိုစာပေးတာ . . ဟိုလိုသဘောမဟုတ်ရင် ဘယ်လိုသဘောနဲ့ပေးတာလဲ"

"မဟုတ်ဘူးဗျာ၊ ဒီလိုဗျာ . . ဒီလို၊ စာကိုပေးတာကတော့ အစ်မကိုပေးတာပဲ၊ ဒါပေမယ့် ဟိုလိုစာပေးတာ မဟုတ်ပေမယ့် ဒီစာကို အစ်မဆီ ပေးကိုပေးရမှာလေ၊ ဒါကြောင့် အစ်မကို စာပေးသလို ဖြစ်နေတာ"

သူ့မှာ ရှင်းလေရှုပ်လေနှင့် တိုင်ပတ်နေရှာသည်။ ကုလားမကြီးကလည်း . . .

"ဒါဆို နင်က ခုစာဆက်ပေးဦးမှာလား"

"ဟာ . . ပေးရမှာပေါ့၊ ဒီစာက အစ်မကို ပေးကိုပေးရမှာ၊ ရော့ ယူပါဗျာ၊ ပြီးရင်ပြောတော့ . . ."

"ဟဲ့ . . ငါက ဘာပြောရမှာလဲ"

"တစ်ခုခုပေါ့ဗျာ၊ မပြောရင်လည်း စာပြန်ပေးဗျာ၊ မြန်မြန်လေးလုပ်ပါ အစ်မရဲ့၊ အချိန်က သိပ်မရှိတော့ဘူး"

စိုးကိုအောင်၏ အလောတကြီးလေသံကြောင့် ကုလားမကြီးက စာအိတ်ကလေးကို မဝံ့မရဲလှမ်းယူရင်း ဆိုင်အပြင်ဘက်သို့ မျှော်

www.burmeseclassic.com



လင့်ချက်အပြည့်နှင့် လှမ်းကြည့်လိုက်၏။ သူမဘဝ၏ အားကိုးယုံကြည်ဖွယ်ရာ ပုဂ္ဂိုလ်ကြီးကို တွေ့လိုက်ရ၍ ဝမ်းသာအားရနှင့် . . .

"အမလေး . . ကိုအီနွတ်၊ ရှင် ဘယ်တွေအလေလိုက်နေတာတုန်း၊ ကျွန်မမှာ ယောက်ျားရှိပါလျက်နဲ့ စာပေးခံနေရပြီ၊ လာ . . ရှင်လာရှင်းဦး"

အော်ပြောရင်း ဆိုင်ထဲဝင်လာသည့် ကုလားကြီးကို လှမ်းတိုင်လေသည်။ စိုးကိုအောင်လည်း မျက်ကလူးဆန်ပြာဖြင့် ထိုကုလားကြီးကို အတင်းဝင်ရှင်းပြရတော့၏။

"ဟာ . . အကိုကြီး၊ မဟုတ်ဘူးနော်၊ အစ်မကြီးအထင်လွဲနေတာ၊ ကျွန်တော့်ကို စာပေးခိုင်းလိုက်လို့ပါဗျ"

ကုလားကြီးက စိုးကိုအောင်ကို စိတ်ဆိုးဟန်မရှိဘဲ ခေါင်းအသာညိတ်ပြ၏။ ပါးစပ်ကလည်း . . .

"ဆောရီးကွာ ညီလေး၊ ငါအပြင်ခဏသွားလို့ ခုလိုဖြစ်ကုန်ရတာပါ၊ ပေးစမ်း စာအိတ် . . ."

ခုမှပဲ စိုးကိုအောင်လည်း သက်ပြင်းချရဲတော့၏။ သူ့မိန်းမလက်ထဲမှ စာအိတ်ကိုယူကြည့်၍ ကုလားကြီးက ပြုံးလိုက်သည်။ ပြီးမှ သူ့အိတ်ကပ်ထဲမှ နောက်စာတစ်စောင်ကို လှမ်းပေးလိုက်၏။

"ရော့ . . ညီလေး၊ မင်းရှာတွေ့တဲ့ဂဏန်းက ခြောက်ဆိုရင် ဒီစာအိတ်ကို ထပ်ပေးလိုက်ပါတဲ့၊ ဒါပဲပြောပြီး ပေးသွားတာ"

ဆိုလိုတာကတော့ ယဉ်သွယ် သူ့ကိုဦးနှောက်ထပ်စားသွားသည်ပေါ့။ သူလည်း မစောင့်နိုင်တော့ဘဲ ကိုအီနွတ်ရှေ့မှာပင် စာအိတ်ကို ဖွင့်ဖတ်ကြည့်လိုက်ပါသည်။

ကိုစိုးကိုအောင်

သိမ်ကြီးဈေးက စတုရန်းခုံးကျော်တံတားရဲ့ လက်ရန်းမှာ





တိုင်လုံးကလေးတွေ ရှိတယ်။ အပေါ်ဆုံးညာဘက်ထိပ် လှေကားကတက်ပြီး လက်ျာရစ်အတိုင်း ရေတွက်ကြည့်သွားရင် (၂၃၂) တိုင်မြောက်မှာ နောက်ထပ်ဂဏန်းလေးတစ်လုံး တွေ့ရလိမ့်မယ်။ သွားရှာလိုက်ပါဦး . . .။

ယဉ်သွယ်

BURMESE CLASSIC

စာဖတ်လို့ဆုံးသည်နှင့် စိုးကိုအောင်မောသွားရ၏။ ယဉ်သွယ်သည် သူ့ကို တစ်ခုပြီးတစ်ခု မောင်းနေတာတော့ သေချာပြီ။ ဆက်လုပ်ရမှာက သိပ်မခက်ခဲလှချေ။ သို့သော် 'ငကြောင်' များဖြစ်နေသလားဟု ကိုယ့်ဘာသာကိုယ် စဉ်းစားမိသေး၏။ တစ်ဖက်ကလည်း ယဉ်သွယ်နှင့်တွေ့ရဖို့အရေးကို လုံးဝလက်လွှတ်ခံ၍ မဖြစ်ပေ။

ကောင်းကင်မှ ထိုးစိုက်ကျလာသော အလင်းတန်းများက နေရာအနှံ့မှာ တောက်လောင်လျက်ရှိကြသည်။ နေ့လယ်ခင်းမို့ လေကငြိမ်သက်နေ၏။ အပူဒဏ်ကိုလည်း စိုးကိုအောင် ဂရုမထားနိုင်တော့။ ချက်ချင်းပင် သူ့ခြေလှမ်းတွေက သိမ်ကြီးဈေးခုံးကျော်တံတားကြီးဆီ ဦးတည်နေလေသည်။

အချစ်ဆိုသောအရာနှင့် တဆက်ထဲတွဲ၍ စဉ်းစားချင့်ချိန်နိုင်ရန်မှာ လူတစ်ယောက်အတွက် ခက်ခဲလွန်းလှပါသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# (၁၃)

အနော်ရထာလမ်းအတိုင်း လျှောက်လာရင်းမှ စတုရန်းပုံ ခုံးကျော်တံတားကြီးကို တွေ့လိုက်ရတော့ စိုးကိုအောင် ဝမ်းသာသွားမိသည်။ အမှန်တော့ ဘာမှထူးပြီး ဝမ်းသာနေစရာ မလိုချေ။ ဒီတံတားကြီးက သူမမွေးခင်လောက်ကတည်းက ဆောက်ထားခြင်းဖြစ်၍ ခုလည်း ကိုယ့်ကိစ္စနှင့်ကိုယ်မို့ တွေ့နေကျတံတားကြီးကို အထူးအဆန်း တစ်ခုအား မြင်လိုက်ရသလို ဝမ်းသာသွားခြင်းသာ ဖြစ်ပါသည်။

နဂိုကတည်းက သူ့ဟာသူရှိနေနှင့်သော တံတားကြီးကိုကြည့်ကာ ခုမှကိုယ့်အတွက် လာဆောက်ပေးသကဲ့သို့ 'ဟာ ကွက်တိပဲ' ဟု ရေရွတ်လိုက်ပြီး အပေါ်ခြမ်းဘက် လှေကားအတိုင်း ပြေးတက်လာခဲ့မိသည်။

တံတားပေါ်ရောက်သည်နှင့် သူက ပတ်ဝန်းကျင်ကို မျက်စိကစားကြည့်လိုက်၏။





ထိုအချိန်မှာပဲ လူတစ်ယောက်က သူ့လက်မောင်းကို ရုတ်တရက် ဆွဲကိုင်ရင်း . . .

"ဟာ . . . လာလေ အကိုလေး၊ ဒီအနားမှာထိုင်လိုက်၊ ကျွန်တော် တစ်ခါထဲ အမြစ်ဖြတ်ပေးလိုက်မယ်"

စိုးကိုအောင်မှာ ကြောင်တက်တက်နှင့် . . .

"ဗျာ . . ဘာလဲ . . ဘာလဲဗျာ၊ ဘာကို အမြစ်ဖြတ်ရမှာလဲ"

"ကြွက်နို့လေ၊ အကိုလေးပဲ ကျွန်တော့်ဆိုင်ကိုကြည့်ပြီး ဘယ်သူမှမတွေ့လို့ လူရှာနေတာ မဟုတ်လား၊ အဲဒါကိုမြင်လို့ ကျွန်တော် ပြေးလာတာ၊ လာပါ ထိုင်လိုက်ပါ အကို၊ နည်းနည်းပဲ နာမှာပါ၊ အမြစ်ကနေ အကုန်ကျွတ်သွားစေရမယ်"

စိုးကိုအောင်လည်း ခုမှသဘောပေါက်သွား၏။ အရေးထဲမှာ သူ့ကိုကြွက်နို့လာသတ်သူဟု အထင်ခံနေရပြန်ပြီ။ ထိုလူ့ဆိုင်ဆိုသော နေရာမှာလည်း ဆေးမြစ်မျိုးစုံကို ပုလင်းငယ်လေးများစွာဖြင့် ထည့်ထားတာ လှမ်းမြင်နေရပါသည်။

စိုးကိုအောင်က ခေါင်းအမြန်ခါပြလိုက်ပြီး . . .

"ဟာ . . ဟော့လူ၊ မဟုတ်ဘူးဗျ၊ မှားနေပြီ"

"မှားနေတယ် ဟုတ်လား၊ ဒါဆို ပွေးပေါက်နေတာလား၊ ရတယ်လေ၊ ကျွန်တော်က အကုန်ကုပါတယ်၊ အရေပြားပေါ်က ဘယ်အနာရောဂါမဆိုရတယ် . . ရတယ် လာလာ . . ."

ပုဂ္ဂိုလ်က အတင်းအာမခံကာ သူ့လက်ကို ထပ်ဆွဲနေပြန်သည်။ စိုးကိုအောင်က . . .

"မလာနိုင်ပါဘူး၊ ကျွန်တော့်ကိုယ်ပေါ်မှာ ဘာအနာရောဂါမှ မရှိဘူးဗျ၊ ခင်ဗျားကလည်း လူပုံကို သေချာကြည့်ပါဦး"

ခပ်မာမာပြောလိုက်တော့မှ ထိုလူက သူ့လက်ကို လွှတ်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူးလေဗျာ၊ တချို့ ကျွန်တော့်ဆီလာတဲ့သူတွေဆို တင်ပါး မှာ ပွေးရှိတာ မပြောရဲတဲ့သူတွေပါတယ်ဗျ၊ ဟို စာရေးဆရာပေါက်စ ဘယ်သူ အဲ . . လင်းညို့သွေးဆို သုံးခါရှိပြီဗျ၊ ခုလည်း အကိုလေးကို ကျွန်တော် အဲဒီလို ထင်မိသွားလို့ပါ"

သူ့စကားကြောင့် စိုးကိုအောင်လည်း တင်ပါးယားသွားသည်။ ဒါပေမယ့် သူနှင့်ဆက်ပြီး စကားပြောနေရန် မဖြစ်တော့။ သူသည် လင်းညို့သွေးလို ဖင်မှာပွေးပေါက်နေသူလည်း မဟုတ်ပါ။ ထို့ကြောင့် စိုးကိုအောင်က အစီအစဉ်အတိုင်း လက်ယာဘက်ထောင့်ဆုံး တိုင်လုံးလေး မှ စတင်ရေတွက်ကြည့်ရတော့သည်။ တံတားပေါ်မှ တခြားဈေးသည် များကလည်း တိုင်ရေနေသောသူ့ကို အံ့သြစွာ ဝိုင်းကြည့်နေကြ၏။ သူက အနည်းငယ် အူကြောင်ကြောင်ဖြစ်ရသော်လည်း ဘာမှမတတ်နိုင်ပေ။ ဒီအခြေအနေရောက်မှ သူလည်း ရှေ့ဆက်ရန်သာ ရှိပါတော့သည်။

တစ် . . နှစ် . . သုံး . . လေး . . ငါး . . ခြောက် . .

လေးဆယ့်ငါး . . လေးဆယ့်ခြောက် . . လေးဆယ့်ခွန် . .

ကိုးဆယ့်ကိုး . . တစ်ရာ . . တစ်ရာ့တစ် . . တစ်ရာ့နှစ်

တချို့နေရာတွေမှာ သူက ဈေးသည်များကို အတင်းဖယ် ခိုင်းပြီး ရေတွက်နေရသေးသည်။ အရေအတွက်ကို အမှားခံ၍မရ မှန်း သူသဘောပေါက်ထား၏။ ရေတာမှားလျှင် သူမထားရစ်ခဲ့သော Massage လေးနှင့် လွဲနေဦးမည်။

ထိုသို့ဖြင့် စိုးကိုအောင်တစ်ယောက် နေပူကြီးထဲမှာ တိုင်တွေ ကို သေချာကြိုးစားရေတွက်လို့ နေရှာပါ၏။

တစ်ရာ့သုံးဆယ့်လေး . . တစ်ရာ့သုံးဆယ့်ငါး . . တစ်ရာ့ သုံးဆယ့်ခြောက် . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . .

တစ်ရာ့ရှစ်ဆယ် . . .





တစ်ရာ့ကိုးဆယ် . . တစ်ရာ့ကိုးဆယ့်တစ် . . .

တစ်ရာ့ကိုးဆယ့်ကိုး . . နှစ်ရာ . . .

နှစ်ရာကျော်လာလေလေ သူ့ရင်တွေ အမြန်ခုန်နေလေလေ ဖြစ်သည်။ နှစ်ရာသုံးဆယ့်နှစ်တိုင်မြောက်မှာ ကိန်းဂဏန်းတစ်ခု ကြိမ်းသေပေါက် ရှိနေပါလိမ့်မည်။ စိုးကိုအောင် ခပ်သွက်သွက်လေး ဆက်ရေသွားလိုက်၏။

နှစ်ရာ့နှစ်ဆယ့်ရှစ် . . နှစ်ရာ့နှစ်ဆယ့်ကိုး . . . ဟာ! . . .

တွေ့လိုက်ရသည့်မြင်ကွင်းကြောင့် စိုးကိုအောင်မျက်လုံးတွေ ပြာဝေသွားရတော့သည်။ နှစ်ရာနှစ်ဆယ့်ကိုးတိုင်မြောက်မှစပြီး လေးပေ ခန့်လောက်နေရာအထိ တိုင်တစ်တိုင်မှ မရှိပေ။ ထို့နောက်တွင်တော့ တိုင်များက ပုံမှန်အတိုင်းဆက်ရှိနေပြီး ထိုနေရာလေးမှာသာ ကွက်လပ် ကြီး ဖြစ်နေ၏။ သူဘာဆက်လုပ်ရမှန်းမသိဘဲ ဒူးများပင် ညွတ်ခွေ ကျချင်သွားသည်။ သူမညွှန်ကြားထားသော နှစ်ရာသုံးဆယ့်နှစ်တိုင် မြောက်တိုင်က ဘယ်ရောက်သွားရသနည်း။

သူက ထိုရှေ့နားတွင် ပရုတ်လုံးရောင်းနေသည့် အဖိုးကြီး အား . . .

"အဘ . . အဘ . . ."

"ဟေ . . ပရုတ်လုံးလား၊ နှစ်ရာဖိုး သုံးထုပ်နဲ့ယူလေ"

"ဟာဗျာ . . လာပြန်ပြီ၊ မေးစရာရှိလို့ပါ၊ ဒီ အဘနောက် နားက တိုင်လုံးလေးတွေကော . . ."

သူ့ပရုတ်လုံးဝယ်မည့်သူ မဟုတ်သောကြောင့် အဖိုးကြီးက ခပ်တင်းတင်းပြန်ကြည့်ကာ . . .

"ဟ . . ဘယ်သိမလဲကွ၊ ငါတို့က ကိုယ့်ဟာကိုယ် ရိုးရိုးသား သား ဈေးရောင်းစားနေတာ၊ လျှောက်မလုပ်နဲ့နော်၊ အဲဒါ နိုင်ငံပိုင် ပစ္စည်း၊ ခြောက်တစ်ကွ . . သိလား"



www.burmeseclassic.com

www.burmeseclassic.com



အရေးထဲ အဖိုးကြီးက ဘယ်လိုထင်သွားသည်မသိ။ ပုဒ်မခြောက်ဆယ့်တစ်နှင့်ပင် သူ့ကိုခြိမ်းခြောက်နေသေးသည်။ သူက အဖိုးကြီးကို ချော့မော့ပြီး မေးကြည့်ရပြန်သည်။

"ကျွန်တော်ကလည်း ကိစ္စရှိလို့ပါဗျာ၊ အဲဒီတိုင်လေးတွေက မရှိတာကြာပြီလား"

"ငါလည်း မသိဘူးကွ၊ စျေးရောင်းမကောင်းရတဲ့အထဲ မင်းက တိုင်လာပတ်နေသေးတယ်"

ထိုသို့ရေရွတ်ပြောဆိုပြီး အဖိုးကြီး ထသွားပါတော့သည်။ သူ့မှာသာ တိုင်များမရှိတော့သည့် ကွက်လပ်ရှေ့မှာ ရပ်နေမိသည်။ အဖိုးကြီးပြောသလို တိုင်ပတ်တာဆို တော်ဦးမည်။ တိုင်ကိုကိုင်ပြီး ပတ်နေလို့ရသေးသည်။ ခုတော့ ပတ်စရာတိုင်က ကိုယ့်အလှည့်ကျမှ ပျောက်နေခဲ့ပြီ။ စိုးကိုအောင်မှာ နာရီကြည့်၍ ဇောချွေးများ ပြန်လာတော့သည်။

လေပူတွေကို တစ်ချက်မှုတ်ထုတ်ပြီး ဘေးပတ်ဝန်းကျင်အား ဝေ့ကြည့်လိုက်၏။ ကိုယ့်ကို အကူအညီပေးမည့်သူ တစ်ယောက်မှ မရှိပါ။ ကိုယ့်အားကိုယ်ကိုးမှပဲ ဖြစ်မည်။ ဘေးပတ်ပတ်လည်မှာတော့ သိမ်ကြီးဈေး (E) ရုံ၊ (C) ရုံ၊ (D) ရုံ နှင့် ရှန်ဟိုင်းကုန်တိုက်တို့ကို လှမ်းတွေ့နေရသည်။

ရှန်ဟိုင်းကုန်တိုက်ဘက်သို့ ငေးနေရင်း သူ့မျက်လုံးများက တစ်စုံတစ်ရာဆီ ရောက်ရှိသွား၏။ အံ့သြစိတ်နှင့်အတူ 'ဟာ' ခနဲ ဝမ်းသာစွာရေရွတ်၍ သူ ခုံကျော်တံတားပေါ်မှ ပြေးဆင်းလာခဲ့သည်။

အဘယ်ကြောင့်ဆိုသော် အကြောင်းရှိပါ၏။ စိုးကိုအောင် မြင်လိုက်ရသည့်အရာမှာ မဟာဗန္ဓုလလမ်းပေါ်တွင် ခွဆောက်ထားသော သိမ်ကြီးဈေး၏ နောက်ထပ်စတုရန်းပုံ ခုံကျော်တံတားတစ်ခု ဖြစ်နေလေသည်။

* * * *



# (၁၄)

မဟာဗန္ဓုလလမ်းမပေါ်ရှိ နောက်ထပ် စတုရန်းခုံကျော်တံတားပေါ်ရောက်မှပဲ သူအမောဖြေရပါသည်။ စိတ်ထဲတွင်လည်း ကတ်သီးကတ်သတ်လုပ်ထားသော ယဉ်သွယ်ဆိုသော ကောင်မလေးကို အသည်းပိုယားလာမိ၏။ ညနေလေးနာရီကျမှ ဒင်းကလေးကို ဆုံးမရမည်ဟု သူတေးထားလိုက်သည်။

အခု စိုးကိုအောင်ရောက်နေသည့် ခုံကျော်တံတားမှာ ဟိုဘက်ကတစ်ခုလို မဟုတ်။ ဈေးသည်များမရှိဘဲ လမ်းသွားလမ်းလာလူတချို့သာ ရှိနေသဖြင့် အနည်းငယ် စိတ်အေးသွားရ၏။ ဟိုဘက်တံတားမှာ သူရေတွက်ရှာဖွေခဲ့စဉ်က တိုင်နှစ်ရာကျော်လောက်နေရာကို ခန့်မှန်းကြည့်လိုက်မိသည်။ ဒီတံတားပေါ်တွင်တော့ တိုင်လုံးများ ပြုတ်နေခြင်းမရှိပါ။ စိုးကိုအောင်လည်း လက်ရှိအခြေအနေကို ကျေနပ်သွားပြီး တိုင်လုံးများအား စတင်ရေတွက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတိုင်ရေနေတာ ဘယ်လောက်မှ မကြာသေး။ တိုင်အလုံး ငါးဆယ်ကျော်ရုံပဲ ရှိသေးသည်။ သူ့ဟန်းဖုန်းက ထမြည်လာ၏။ စိတ်ထဲမှ ဆက်လက်ရေတွက်ရင်း စိုးကိုအောင်က ဖုန်းကိုဖွင့်ကာ ကိုင်လိုက်သည်။

"ဟဲလို . . ပြောပါ၊ ငါးဆယ့်သုံး . . ငါးဆယ့်လေး . . ပြောပါ"

"ပြောမယ် . . ပြောမယ်၊ မီး ဖုန်းဆက်တာကို ဘာဖြစ်လို့ ပိတ်ပိတ်ထားတာလဲ . . ပြော"

နားထဲသို့ တိုးဝင်လာသည့် မီးငယ်အသံကြောင့် သူစိတ်ညစ်သွား၏။ သူ့အပေါ် စိတ်မကုန်နိုင်သေးသော မီးငယ်ကိုလည်း နားမလည်နိုင်တော့။ ဇာတ်လမ်းကို အပြီးဖြတ်မှပဲဟု တွေးလိုက်ပြီး စိုးကိုအောင်က . . .

"သြော် . . မီး၊ ကိုကို မအားဘူးကွာ၊ ငါးဆယ့်ခွန် . . ငါးဆယ့်ရှစ် . . အဲ ဘာကိစ္စမှမရှိဘဲနဲ့ ဘာဖြစ်လို့ ဖုန်းဆက်နေတာလဲ ငါးဆယ့်ကိုး . . ခြောက်ဆယ်"

ဖုန်းပြောရင်းနှင့် တဖက်ကလည်း တိုင်လုံးကို လိုက်မှတ်ရေသေးသည်။ မီးငယ်ကလည်း ငြိမ်မနေပါ။ စကားက ဆက်ထွက်လာပြန်သည်။

"အောင်မာ . . ကိစ္စရှိမှ ဆက်ရမှာလား၊ နေစမ်းပါဦး၊ ကိုကိုက ငါးဆယ့်ကိုး . . ခြောက်ဆယ်ဆိုပြီး ဘာတွေရွတ်နေတာလဲ"

"ဒီမှာလေ . . တိုင်လုံးလေးတွေ လိုက်ရေကြည့်နေတာ အရေအတွက်မှန်ရင် ကိုကို့ရည်းစားက အဖြေပြန်ပေးမယ်ဆိုလို့"

စိုးကိုအောင်က ပြီးပြီးရော ပြောချလိုက်၏။

"တကယ် . . ."

မီးငယ်၏ "တကယ်" ဆိုသော စကားသံက တုန့်တုန့်ဆိုင်းဆိုင်းလေး ပေါ်ထွက်လာသည်။ နောက် . . ဘာမှမပြောတော့ဘဲ





ဖုန်းချသွားပါသည်။ စိုးကိုအောင် စိတ်မကောင်းဖြစ်မိသွားသော်လည်း မတတ်နိုင်တော့ချေ။ ဒီမှာလည်း ကိုယ့်ဒုက္ခနှင့်ကိုယ် အတော်ရှာလည် နေရသည်။ စိုးကိုအောင်သည် မီးငယ်အကြောင်းတွေးရင်း စိတ်မကောင်းဖြစ်မိရာမှ မှတ်ထားသော လက်ရမ်းတိုင်အရေအတွက်ကို မေ့သွားပြန်သည်။ သူ့ခမျာ အစက ပြန်ရေတွက်ရရှာ၏။

ဒီတစ်ခါတော့ အခြေအနေကောင်းသည်။ မီးငယ်ဖုန်းချသွားပြီးနောက် ခုထိ ဘာအနှောင့်အယှက်မှ မရှိသေး . . ။ ရေတွက်လာခဲ့သည်မှာ တိုင်လုံးတစ်ရာ့ငါးဆယ်ပင် ကျော်လာပြီ။ သိပ်မလိုတော့သဖြင့် ရှေ့သို့တစ်ချက်လှမ်းကြည့်ပြီး သူက ဆက်ရေတွက်နေလိုက်၏။

"တစ်ရာ့ငါးဆယ့်ငါး . . တစ်ရာ့ငါးဆယ့်ခြောက် . . တစ်ရာ့ငါးဆယ့်ခွန် . . ဟာ . . ဒုက္ခပဲ"

ရေတွက်နေရင်းမှ ပါးစပ်က အာမေဋိတ်ပါထွက်သွား၏။ ဟိုဘက်လှေကားမှာလို တိုင်လုံးများ ပျောက်နေခြင်းကြောင့် မဟုတ်ပါ။ သူ့မြင်ကွင်းထဲကို ဝင်လာသူမှာ ရှေ့မျက်နှာချင်းဆိုင်လှေကားမှ တက်လာသည့် သဥ္ဇာကျော်။ မည်သို့မည်ပုံတိုက်ဆိုင်၍ သူမ ဒီနေရာကို ရောက်လာရသနည်း။ သိမ်ကြီးဈေးကို လာတာလား။ မင်္ဂလာရုံမှာ ရုပ်ရှင်လာကြည့်တာလား။ ဘယ်လိုပဲဖြစ်ဖြစ် သဥ္ဇာကျော်သည် သူ့ရှေ့ကို တည့်တည့်ကြီး လျှောက်လာချေပြီ။ ထွက်ပြေးရန်လည်း အချိန်မမီတော့။ သူမကို ခပ်တည်တည်ဖြင့်ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်၏။

စိုးကိုအောင်က အနားရောက်လာသည့် သဥ္ဇာကျော်ကို ထီးခနဲရယ်ပြကာ . . .

"ဟဲ . . ဟဲ . . သဥ္ဇာတစ်ယောက်တည်းလား"

သဥ္ဇာကျော်က သူ့ကို မမျှော်လင့်ပဲ တွေ့လိုက်ရ၍ မျက်နှာပျက်သွားသော်လည်း၊ ဟန်ဆောင်ပြီး မဲ့ပြုံးလေးပြုံးလိုက်ပါသည်။

"ဟင်း . . ဟင်း . . တစ်ယောက်တည်း ဘယ်ဟုတ်ပါ့မလဲ၊



www.burmeseclassic.com

www.burmeseclassic.com



ရှင်တွေ့ချင်တဲ့ မမသူဇာဇော်လည်း ပါပါတယ်"

"ဗျာ . . အဟဲ . . ဒီလိုပါ၊ အဲဒီကိစ္စက ကျွန်တော်ရှင်းပြပါရစေ"

ဒီတစ်ခါ ပေါ်တင်ကြီးထွက်ပြေးလို့ မကောင်းသဖြင့် သဥ္ဇာကျော်၏နောက်ဘက်ကို မသိမသာလှမ်းကြည့်ရင်း အရင်ဆုံး မျက်နှာချိုသွေးလိုက်ရသည်။ သူဇာဇော်ကတော့ တံတားပေါ်ကို ရောက်မလာသေး။ အနည်းငယ် တုန်လှုပ်သွားသည့် သူ့ပုံစံကို သဥ္ဇာကျော်က ကျေနပ်သွားဟန်ဖြင့် . . .

"ကိုယ့်အလှည့်ကျမှ ဒီလောက်ကြောက်မနေပါနဲ့၊ ရှင့်ကိုလည်း အချိန်ကုန်ခံပြီး ဘယ်သူမှ လိုက်ပြဿနာမရှာအားပါဘူး၊ ဒါပေမယ့် ရှင့်အချိုးတွေပြင်ရင်တော့ ကောင်းလိမ့်မယ်"

"အဟီး . . ပြင်ပါတယ်ဗျာ၊ နောက်တစ်ခါ မလုပ်ရဲတော့ပါဘူး၊ တစ်ခါထဲပါ"

ထိုစကားကြောင့် သဥ္ဇာကျော်က မျက်စောင်းထိုးကာ သူ့နောက်ကို လှမ်းကျော်ကြည့်ရင်း . . .

"သွားတော့မယ်၊ ဟိုမှာ ကျွန်မချစ်သူလာပြီ၊ ရှင်နဲ့တော့ မိတ်မဆက်ပေးနိုင်ဘူး၊ ရှင့်အကျင့်တွေ ကူးကုန်မှာစိုးလို့"

သဥ္ဇာကျော်က ထိုသို့အနိုင်နှင့်ပိုင်း၍ ထွက်သွားတော့သည်။ သဥ္ဇာကျော်ချစ်သူဆိုသည့် ပုဂ္ဂိုလ်ကလည်း စိုးကိုအောင်ကို အူကြောင်ကြောင်နှင့် ကြည့်သွား၏။ သူဇာဇော်ကို လုံးဝမတွေ့ရတော့မှ သဥ္ဇာကျော် အလွတ်ကြီးစားသွားမှန်း သူသဘောပေါက်လိုက်သည်။ လေထူတစ်ချက်ကို ဟူးခနဲ မှုတ်ထုတ်ကာ တိုင်ဆက်ရေရန် စိုးကိုအောင် သတိဝင်လာ၏။ သို့ပေသော်ငြားလည်း ပြီးလုခါနီးမှ သဥ္ဇာကျော်နှင့် တွေ့လိုက်ရသောကြောင့် တိုင်အရေအတွက်ကို ထပ်မေ့သွားရပြန်သည်။ သူလည်း စိတ်တိုတိုနှင့် အစက ပြန်ရေတွက်ရရှာပါ၏။ စိတ်





ပင်ပန်းလိုက်သည်မှာ ပြောကိုမပြောချင်တော့ . . .။

ဒီတစ်ခါတော့ အနီးပတ်ဝန်းကျင်ရှိ လူသူလေးပါးကို အရင်ကြည့်၊ ဖုန်းပါပိတ်ပြီးမှ စိတ်ချလက်ချ စတင်ရေတွက်လာခဲ့သည်။ သုံးခါမြောက်ရေတွက်ရခြင်း ဖြစ်သောကြောင့်လည်း စိတ်က အတော်လေး အချဉ်ပေါက်နေပြီ။ ရေတွက်နေရင်းမှ တိုင်လုံးရေနှစ်ရာကျော်လာတော့ ထုံးစံအတိုင်း ရင်တွေက တဒိတ်ဒိတ်ခုန်လာ၏။ ဘယ်လိုဂဏန်းလေးများ တွေ့ရမှာလဲ။ တကယ်တမ်းတွင် မြန်မာဂဏန်း၊ အင်္ဂလိပ်ဂဏန်း (သို့) ရောမဂဏန်းမှလွဲ၍ ရေးစရာဂဏန်း သိပ်မရှိပါ။ ခုလည်း နှစ်ရာသုံးဆယ့်နှစ်တိုင်မြောက်မှာ ဂဏန်းတစ်ခုကို ထင်ထင်ရှားရှား တွေ့လိုက်ရပါသည်။ ကော်ရက်ရှင်ပင် (Correction Pen) နှင့် မြန်မာလိုရေးထားသည့် နှစ် (၂) ဂဏန်းလေး။ စိုးကိုအောင် အတိုင်းအဆမရှိ ပျော်ရွှင်သွားမိသည်။ သူဂဏန်းနှစ်လုံး သိရပြီ။ ခြောက်ဂဏန်းနှင့် နှစ်ဂဏန်းဆိုတော့ ခြောက်ဆယ့်နှစ်ပေါ့။ သို့သော်လည်း ထိုခြောက်ဆယ့်နှစ်နှင့် ဘာဆက်လုပ်ရဦးမှာလဲ။ သူ မသိပါ။ ခြောက်နှင့်နှစ်ပေါင်းလျှင် ရှစ်ဆိုတော့ ချစ်တယ်ဆိုတာများလား။ ဒါကတော့ အူကြောင်ကြောင်နိုင်လှသည်။ မဖြစ်နိုင်။ ခြောက်ထဲက နှစ်နုတ်ရင်လေး။ ဘာမှလည်း မဆိုင်သေး။ စိုးကိုအောင် တံတားပေါ်မှာ ငူငူကြီးရပ်နေမိ၏။ ယဉ်သွယ်က သူ့ကိုနောက်သွားပြီလား။ ဒီလိုဆိုလျှင်တော့ ခြောက်ဆယ့်နှစ်ဟုအော်ပြီး တံတားပေါ်မှ အောက်သို့ခုန်ချရန်သာ ရှိပါတော့သည်။

စိတ်ပျက်လက်ပျက်နှင့် ဖုန်းကိုဖွင့်ကာ အောင်နီဦးဆီ ခေါ်ကြည့်လိုက်သေးသည်။ ခုချိန်ထိ ဧရိယာပြင်ပမှ ပြန်မရောက်သေး။ ဒီလဒတော့ ဘယ်ရောက်နေပါလိမ့်။ သူလည်း စိုးကျော်တံတားပေါ်မှာ ဘာဆက်လုပ်ရမှန်းကို မသိတော့ပါ။ ယဉ်သွယ်ရက်စက်တယ်ဟုပင် ခပ်တိုးတိုးရေရွတ်ကာ စိုးကိုအောင် ကျိတ်ပြီးကြေကွဲနေမိသည်။ ပို၍



www.burmeseclassic.com

www.burmeseclassic.com



လွတ်လွတ်လပ်လပ် ကြေကွဲရအောင် သူက ဖုန်းကိုပြန်ပိတ်ထားလိုက်၏။ ထိုအခိုက် . . .

"ဆေးလိပ်သောက်ဦးမလား အကို"

အနားရောက်လာသည့် ဈေးသည်လေးကြောင့် သူ့အတွေးတွေ ခဏမျှရပ်သွား၏။ ပါးစပ်က ခပ်ချဉ်ချဉ်ဖြစ်နေသော်လည်း ပိုက်ဆံအိတ်ထဲမှာ အကြွေမရှိသောကြောင့် . . .

"သောက်တော့ သောက်ချင်ပါတယ်ကွာ၊ ငါ့မှာလည်း တစ်ထောင်တန်ကြီးဆိုတော့ မင်းကိုအကြွေပြန်အမ်းခိုင်းရမှာ အားနာလို့"

စိုးကိုအောင်က တစ်ထောင်တန်ကိုပြရင်း ပြောလိုက်၏။ ဈေးသည်ချာတိတ်က ဘယ်လောက်ရောင်းချင်နေသည်မသိ။ ချက်ချင်းပြာပြာသလဲနှင့် . . .

"ဟာ . . ရပါတယ်ဗျာ၊ ယူ ယူ . . ကျွန်တော်က အကြွေလဲပေးချင်နေတာ"

ပြောရင်း လန်ဒန်တစ်လိပ်ပါထုတ်ပေး၍ စိုးကိုအောင်တမီးညှိလိုက်သည်။ ဈေးသည်လေးက ပိုက်ဆံအကြွေများကို ရေတွက်ပေးရင်း . . .

"အကို အသေအချာစစ်ဦးနော်၊ ပိုက်ဆံတွေက နည်းနည်းနွမ်းနေတယ်၊ ဒါပေမယ့် ထူးခြားတာတစ်ခုခုတော့ ပါမှာပါ"

ဈေးသည်ချာတိတ်က ထိုသို့ ခပ်တည်တည်ပြောပြီး လှည့်ထွက်သွားလေသည်။ စိုးကိုအောင်လည်း ပိုက်ဆံအကြွေတွေကိုကိုင်၍ ချာတိတ်ဘာပြောသွားတာလဲဟု စဉ်းစားနေလိုက်၏။ နောက်မှ ခေါင်းထဲမှာ လက်ခနဲဖြစ်သွားပြီး လက်ထဲက ပိုက်ဆံများကို တစ်ရွက်ချင်း အသေအချာ စူးစမ်းရှာကြည့်နေမိသည်။

နောက်ဆုံးတော့ အနည်းငယ်သစ်လွင်သော တစ်ရာတန်လေးတစ်ရွက်ပေါ်တွင် ရေးထားသည့် ဝါကျစာနှစ်ကြောင်းကို တွေ့လိုက်





ရပါသည်။

ရွှေဆောင်ရုပ်ရှင်ရုံမှာ (The Mummy) ဇာတ်ကား ပြနေပါတယ်။ အဲဒီရုပ်ရှင်ရုံရဲ့ အဆောက်အဦးတစ်နေရာမှာ စာအိတ်တစ်အိတ်ကို တိတ်အဝါနဲ့ ကပ်ထားပါတယ်။ အဲဒီစာအိတ်ထဲမှာ တတိယမြောက် ဂဏန်းနံပါတ်တစ်ခုရှိတယ်။ သွားရှာယူလိုက်ပါဦး။

ယဉ်သွယ်

P.S ⇨ ရုပ်ရှင်ပြတဲ့နေရာအထိ ဝင်ကြည့်စရာမလိုပါ။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

ရွှေဆောင်ရုပ်ရှင်ရုံရှိရာ မြို့ထဲဘက်သို့ လျှောက်လာရင်း စိုးကိုအောင် ဗိုက်ဆာသလို ဖြစ်လာ၏။ နာရီကြည့်လိုက်တော့ နှစ်နာရီ ထိုးခါနီးပြီ။ ယဉ်သွယ်ညွှန်ကြားသမျှကို ဇောနှင့်လိုက်လုပ်နေမိ၍ အချိန်တွေက ဘယ်လိုကုန်သွားမှန်းမသိလိုက်။ ခုလည်း ထမင်းဝင်စားရင် ကောင်းမလား။ ဒါမှမဟုတ် ရွှေဆောင်ရုပ်ရှင်ရုံမှ ဂဏန်းတစ်လုံးကိုပဲ အရင်သွားရှာရမလားဆိုတာ သူဝေခွဲမရ ဖြစ်နေမိသည်။ ယဉ်သွယ်က လည်း လေးနာရီအထိပဲစောင့်မည်ဟု စာထဲမှာ ရေးထားသည်။ အခု နှစ်နာရီဆိုတော့ ကြားထဲမှာ နှစ်နာရီပဲ ရှိတော့မည်။ ရွှေဆောင် ရုပ်ရှင်ရုံမှာ နောက်ထပ်ဂဏန်းတစ်လုံးရပြီးလျှင် ဘယ်ကိုထပ်သွားခိုင်း ဦးမည် မသိသေးသဖြင့် ထမင်းစားရန် အစီအစဉ်ကို သူလက်လျှော့ လိုက်ပါ၏။

အဆာပြေ ပူတင်းပေါင်မုန့်တစ်လုံးဝယ်စားရင်း ရွှေဆောင်ရုံ





ရှေ့သို့ စိုးကိုအောင် ရောက်ရှိလာခဲ့သည်။ ရုပ်ရှင်ရုံဆင်ဝင်အောက်မှာ သူခြေစုံရပ်လိုက်၏။ ဒီရုပ်ရှင်ရုံ အဆောက်အအုံကြီးရဲ့ တစ်နေရာမှာ တိတ်အဝါနှင့်ကပ်ထားသော စာအိတ်တစ်အိတ်ကို ရှာတွေ့ဖို့ မလွယ် မှန်း သူစဉ်းစားမိပါသည်။ ဘယ်နေရာကို အရင်သွားရှာရမှန်းလည်း သူမသိချေ။ ထို့ကြောင့် လက်မှတ်ရောင်းသည့် နေရာမှစ၍ သူက မျက်စိကို အလုပ်ပေးထားလိုက်၏။

ရုပ်ရှင်ကားကလည်း ပြီးခဲ့သည့်သောကြာနေ့ကမှ လဲထား သောကားသစ်မို့ သုံးနာရီပွဲလက်မှတ်ဝယ်သူတွေနှင့် ကြိတ်ကြိတ်တိုး နေကြသည်။

လက်မှတ်အရောင်းအဝယ်လုပ်သော မိန်းမကြီးတစ်ယောက် က စိုးကိုအောင်အနားရောက်လာပြီး . . .

"မောင်လေး . . လက်မှတ်ယူဦးမလား၊ ငါးရာတန်းကို ရှစ်ရာ ပဲပေး"

အရေးထဲမှာ သူ့ကို မှောင်ခိုလက်မှတ်က လာရောင်းနေသေး သည်။ စိုးကိုအောင်က စိတ်ရှုပ်စွာဖြင့် . . .

"မယူဘူးဗျာ၊ ကြည့်လည်း မကြည့်ဘူး၊ ကြည့်ချင်ရင်လည်း ဘယ်တော့မှ ဘလက် (Black) မဝယ်ဘူး"

"အမလေး ကြီးကျယ်လိုက်တာ"

မိန်းမကြီးက မကျေမနပ်ပြော၍ လှည့်ထွက်သွား၏။ မည်သို့ ပင်ဖြစ်စေ သူကတော့ ရုပ်ရှင်ကို တစ်ခါမှ မှောင်ခိုဝယ်ကြည့်ရန် စိတ် မကူးခဲ့ဖူးသူဖြစ်သည်။ ခုလည်း ရုပ်ရှင်ကြည့်ရန် မဟုတ်သောကြောင့် သူက ရုံထဲမှန်ရုံများကို လျှောက်ကြည့်ရင်း တိတ်အဝါဖြင့်ကပ်ထားမည့် စာအိတ်ကို လိုက်ရှာနေမိသည်။

သူရှာတာ အောက်ထပ်တစ်ထပ်လုံးတော့ ကုန်သွားပြီ။ ဘာမှထူးထူးခြားခြား မတွေ့ရချေ။ ယဉ်သွယ်ကို လျှော့တွက်လို့မရမှန်း



www.burmeseclassic.com

www.burmeseclassic.com



သိသဖြင့် ယောက်ျားလေးအိမ်သာထဲသို့ပင် ဝင်ကြည့်လိုက်သေးသည်။ ရုပ်ရှင်ရုံ အောက်ထပ်တစ်ခုလုံးကို စေ့စေ့စပ်စပ်ရှာပြီးမှ အပေါ်ထပ်သို့ မျက်စိကစားရင်း တက်လာခဲ့၏။

အပေါ်ထပ်ရှိ နံရံများနှင့် အနားယူရန်ထားသည့် ထိုင်ခုံလေးများပါမကျန် သူလိုက်ရှာကြည့်မိသည်။ ရုပ်ရှင်ပြသရာ အမှောင်ခန်းအထိ ဝင်ရှာဖို့မလိုဟုဆိုထားသဖြင့် အမျိုးသမီးအိမ်သာမှလွဲ၍ နေရာအားလုံးစုံသွားပြီ။ သူ့မှာ ခြေကုန်လက်ပန်းကျပြီး လူများကွက်ကြည့်ကွက်ကြည့် အလုပ်ခံရတာပဲ အဖတ်တင်သည်။ နည်းနည်းနီးစပ်တာလေးပင် မတွေ့ရသောကြောင့် သူက အပြင်ဘက်ဝရံတာကို ထွက်၍ ရှာပြန်သည်။

ဝရံတာလက်ရန်းများနှင့် အမှိုက်ပုံးပါ စိုးကိုအောင်လိုက်ရှာကြည့်လိုက်သည်။ ဘာဆို ဘာမှ မတွေ့ရ။ ပြီးမှ အပေါ်မှာချိတ်ထားသည့် ရုပ်ရှင်ပိုစတာဘုတ်ကြီးကို သူမော့ကြည့်လိုက်ပါ၏။ (The Mummy) ကားသစ်မှ မင်းသားဂျက်လီကိုသာ မိန့်မိန့်ကြီးတွေ့ရလေသည်။ သူရှာတာ နေရာနှံ့နေပြီမို့ ဘာလုပ်ရမှန်းမသိဘဲ ဝရံတာပေါ်မှာ ခဏရပ်နေမိ၏။ ဒီတစ်ခါမှ သူ့အတွက် အခက်ခဲဆုံးဖြစ်နေသည်။ တကယ်ဆို ယဉ်သွယ် သူ့အပေါ် ဒီလောက်အထိ မလုပ်သင့်ပေ။

ဝရံတာမှာရပ်ပြီး အကြံအိုက်နေစဉ်မှာပဲ အောက်ကခေါ်သံလိုလို ကြားလိုက်ရ၏။ ဘယ်သူ့ကိုမှန်းမသိသောကြောင့် စိုးကိုအောင်လည်း အများနည်းတူ ငုံ့ကြည့်လိုက်မိသည်။

အောက်က လှမ်းပြောနေသူက ရုပ်ရှင်ရုံမှ ဝန်ထမ်းယူနီဖောင်းနှင့်ဖြစ်သည်။ ထိုလူက ဝရံတာကို လက်ညှိုးထိုးပြကာ . . .

"ဒီမှာ . . ဒီမှာ . . ဝရံတာမှာရပ်နေတဲ့ တစ်ယောက်ဗျာ ဘယ်သူဖြစ်ဖြစ် ရပါတယ်၊ ခင်ဗျားတို့ရပ်နေတဲ့ ဝရံတာရဲ့အပြင်ဘက်က The Mummy ဆိုတဲ့ စာလုံးအနီပေါ်မှာ ဘယ်သူလက်ဆော့ပြီး





တိပ်အဝါကြီးကပ်သွားလဲ မသိဘူး။ ကျေးဇူးပြုပြီး နီးတဲ့လူ လှမ်းခွာလိုက်စမ်းပါ . . ."

ထိုအသံကြောင့် စိုးကိုအောင်တစ်ယောက် လှုပ်လှုပ်ရှားရှားဖြစ်သွား၏။ တိပ်အဝါဆိုတော့ ဟုတ်ပြီ။ ဝရံတာအပြင် ရှေ့ဘက်ကို သူအမြန်ငုံ့ကြည့်လိုက်သည်။ (The Mummy) ဟု စာလုံးဖော်ကာ ချိတ်ဆွဲထားသည့် စာလုံးနီနီများထဲမှ စာလုံးတစ်လုံး၏ထောင့်စွန်းတွင် တိပ်အဝါကြီးတစ်ခုကို ကပ်လျက်သား တွေ့လိုက်ရ၏။ ထိုနေရာနှင့် အနီးဆုံးနေရာသို့ စိုးကိုအောင်သွားလိုက်သည်။ တခြား လူတစ်ယောက်ကလည်း ဆွဲခွာပေးရန် ဟန်ပြင်နေလေသည်။

စိုးကိုအောင်က ထိုလူကို နောက်မှဆွဲလိုက်ပြီး . . .

"နေ . . နေ . . အကို၊ ကျွန်တော်ခွာမယ် . . ဖယ်ပေး"

ထိုလူက ကုန်းနေရာမှ မော့မကြည့်ဘဲ . . .

"ရပါတယ်ကွာ၊ ဒီမှာ မီတော့မယ်၊ ခဏလေး . . အင်း . . အဲ . ."

"မဟုတ်ဘူး . . မဟုတ်ဘူးဗျ၊ ကျွန်တော် . . ."

စကားပင် မဆုံးလိုက်ချေ။ ထိုလူက တာဝန်သိစွာနှင့် ခွာချပြီး တိပ်အဝါကို အောက်သို့လွှင့်ပစ်လိုက်တော့သည်။

"ဟာ . . ဟာ . . သွားပြီ . . သွားပါပြီ"

စိုးကိုအောင်၏ အာမေဋိတ်ကြောင့် ထိုလူက "ဘာဖြစ်တာလဲ" ဆိုသောအကြည့်ဖြင့် လှမ်းကြည့်၏။

စိုးကိုအောင်က ထိုလူ၏ ပုခုံးကိုကိုင်ကာ စိုးရိမ်တကြီးမေးလိုက်ပါသည်။

"အကို . . အကို၊ ခုနက တိပ်ထဲမှာ ဘာပါသေးလဲ"

"ဟာ . . ဘယ်သိမှာလဲ၊ ဒီအတိုင်းပဲ မမီမကမ်းနဲ့ ဆွဲခွာပစ်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



စကားဆုံးဆုံးချင်းပဲ သူအောက်ထပ်ကို ပြေးဆင်းသွားမိသည်။ အောက်က လမ်းမပေါ်ရောက်တော့ စိုးကိုအောင် ဘာမှမတွေ့ရတော့။ သူ့အမြင်အာရုံများ ပြာဝေသွားရှာသည်။ ပြီးမှ ခုနက လှမ်းအော်သည့်ဝန်ထမ်းကို လိုက်ရှာ၍မေးလိုက်၏။

"အကို . . အကို၊ ခုနက တိပ်အဝါလေ၊ ဟိုအပေါ်ကနေ ပစ်ချလိုက်တဲ့ တိပ်အဝါကောဟင် . . ."

ထိုဝန်ထမ်းက စိုးကိုအောင်ကို မယုံသင်္ကာဟန်ဖြင့် . . .

"ဘာလဲ . . အဲဒါက မင်းကပ်ထားတာလား၊ ဒါဆိုရင်တော့ ရုပ်ရှင်ရုံရဲ့ ဂုဏ်သရေကို နှောင့်ယှက်မှုနဲ့ မင်းရှင်းရလိမ့်မယ်"

စိုးကိုအောင်ခမျာ ဆံပင်တွေပါ ထောင်သွားရ၏။ နေရင်းထိုင်ရင်း ပြဿနာရှင်းနေရမည်စိုးသဖြင့် သူက ထိုဝန်ထမ်းအား ကပြာကယာ ငြင်းလိုက်ပါသည်။

"ဟာ . . မဟုတ်ပါဘူးဗျာ၊ ဒီလိုပါ . . ."

ဟုအစချီကာ ကျေနပ်အောင် အဖြစ်အပျက်ကို အတိုချုံးရှင်းပြလိုက်ရလေသည်။ တော်တော်လေး အာပေါက်သွားမှပဲ ထိုဝန်ထမ်းက လမ်းမထောင့်မှ အမှိုက်ပုံးကို လက်ညှိုးထိုးပြကာ ပြော၏။

"ရှုပ်နေတာပဲကွာ၊ ဘာတွေမှန်းကို မသိဘူး၊ ဟိုမှာ မင်းလိုချင်တာ အမှိုက်ပုံးထဲမှာ ငါလုံးထွေးပြီး ထည့်လိုက်တယ်"

စိုးကိုအောင်လည်း အမှိုက်ပုံးကိုကြည့်ပြီး ကိုယ့်နဖူးကိုယ်ရိုက်မိတော့၏။ အမှန်ဆို ဒီတိပ်အဝါကြီးကို မည်သူက တယုတယ သိမ်းထားမည်နည်း။ အစောကြီးထဲက အမှိုက်ပုံးထဲမှာ ရှာလိုက်လျှင် လေကုန်တော့မည်မဟုတ်။ ခုတော့ အပြောအဆိုခံရပြီးမှ ထိုတိပ်အဝါအလုံးကြီးကို နှိုက်ယူ၍ ဆွဲခွာကြည့်ရတော့သည်။

တိပ်တွေဖြင့် အထပ်ထပ်ပတ်ထားသောကြောင့် စာအိတ်ကိုပင် မမြင်ရ။ အတော်စိတ်ရှည်လက်ရှည်ခွာပြီးမှ ပြဲရွဲနေသော စာအိတ်





အဖြူသေးသေးလေးက ထွက်လာပါသည်။

အထဲကို ဖွင့်ကြည့်လိုက်တော့ သော့သေးသေးလေးတစ်ချောင်းနှင့် စာရွက်ကလေးတစ်ရွက်ကို တွေ့လိုက်ရ၏။

ဒီသော့လေးက ဘာအတွက်လဲဆိုတာ သူမသိသေး။ စာကို ဖတ်ကြည့်လိုက်၏။

သော့နဲ့အတူ (၃) သုံးဂဏန်းတစ်လုံး ထပ်ပေးလိုက်တယ်။ ဒါဆို ခြောက်နှစ်သုံး (၆၂၃) ပေါ့နော်။ ရန်ကုန်စာတိုက်ကြီးမှာ စာတိုက်သေတ္တာအမှတ် (၆၂၃) ရှိလိမ့်မယ်။ ဒီသော့နဲ့ သွားဖွင့်ကြည့်လိုက်ပါ။ ရှင်နဲ့ကျွန်မ တွေ့ရမယ့်နေရာက အဲဒီသေတ္တာလေးထဲမှာ ရှိနေတယ်။

ယဉ်သွယ်

သူ့တစ်ကိုယ်လုံး လေထဲမြောက်တက်သွားသလို ခံစားလိုက်ရသည်။ ပျော်ရွှင်မှုတွေက ရင်ထဲအထိ ပြန့်နှံ့စီးဝင်ကာ စိုးကိုအောင်တစ်ယောက် ဟေးခနဲ စိတ်လွတ်ကိုယ်လွတ် အော်လိုက်မိ၏။ ရွှေ့ဆောင်ရုပ်ရှင်ရုံရှေ့ရှိ အမှိုက်ပုံးနားတွင် သော့တစ်ချောင်းကိုင်၍ အရူးလိုအော်လိုက်သည့် စိုးကိုအောင်ကို လူများက ဝိုင်းကြည့်လိုက်ကြ၏။ သေချာသည်မှာ သူရှက်ဖို့မေ့နေလေသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## (၁၆)

ရွှေဆောင်ရုံမှ ရန်ကုန်စာတိုက်ကြီးသို့ လျှောက်လှမ်းလာသော စိုးကိုအောင်၏ ခြေလှမ်းများမှာ ပေါ့ပါးသွက်လက်နေပါသည်။ သူ့စိတ်ထဲမှာ ပင်ပန်းတာတွေ၊ ဗိုက်ဆာတာတွေလည်း မရှိတော့။ ပျော်ရွှင်မှုတွေက ရင်ထဲမှာ ပြည့်လျှံလျက်ရှိသည်။ တစ်ယောက်ယောက်ကို ပြောပြချင်စိတ်တွေက ထိန်းမရ၊ သိမ်းမရ ဖြစ်လာ၏။

ပိတ်ထားသော ဖုန်းကိုဖွင့်ကာ အောင်နိုင်ဦးဆီလှမ်းဆက်ပြီး ကြွားလိုက်ဦးမည်ဟု တွေးမိသေးသည်။ သို့သော်လည်း သူဖုန်းဖွင့်ဖွင့်ချင်းမှာပင် ဖုန်းက မြည်လာပါ၏။

ထို့ကြောင့် ဝင်လာသောဖုန်းကို အရင်နားထောင်လိုက်ရလေသည်။

"ဟဲလို . . ပြောပါ"

"ဟာ . . စိုးကိုအောင်ရာ၊ ဘာဖြစ်လို့ ဖုန်းကို တချိန်လုံး





ပိတ်ထားတာလဲ၊ ငါခေါ်နေတာကြာလှပြီ"

တဖက်မှ သူရ၏အသံကို အရေးတကြီး ကြားလိုက်ရ၏။ စိုးကိုအောင်ကလည်း ဝမ်းသာလုံးဆို့နေသူမို့ . . .

"ဟာ . . သူရ၊ ငါအခုပဲ အောင်နိုင်ဦးဆီ ဖုန်းခေါ်မလို့ လုပ်နေတာကွ၊ အဟီး . . ပြောစရာရှိလို့ပါကွာ၊ ဟိုလေ . . ငါဟိုတစ်ခါ ပြောတဲ့ကောင်မလေး မှတ်မိတယ်မဟုတ်လား"

"သိတယ် . . သိတယ်၊ ဒါနဲ့ မင်းအခု ဘယ်နားမှာလဲ၊ အမြန်ပြောကွာ"

"လမ်းပေါ်မှာလေ"

"ငါ့လခွီးထဲမှပဲ၊ လမ်းပေါ်မှာတော့ ငါလည်းသိတာပေါ့၊ ဘယ်အနားမှာလဲပြော၊ ငါမင်းနဲ့ တွေ့ချင်လို့ မင်းကိုရှာမရလို့ ဟိုကောင် အောင်နိုင်ဦးကို ဖုန်းခေါ်တာလည်း လုံးဝမရဘူး"

"ဘာတွေဖြစ်နေတာလဲကွာ၊ အရေးတကြီး . . ."

"တွေ့မှပြောမယ်ကွာ၊ ခုဘယ်မှာလဲ . . ."

"ငါ အခုစာတိုက်ကြီးနားကို ရောက်နေတာ၊ မင်းအဲဒီရှေ့ကိုပဲ အမြန်လာခဲ့တော့"

စကားကြောဖြတ်မရ၍ စာတိုက်ကြီးရှေ့ကို လာခိုင်းလိုက်ရ၏။ သူရရောက်လာတော့မှ အားရပါးရ ကြွားတော့မည်ဟုတွေးကာ စာတိုက်ကြီးထဲသို့ သူတက်ကြွစွာ ဝင်သွားလိုက်ပါသည်။

ဝန်ထမ်းတစ်ယောက်အား စာတိုက်သေတ္တာနံပါတ်ကိုပြော၍ ဆုံးစမ်းလိုက်၏။ စာတိုက်သေတ္တာအမှတ် (၆၂၃) ကိုဖွင့်နေသည့် သူ့လက်များသည် တုန်ရင်လျက်ရှိသည်။ စိုးကိုအောင် ရင်တွေခုန်နေသည်မှာ အထူးပြောစရာမရှိတော့ . . .။

စာတိုက်ပုံးလေးကို သော့ဖွင့်ကာ အထဲမှ စာရွက်ခေါက်တလေးကို လှမ်းယူလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ညီညာသေသပ်သော လက်ရေးလေးများက သူ့ရင်ထဲသို့ တစ်လုံးချင်း ခုန်ဝင်လာပါတော့သည်။

ကိုစိုးကိုအောင်

ရှင်နဲ့ထပ်တူ ကျွန်မဝမ်းသာပါတယ်။ ခုကျွန်မ ယုဇနပလာဇာ ဒုတိယထပ်က (Mr,Brown) ကော်ဖီဆိုင်မှာ လေးနာရီထိ ရှင့်ကို စောင့်နေမယ်။

ယဉ်သွယ်

ထိုစာကို ဖတ်ပြီးသွားချိန်တွင် သူတစ်နေ့လုံး အပြေးအလွှား နှင့် ပင်ပန်းခဲ့သမျှများအားလုံး ယူပစ်လိုက်သလို ပျောက်သွားပါတော့ သည်။ ခုဆို ယဉ်သွယ်တစ်ယောက် သူ့ကိုစောင့်နေပေတော့မည်။ ဒီပဟေဠိတွေဖော်နိုင်မှ သူမဆီရောက်မှာမို့ ယဉ်သွယ်လည်း ရင်ခုန် နေမှာသေချာသည်။ လူချင်းတွေ့သည်နှင့် သူ့ကြိုးစားမှုတွေကို သူမ အသိအမှတ်ပြုပြီးသားပေ့ါ။ သူတို့နှစ်ယောက်၏ တွေ့ဆုံမှုက စိတ် လှုပ်ရှားဖွယ်ရာအတိဖြင့် ရင်ခုန်စရာကောင်းလှ၏။

သူက အထဲမှာ ဘာမှမရှိတော့သည့် စာတိုက်ပုံးလေးကို သော့ပိတ်လိုက်ပါသည်။ ဒီနေ့တစ်ရက်လုံး သူရှာဖွေထားသော ပစ္စည်းများကို သော့လေးနှင့်အတူ စာအိတ်အညိုကြီးထဲသို့ အားလုံး ရောရှုံထည့်လိုက်၏။

နာရီဆီကြည့်လိုက်တော့ သုံးနာရီထိုးရန် ငါးမိနစ်ခန့် လိုသေး သည်။ စာတိုက်ကြီးအပြင်ဘက်သို့ စိုးကိုအောင် ပြန်ထွက်လာခဲ့ပါ သည်။ မွန်းတည့်ကောင်းကင်မှ အလင်းတန်းများပင် အားပျော့စ ပြုနေ လေပြီ။ ရန်ကုန်မြစ်ရှိရာ ဆိပ်ကမ်းဘက်မှ တိုက်ခတ်လာသော လေအေး တို့ကြောင့် သူ့ရင်တစ်ခုလုံး အေးမြလို့သွား၏။

* * * *



(၁၇)

"ဟော့ကောင် . . စိုးကိုအောင်၊ ငါဒီမှာ . . ."

အသံနှင့်အတူ အငှားကားတစ်စီးဘေးနားမှ သူရကို လှမ်းတွေ့ လိုက်ရ၏။ စိုးကိုအောင်က လက်လှမ်းပြရင်း လျှောက်သွားလိုက်သည်။

သူရက သူလာနေတာကိုပင် မစောင့်ဘဲ အမြန်လျှောက်လာ တာ . . .

"ဟော့ကောင် . . မင်းသွေးစစ်ဖူးလား"

"ဟာ . . ဘာဖြစ်လို့လဲ"

"ဒီလိုကွာ၊ မင်းမှာ HIV ပိုးတွေဘာတွေ မရှိပါဘူးနော်"

"ကျွတ်(စ်) . . သူရ၊ မင်း ဘာတွေလာမေးနေတာလဲကွ"

စိတ်တိုတိုဖြင့် စိုးကိုအောင် ပြန်အော်လိုက်သည်။ သူ့ပုံစံကို ကြည့်ကာ သူရက . . .

"ဟာ . . ဆောရီး၊ ငါလော့သွားလို့ကွ၊ ဒီလိုကွာ၊ ငါ့အစ်မ



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းကွဲတစ်ယောက် ကလေးမီးဖွားတာ ခုအရေးပေါ် သွေးလိုနေလို့ ဆေးရုံမှာလည်း အေဘီ (AB) သွေးက အဆင်သင့်မရှိဘူး ဖြစ်နေတယ်၊ အဲဒါ မင်းသွေးအုပ်စုက အေဘီ (AB) ဆိုတာ သတိရလို့ မင်းကိုလိုက်ရှာနေတာကွ"

မနက်တုန်းက သူရအိမ် ဖုန်းဆက်မိတာကို သတိပြန်ရလာ၏။ ထို့ကြောင့် စိုးကိုအောင်က . . .

"ဟေ . . ဟုတ်လား၊ ငါတောင် မနက်က မင်းအိမ်ကို ဖုန်းလှမ်းဆက်လိုက်သေးတယ်"

"အေး . . ပြောတယ် . . ပြောတယ်၊ လာကွာ၊ မင်းအခုလိုက်ခဲ့ . . ."

"ဘယ်ဆေးရုံမှာလဲ"

သူ့အမေးကို သူရက . . .

"ဒီနားက ဂန္ဒီဆေးရုံမှာပါ၊ လာပါကွာ၊ တကယ် အရေးပေါ်ဖြစ်နေလို့"

သူရကပြောရင်း သူ့လက်ကို အတင်းဆွဲတော့၏။ နာရီကိုကြည့်ရင်း စိုးကိုအောင် ဘာလုပ်ရမှန်းမသိ ဖြစ်သွား၏။ တစ်နာရီလောက်လိုနေသေးတာကြောင့် လိုက်သွားလျှင် အချိန်တော့မီနိုင်ပါသည်။ နောက်ဆုံးမမီလည်း ကိစ္စမရှိပါ။ လူ (မိခင်နှင့်ကလေး) နှစ်ယောက်၏ အသက်အတွက် လောလောဆယ် သူဘာကိုမဆို ရင်ဆိုင်ရဲရမည်၊ နောက်ကိစ္စ နောက်မှပဲရှင်းတော့မည်ဟု ဆုံးဖြတ်ကာ သူရဖွင့်ပေးသော ကားတံခါးထဲကို ဝင်ထိုင်လိုက်ပါသည်။

သူရက ကျေးဇူးပဲကွာဟုပြောရင်း သူ့ပုခုံးကို အသာလာဖျစ်သည်၊ စိုးကိုအောင်စိတ်ထဲမှာ ကြည်နူးသွားရ၏။ ရုတ်တရက် မျက်ဝန်းထဲတွင် ပေါ်လာသော ယဉ်သွယ့်မျက်နှာလေးကိုတော့ "ဆောရီး" ဟု တိုးတိုးလေး တောင်းပန်လိုက်မိပါသည်။





လောကသည် တစ်ခါတရံ တရားမျှတစွာ လွဲချော်နေတတ်၏။ မမြင်နိုင်သော ကံကြမ္မာအလံတော်က လေမှာလွင့်လျက် ရှိလေသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

ဆရာဝန်တွေက ဆေးရုံရောက်ရောက်ချင်း စိုးကိုအောင်ကို သွေးဖောက်ကာ လိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်ကြ၏။ ဘဝ တစ်လျှောက်လုံး မူးယစ်ဆေးဝါးနှင့် အပျော်အပါး မလိုက်စားခဲ့ဖူး သည့် သူ့အတွက်တော့ စိတ်ပူစရာ သိပ်မရှိပါ။ စိတ်ရှင်းရှင်းပင် သွေးစစ်ခံလိုက်ပါသည်။

တစ်ခါမှ သွေးမလှူဖူးသော်လည်း ခုလိုသွေးလှူရသော အရသာကို ကြည်နူးစွာ ခံစားနေရ၏။ တစ်ပါးသူအသက်ကယ်ဖို့ ကိုယ့်သွေးကို ဒါနလုပ်လိုက်ရသည့်အတွက်လည်း ဖော်မပြနိုင်အောင် ပီတိဖြစ်မိသည်။ မကြာခဏဆိုသလို လှူဒါန်းနေကြသော သွေးလှူရှင် များကိုလည်း စိတ်ထဲက အရမ်းလေးစားသွား၏။ ယခုတော့ သူသည် လည်း သွေးလှူရှင်ဖြစ်နေပြီ။ သွေးလှူနေစဉ်အတွင်း သွေးလှူခြင်း၏ အကျိုးကုသိုလ်များကို ပြောပြနေသော ဆရာမလေးကိုကြည့်ရင်





နောင်တွင်လည်း အခွင့်သင့်တိုင်း သူသွေးလှူတော့မည်ဟု ဆုံးဖြတ် လိုက်မိပါသည်။

သွေးလှူပြီးသွားတော့ ကုတင်ပေါ် အသာမှိန်းနေလိုက်ရ သေး၏။ သူနာပြုဆရာမက "ခဏလေး" ဟုပြောထားပေမယ့်လည်း သူ့စိတ်တွေက ဒီမှာမနေချင်တော့။ ဆေးရုံမှာကြောင့် မဟုတ်ပါ။ ဒီကိစ္စပြီးလျှင် ယဉ်သွယ်နှင့် တွေ့ဖို့ရှိသေးသည် မဟုတ်ပါလား။

နာရီကိုကြည့်လိုက်တော့ လေးနာရီထိုးရန် ဆယ်မိနစ်ကျော် လောက် လိုနေသေးသည်။ ထိုအချိန်မှာပဲ သူရက အခန်းထဲသို့ဝင် လာ၏။

"ကျေးဇူးပါပဲ စိုးကိုအောင်ရာ၊ မင်းဆီက သွေးရမှ အော်ပရေး ရှင်း လုပ်ရမှာကွ၊ ခုတော့ အဆင်ပြေသွားပြီ"

နှဖူးမှချွေးစက်တွေကိုသုတ်ရင်း သူရက ထိုသို့ဆို၏။ စိုးကို အောင်က ပြန်ပြုံးပြကာ . . .

"မလိုပါဘူးကွာ၊ သူငယ်ချင်းချင်းတွေပဲ၊ သူများတွေဆို ဒီ အတိုင်းတောင် လှူနေကြသေးတာပဲ၊ ဒါဆို ဘိုကေနော် သူရ၊ အခု တော့ ငါအရေးကြီးလို့ သွားလိုက်ဦးမယ်"

ကုတင်ပေါ်မှ သူရုတ်တရက်ထလိုက်တော့ သူရက သူ့ကို စိုးရိမ်တကြီးလှမ်းကြည့်ပြီး တားလိုက်ပါသည်။

"စိုးကိုအောင် . . ခဏနေဦးလေ၊ မင်းအားပြန်ပြည့်အောင် တစ်ခုခုတော့ သောက်မှဖြစ်မှာပေါ့။ ဟို . . ကြက်ဥနဲ့ . . ."

"ရတယ်ကွာ၊ ငါ့ဘာသာငါပဲ လမ်းမှာသောက်လိုက်တော့ မယ်၊ လစ်ပြီ ဟေ့ကောင်"

သူက သူရကို စကားဖြတ်ပြီး ကုတင်ပေါ်မှထကာ သူ့ဖိနပ် တန်ပြင်လိုက်သည်။ ချက်ချင်းဆို သူက အခန်းပေါက်ဝသို့ရောက် သွား၏။ သူ့နောက်မှ သူရက ပြေးလိုက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"စိုးကိုအောင် . . စိုးကိုအောင် . . ဟာ . . . နေဦး၊ အပြင်မှာ နေပူတယ်ကွ၊ ဦးထုပ်ယူသွားဦး၊ မင်းမူးလဲနေဦးမယ်"

သူရပေးလိုက်သည့် ဦးထုပ်ကိုယူလိုက်ပြီး သူက ပြော၏။

"ညကျမှ ဖုန်းဆက်လိုက်မယ်"

ထို့နောက် သူဆေးရုံပေါ်မှ ပြေးဆင်းလာခဲ့သည်။ အောက်ကိုရောက်တော့ Taxi တစ်စီးပေါ် ဈေးမဆစ်ဘဲဝင်ထိုင်ကာ ယုဇနပလာဇာသို့ အမြန်မောင်းခိုင်းလိုက်၏။

"အကို . . ဒီဂန္ဒီဆေးရုံနဲ့ ပလာဇာကို ဆယ်မိနစ်နဲ့ ရောက်အောင်မောင်းပေးပါဗျာ၊ ကားခတောင်းသလောက် ပေးပါ့မယ်"

အရပ်ပုပုနှင့် အငှားကားဒရိုင်ဘာက သူ့ကိုငဲ့ကြည့်ပြီး . .

"အိုကေ . . ကြိုက်ပြီ၊ ရဲဝင်းတို့က ကားမောင်းစားလာတာအံ့တို့ . . အဲ ခြေတိုနေပြီကွ၊ ခင်ဗျားစကားအတိုင်းပဲနော်၊ ကြည့်ထား . . ရှစ်မိနစ်နဲ့ ရောက်အောင်မောင်းပြမယ်"

ဒရိုင်ဘာသည် အရပ်ပုပု၊ လူကောင်ညှက်ညှက်နှင့်ပင် မလိုက်ဘဲ စကားကြီး၊ စကားကျယ်ပြော၍ ကားကိုလည်း တရှိန်ထိုးမောင်းထွက်လာခဲ့ပါသည်။

အကြွမ်းစားကြီးဆိုတော့ စိုးကိုအောင်မှာ လန့်သွားမိ၏။

"ဟာ . . အကို . . အကို၊ ဒီလောက် အ္ဓရမ်းကြီးလဲ မလုပ်နဲ့လေ"

"ဟဲ . . ဟဲ . . ရဲဝင်းပါကွ . . ရဲဝင်းပါ"

ဘာမှလည်း မဆိုင်ချေ။ သူ့ဟာသူ ရဲဝင်းဖြစ်တိုင်း ကိုယ်ကအချောင်ရောပြီး အသေခံရမှာလား။ (ဒါကြောင့်လည်း စာရေးဆရာနီကိုရဲနှင့် နာမည်ချင်းလာတူနေတာ ဖြစ်ရမည်။) သူက ထိုရဲဝင်းဆိုသော ဒရိုင်ဘာခပ်သေးသေးလေးကို . . .

"ဟုတ်ပါပြီ ကိုရဲဝင်းရယ်၊ ကိုရဲဝင်းဟာ မိုက်ကယ်ရှူးမေကားနဲ့





အဆင့်ချင်းလည်ပယ်လောက်ရှိမှန်းကို ရိပ်မိပါပြီ၊ ဒါပေမယ့် ဖြေးဖြေးနော်၊ ဆယ်မိနစ်နဲ့ ဟိုကိုရောက်ရင်တော်ပါပြီ"

ထိုသို့ လေပြေထိုးလိုက်မှပဲ ကိုရဲဝင်းလေးက ကားကို အရှိန်လျော့သွားပါတော့သည်။ သို့သော်လည်း လေးနာရီတိတိ၌ ပြောသည့်အတိုင်း ယုဇနပလာဇာရှေ့သို့ ရောက်သွားသဖြင့် ကားခကို ခြောက်ထောင်ကျတယ်ဆိုပြီး မတန်တဆ တောင်းယူသွားပါသည်။ ကားမောင်းပညာအားကိုးနှင့် ကိုရဲဝင်းက ဒါမျိုးလုပ်စားနေတာ ကြာလှပြီ။ သူကတော့ လိုရာခရီးကို အချိန်ကိုက်ရောက်၍ ပိုက်ဆံခြောက်ထောင်ကို ကျေကျေနပ်နပ်ပဲ ပေးလိုက်ပါသည်။

နောက်တော့ သူက ယုဇနပလာဇာထဲသို့ ဝရုန်းသုန်းကားပြေးဝင်ကာ ရွေ့လျားစက်လှေကားမှ ပြေးတက်လာခဲ့၏။ ဒီအချိန်မှာ စက်လှေကား၏ ဖြေးဖြေးချင်း ရွေ့လျားနေမှုကို သူသည်းမခံနိုင်တာ သဘာဝကျပါသည်။ လေးနာရီက မိနစ်အနည်းငယ်ခန့် စွန်းနေပြီ။ ဒုတိယထပ်သို့အရောက် စက်လှေကားပေါ်မှ ပြေးအဆင်းတွင် စိုးကိုအောင်ခေါင်းထဲမှာ မိုက်ခနဲဖြစ်ကာ မူးဝေလို့သွား၏။ သူလည်း ခေါင်းငုံ့ကာ ရုတ်တရက် ထိုင်ချလိုက်ရသည်။ နှစ်မိနစ်ခန့်ကြာမှပဲ အမူးကပြေသွား၏။ အမူးပြေသည်နှင့် (Mr,Brown) ကော်ဖီဆိုင်ရှိရာသို့ စိုးကိုအောင် ပြေးသွားလိုက်ပြန်သည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# (၁၉)

လေးနာရီထိုးသည်အထိ စောင့်ဆိုင်းပြီးနောက် သူမတာဝန်ကျေပြီဟု ယဥ်သွယ်သတ်မှတ်လိုက်ပါသည်။ လက်ပတ်နာရီကိုကြည့်ရင်း လေးတိ၊ လေးကန်နှင့် ထိုင်နေရာမှ ထလိုက်၏။ လေးနာရီမထိုးမီအထိ စိုးကိုအောင်ရောက်လာချိန်ကို သူမမျှော်လင့်ခဲ့မိသည်။ ဂဏန်းနံပါတ်တွေ အားလုံးကိုလည်း အဆင်ပြေပြေတွေ့နိုင်အောင် သူမစီစဉ်ထားခဲ့၏။ တွေ့ပါစေဟုလည်း ဆုတောင်းခဲ့ပြီးပြီ။ ဒီအချိန်မှ ရောက်မလာရင် သူလွဲချော်သွားလို့သာပေါ့။

စိုးကိုအောင် မသိနိုင်တော့သည့် ဒီနေရာမှာ သူမဆက်မနေချင်ပါ။ ဒါက်တရားပဲလား။ စိုးကိုအောင်ညံ့လွန်းတာပဲလား။ ဝေခွဲမရစွာ သက်ပြင်းချရင်း (Mr,Brown) ကော်ဖီဆိုင်လေးမှ ယဥ်သွယ်ထွက်လာခဲ့ပါတော့သည်။

လေးနာရီအထိ မောပန်းစွာ စောင့်စားခဲ့ရသောကြောင့် သူမ





ရင်ခုန်သံတွေက မရပ်ချင်သေး။ ဒုတိယထပ် စက်လှေကားမှအဆင်းတွင် နောက်ဆုံးကြွင်းကျန်ရစ်သော မျှော်လင့်ချက်ကလေးဖြင့် ပတ်ဝန်းကျင်ကို ကြည့်မိသေး၏။ ဒါသည် သူမ၏ တဖက်သတ် စိတ်ကူးယဥ်မှုသာ ဖြစ်ပါလိမ့်မည်။ စိုးကိုအောင်မှ ဒီနေရာကို မသိနိုင်တော့တာပဲ။

ဘေးချင်းကပ် အတက်စက်လှေကားမှာလည်း လူသိပ်များများစားစား မရှိလှပါ။ မတ်တပ်ရပ်တက်လာသူ နှစ်ယောက်နှင့် ဦးထုပ်ဆောင်းသားသော လူရွယ်တစ်ယောက်ကိုပဲ သူမတွေ့လိုက်ရပါသည်။ လက်ကျန်မျှော်လင့်ချက်အားလုံးကို လုံးဝရုပ်သိမ်းလိုက်ကာ ယုဇနပလာဇာပေါ်မှ ယဥ်သွယ်ဆင်းလာခဲ့ပါတော့သည်။

အောက်ဆုံးမြေညီထပ်ကို ရောက်လာသည့်တိုင်အောင် စိတ်က မပြတ်ချင်ပေ။ အပေါ်ထပ်ကို ပြန်သွားကြည့်ရင် ကောင်းမလား၊ သူနောက်ကျနေတာလည်း ဖြစ်နိုင်တာပဲဟုပင် စဉ်းစားမိသေး၏။ တကယ်တမ်း တွေးကြည့်တော့ ဒီစာတိုက်သေတ္တာနံပါတ်သုံးလုံးကို ညနေလေးနာရီအထိ ရှာရန်မလိုပါ။ စိုးကိုအောင် ညံ့ဖျင်းလွန်း၍သာ သူမဆီမရောက်လာတာ ဖြစ်ရမည်ဟုတွေးမိပြီး ခေါင်းကိုပဲ ခါရမ်းနေမိတော့သည်။

သူမနှင့် စိုးကိုအောင်ကြားမှာ မလိုအပ်တော့သည့် စာရွက်ကလေးကိုပြန်ယူရန် ရန်ကုန်စာတိုက်ကြီးသို့ ယဥ်သွယ်တားမောင်းထွက်လာခဲ့၏။ သူမဆီမှာလည်း သော့အပိုလေးတစ်ချောင်း ရှိနေသည်ပဲ။ ကားမောင်းနေရင်းမှ စိုးကိုအောင်နှင့် ဆုံခဲ့ရသော ခဏလေးတွေကို ပြန်လည်သတိရနေမိသည်။ သို့သော်လည်း အားလုံးပြီးဆုံးသွားလေပြီ။ စိုးကိုအောင်နှင့် သူမဆုံတွေ့ရန် ဘာအကြောင်းမှ မရှိတော့ . . . ။

ဒီနေ့ကိစ္စတွေ အားလုံးကိုလည်း သူမ၏စိတ်ကူးယဥ်ရူးသွပ်မှုများအဖြစ် သတ်မှတ်ထားလိုက်ပါသည်။ ဒါဖြင့် သူမ၏ အနာဂတ်ကံကြမ္မာက မိဘများစီစဉ်ထားသည့်အတိုင်းပဲ ဖြစ်ပေလိမ့်မည်။ သူမ



www.burmeseclassic.com

www.burmeseclassic.com



သည် သူ့ကြောင့်အချစ်ကို ထွက်ပေါက်တစ်ခုအဖြစ် မျှော်လင့်မိခဲ့ပြီး ယခုတော့ ထိုမျှော်လင့်ချက်များအားလုံးသည် မှုန်ဝါးပျောက်ကွယ်သွားပြန်၏။ သူမဝမ်းနည်းစွာဖြင့် တွေးထင်မိနေစဉ်မှာပဲ ပါးပြင်ပေါ်သို့ မျက်ရည်စများ၏ အထိအတွေ့ကို အံ့ဩစွာ ခံစားလိုက်ရပါသည်။

ဘုရားရေ . . ။ ငါ ယောကျ်ားတစ်ယောက်ကို ချစ်မိသွားပြီလား။ နောက်ပြီး နာနာကျင်ကျင် ဆုံးရှုံးရတော့မှာလား။

စာတိုက်သေတ္တာအမှတ် (၆၂၃) ကိုဖွင့်နေသော သူမလက်များသည် အေးစက်တောင့်တင်းလျက်ရှိ၏။ သော့ကိုဖွင့်ပြီး အထဲက စာရွက်ကိုလှမ်းယူရန် တစ်ချက်ကြည့်လိုက်ပါသည်။

ထိုစာတိုက်ပုံးထဲမှာ ဗလာများဖြင့် ပြည့်နေလေသည်။ သူမထားခဲ့သည့် စာရွက်ကလေးက မရှိတော့ . . ။ တင်ဒမျှ သူမတွေဝေသွားသေး၏။

ဒါဆို . . ဒါဆိုရင် . . သူလာယူသွားနိုင်ခဲ့တာပေါ့။

ရုတ်တရက် အရှိန်ပြင်းစွာ စီးဝင်လာသော ပျော်ရွှင်မှုမျိုးကို သူမခံစားလိုက်ရပြန်သည်။ အချိန်လေးနည်းနည်း ထပ်မစောင့်နေမိခဲ့သော သူမကိုယ်သူမလည်း အပြစ်တင်မဆုံးတော့။ ဒီတိုင်းဆိုလျှင် စိုးကိုအောင်သည် လေးနာရီထိုးခါနီးမှ သူမစာကို ရသွားတာပဲ ဖြစ်ရမည်။ လောလောဆယ် သူမနှင့် မတွေ့လိုက်ရသော်လည်း စိုးကိုအောင် ထိုစာကိုရသွားခြင်းအတွက်တော့ သူမကျေနပ်လို့သွား၏။ အခုဆို သူတို့နှစ်ယောက်မှာ သော့တစ်ယောက်တစ်ချောင်းစီ ရှိနေကြပြီ။ နောက်ထပ်ဆက်သွယ်ရန် မခက်တော့ဟု သူမရွှင်မြူးစွာ တွေးမိလိုက်ပါသည်။

ယဉ်သွယ်တစ်ယောက်တည်း စာတိုက်ပုံးလေးရှေ့မှာ ရပ်နေစဉ်မှာပဲ ဝန်ထမ်းတစ်ယောက်ရောက်လာပြီး . . .

"ညီမလေး . . ဒီ (၆၂၃) ထဲကစာတွေကို လူတစ်ယောက်





ကျွန်တော့်ကိုလာမေးပြီး ယူသွားပြီးပြီဗျ"

သူမကို စာလာယူသူဟုထင်၍ ပြောနေခြင်းသာဖြစ်သည်။ ယဉ်သွယ်က ထိုဝန်ထမ်းအား အပြုံးမြမြဖြင့်ကြည့်ကာ . . .

"ကျွန်မ သိပါတယ်၊ အဲဒါကို သူယူမယူ လာကြည့်တာပါ၊ သေချာတာက သူလေးနာရီထိုးခါနီးလောက်မှ လာယူသွားတာ မဟုတ်လား"

ယဉ်သွယ်က အပိုင်မေးချလိုက်၏။ ထိုဝန်ထမ်းက ခေါင်းခါရင်း . . .

"မဟုတ်ဘူးဗျ၊ အဲဒီလူ လာယူသွားတာ သုံးနာရီမထိုးခင်လောက်ကပါ၊ သေချာပါတယ်၊ သူထွက်သွားပြီး ကျွန်တော်လက်ဖက်ရည်ထွက်သောက်တော့မှ သုံးနာရီထိုးတာဗျ"

ထိုလူက သူမကို မှတ်မှတ်ရရပြောပြရင်း လှည့်ထွက်သွားပါသည်။

သူ . . ။ သူ သုံးနာရီမထိုးခင်ကပဲ ဒီစာကိုရသွားတာတဲ့ . . ။ ဒါဆို သူ ငါစောင့်နေတာကိုသိလျက်နဲ့ တမင်မလာဘဲ ငါ့ကို အနိုင်ယူသွားတာလား။ ဟင့်အင်း . . ငါလည်းမရှုံးပါဘူး။ ဘာဖြစ်လို့ ခံစားနေရမှာလဲ . . . ။

စူးရှပြင်းထန်သော နာကျင်မှုများက သူမကို ချက်ချင်းဖိစီးလာကြ၏။ သူမသည် နှုတ်ခမ်းကို ပြတ်လုမတတ်ကိုက်ရင်း စာတိုက်ပုံးလေးကို သော့ပိတ်လိုက်ပါသည်။

လမ်းမပေါ်သို့ရောက်ရောက်ချင်း သူမက သော့တလေးကို အဝေးသို့ လွှင့်ပစ်လိုက်၏။ ထိုသော့လေးနှင့်အတူ သူမ၏အိပ်မက်လှလှတွေလည်း ပျောက်ဆုံးနိဂုံးချုပ်သွားပါတော့သည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# (၂၀)

"အဖြစ်အပျက်ကတော့ အဲဒါပါပဲကွာ"

စိုးကိုအောင်၏ စကားအဆုံးမှာ အားလုံးတိတ်တဆိတ် သက်ပြင်းချလိုက်မိကြ၏။ ဘယ်သူမှ စကားမဆိုမိကြပဲ စားပွဲပေါ်က ဘီယာ (Beer) ခွက်များကို ငေးစိုက်ကြည့်နေခဲ့ကြပါသည်။

စိုးကိုအောင်ကတော့ ယူကြုံးမရစွာနှင့် ဆက်လက်ပေါက်ကွဲနေ၏။

"တကယ်ဆို . . ယဉ်သွယ် ငါ့ကို ဒီလိုလှည့်စားဖို့ မကောင်းဘူးကွာ၊ ငါသူ့ကို တကယ်ချစ်ခဲ့တာပါ"

"ဒါ . . ဒါ မင်းနောက်ကျသွားတာကော မဖြစ်နိုင်ဘူးလား"

မြတ်မင်းလူက မေးရင်းနှင့် သူရကို အားနာဟန်ဖြင့် တစ်ချက်လှည့်ကြည့်သည်။ သူဘာမှမပြောသေးခင်မှာပဲ အောင်နီဦးက . . .

"ဟုတ်တယ်ကွ၊ သူလာစောင့်နေနိုင်တယ်၊ ဒါပေမယ့် လေး





နာရီအတိမှာ ပြန်သွားတာပဲဖြစ်မယ်၊ သိတယ် မလားကွာ၊ တချို့မိန်းကလေးတွေက သူတို့ကိုယ်သူတို့လည်း အပေါ်ကနေတွက်ပြီး အတိအကျပဲ ဘာညာလုပ်ချင်လုပ်မှာပေါ့"

"မဖြစ်နိုင်ပါဘူး အောင်နီဦးရာ၊ ငါ (Mr,Brown) ကိုရောက်သွားတာ လေးနာရီလေးမိနစ်ပဲ ရှိသေးတယ်၊ လေးမိနစ်လောက်နဲ့ အဝင်အထွက်မှာတောင် ဆုံနိုင်သေးတာပေါ့၊ သေချာပါတယ်၊ လုံးဝ အတိအကျပဲ၊ ယဉ်သွယ် ငါ့ကိုစနစ်တကျ ကစားသွားခဲ့တာ"

"အဲဒီလောက်လည်း မခံစားနဲ့ဦးလေကွာ၊ တကယ်လို့ ယဉ်သွယ်လာစောင့်ပြီးမှ ပြန်သွားခဲ့တာဆိုရင် မင်းဘယ်လိုလုပ်မလဲ"

သူ့ခံစားမှုတွေကို အောင်နီဦးက လမ်းကြောင်းပြောင်း၍ ပေးလိုက်သော်လည်း စိုးကိုအောင်က တစ်ယူသန်စွာ ခေါင်းကိုပဲ ခါနေလေသည်။

သူရက မလုံမလဲနှင့် ဝင်ပြီးပြော၏။

"အခုဟာက ငါ့ကိစ္စကြောင့် ဒီကောင်နောက်ကျသွားတာ မဟုတ်ဘူးလို့ အတင်းငြင်းသလို ဖြစ်နေပြီကွ၊ ငါလည်း တကယ်မသိလို့ပါ စိုးကိုအောင်ရာ၊ ဆောရီးပါ"

တောင်းပန်သလိုပြောနေသည့် သူရကို စိုးကိုအောင်က အလန့်တကြား လက်ကာပြပြီး ဖြေရှင်းရတော့သည်။

"ဟာ . . မဟုတ်ဘူး . . သူရ . . မဟုတ်ဘူး၊ မင်းဘာမှ စိတ်မကောင်းမဖြစ်နဲ့၊ ငါခံစားရတာ ခဏလေးပါကွာ၊ ယဉ်သွယ်ဆိုတာ ရှာရင်တွေ့နိုင်ပါသေးတယ်၊ ငါသာတစ်ကိုယ်ကောင်းဆန်ပြီး မကူညီခဲ့မိရင် ငါ့ဘဝမှာ ဘယ်တော့မှပြင်လို့မရတဲ့ အမဲစက်ကြီးဖြစ်နေတော့မှာကွ၊ ဘယ်လိုပဲဖြစ်ဖြစ် ငါကူညီခဲ့တာကို လိပ်ပြာသန့်ချင်တယ်၊ အဲဒါ မင်းတို့ယုံကြပါကွာ"

သူငယ်ချင်းအားလုံးက ခေါင်းကိုယ်စီညိတ်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်နီဦးက ဘီယာတကျိုက်မော့ကာ . . .

"ဟုတ်တယ် . . စိုးကိုအောင်၊ မင်းကူညီခဲ့တာမှန်တယ်၊ မင်းပြောတဲ့ ယဉ်သွယ်ဆိုတာ သေမှမသွားတာကွာ၊ ရှာရင်တွေ့မှာပေါ့"

"ဟာကွာ . . အရေးထဲ မဦးမချွတ်၊ သေစရာလားကွ . .၊ အလန်းကြီးရှိသေးတာ . . ."

စိုးကိုအောင်အပြောကြောင့် ဝိုင်းရယ်လိုက်ကြပြန်၏။ သူတို့ဝိုင်းလေးက ခုမှအနည်းငယ် ပေါ့ပါးစပြုလာသည်။

မြတ်မင်းလူက ကုန်းဘောင်ကြီးကြော်တစ်ဖတ်ကို တူဖြင့်ညှပ်၍ ပါးစပ်ထဲပစ်ထည့်ရင်း ပြောလိုက်၏။

"စိုးကိုအောင်ဆိုတဲ့ ကောင်ကတော့ကွာ၊ တကယ့်ပွဲကျမှပဲ ကြွက်ရတော့တယ်"

"ဟုတ်တယ် . . မင်းဝင်ရှုလည်တာသိလား၊ အဲဒါကြောင့် မင်းကို သိမ်ကြီးဈေးခုံးတံတားပေါ်မှာ သဥ္စာကျော်က ပြောသွားတာနေမှာပေါ့၊ အချိုးတွေ ပြင်ဆိုတာ"

အောင်နီဦးက ပါဝင်နှိပ်ကွပ်သည်။ စိုးကိုအောင်က အောင်နီဦးကို . . .

"အောင်မာ . . ငါဘယ်မိန်းကလေးမှ မစော်ကားခဲ့ဘူးကွ၊ ယဉ်သွယ်နဲ့ တွေ့ပြီးနောက်ပိုင်းဆို အားလုံးနဲ့ကင်းတယ်၊ ဒီကြားထဲ သူများကောင်းကျိုးတွေတောင် ဝင်လုပ်ပေးလိုက်သေးတယ်"

"ဒါကတော့ မင်းကြီးကျယ်တာပါကွာ"

မြတ်မင်းလူစကားကြောင့် စိုးကိုအောင်က ကားအက်စီဒင့်ဖြစ်နေသော လူတစ်ယောက်ကို သူကူညီပေးခဲ့ကြောင်းကို ပြန်ပြောပြရင်း . . .

"အဲဒါ ကူညီတာပေါ့ကွာ၊ ခုလည်း သွေးလှူတာ ကောင်းမှုကုသိုလ်လုပ်တာပဲပေါ့"





"ဟင် . . တကယ်လား၊ ငါတို့လည်း အဲဒီကိစ္စကို မသိရပါလား"

သူရက တအံ့တဩနှင့် ဝင်ပြောသည်။ သူရကိုကြည့်ကာ စိုးကိုအောင်က . . .

"ထားလိုက်ပါကွာ၊ ငါဘယ်တုန်းကများ သူများကို ကူညီပေးခဲ့တာ အရေးသာခံပြီး ပြောပြဖူးလို့လဲ၊ ခုလည်း ကူညီခွင့်ရလို့ ကူညီလိုက်တာပဲလေ"

"ဟုတ်ပါပြီကွာ၊ မင်းရဲ့ အဲဒီကုသိုလ်တွေ တန်ပြန်အကျိုးပေးပါလိမ့်မယ်၊ မင်း ယဉ်သွယ်နဲ့ ပြန်ကိုဆုံလိမ့်မယ်၊ ငါအဲဒါကိုတော့ တကယ်ယုံကြည်တယ်"

အောင်နီဦးက ပြုံးပြုံးကြီး အာမခံနေ၏။ မည်သို့ပင်ဖြစ်စေ အောင်နီဦး၏ ထိုစကားသည် သူ့ရင်ထဲမှ အပူများကို သက်သာစေပါသည်။

ထိုအချိန်မှာပဲ အောင်နီဦးက သူ့ဘီယာခွက်အသစ်ကို မြှောက်ပြကာ . . .

"ကဲ . . ချီးယား(စ်)၊ စိုးကိုအောင်နဲ့ ယဉ်သွယ်တို့ ပြန်ဆုံဖို့အတွက် . . ."

"ချီးယား(စ်) . . ."

သူငယ်ချင်းများအားလုံး သံပြိုင်အော်ဆိုလိုက်ကြပြီးနောက် ဖန်ခွက်ထိခတ်သံတွေ ထွက်ပေါ်လာကြသည်။ ထိုအသံများကိုပဲ စိုးကိုအောင်က နားဝင်ချိုနေရှာတော့သည်။

မနက်ဖြန်ဆိုသည်မှာ လူတိုင်းအတွက် ဘုရားပေးထားသော လက်ဆောင်တစ်ခုသာ ဖြစ်ပါသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# (၂၁)

မနက်ခင်းနေခြည်နုနုများ ပြတင်းပေါက်မှ ထိုးစိုက်ကျလာပုံကို ယဉ်သွယ်ငေးကြည့်နေမိသည်။ သူမအတွက် လတ်ဆတ်သော ခံစားချက်များ မပေးနိုင်သည့် နေ့တစ်နေ့ကတော့ ရောက်ရှိလာခဲ့ပြန်ပြီ။ အကြည့်ကိုလွှဲကာ သက်ပြင်းသဲ့သဲ့ချမိ၏။ တိုးဝင်လာသော လေညှင်းကြောင့် ပြတင်းပေါက်မှ လိုက်ကာအနားစများ လှုပ်ယမ်းသွားကြ၏။ သူမ၏စိတ်တွေလည်း တစ်စုံတစ်ခုကိုတွေးမိပြီး လှုပ်ရှားဆူဝေသွားပြန်သည်။ သို့သော် ခဏမျှသာဖြစ်၏။ အိမ်ခန်းထဲမှ မေမေ့ခေါ်သံကြားလိုက်ရချိန်မှာပဲ အရာအားလုံးက ပုံမှန်အတိုင်း စိတ်ပျက်ဖွယ်ရာ ပြန်လည်ဖြစ်တည်သွားပါတော့သည်။

ဒီနေ့လည်း ထုံးစံအတိုင်း ဦးအောင်ခိုင် သူမတို့အိမ်ကိုလာမည်။ လာလျှင် သူမက ညှော့်ခံစကားပြော။ ပြီးရင် တစ်မိသားစုလုံးနှင့် ထမင်းလက်ဆုံစားကြ။ နောက် . . ဖေဖေ၊ မေမေတို့နှင့် စကားစမြည်





ပြောပြီး ဦးအောင်ခိုင်ပြန်သွားလိမ့်မည်။

ဒါပါပဲ . .။ သူမရဲ့ တစ်နေ့တာဟာ . .။ တစ်ချိန်ကျရင် ဦးအောင်ခိုင်နဲ့ လက်ထပ်၊ မြို့ပြလူ့အဖွဲ့အစည်းမှာ စက်ရုပ်တစ်ရုပ်လို သူမကျင်လည်ရဦးမှာပေါ့လေ။ ဘဝဆိုတာ ဒါပဲလားကွယ်။

လူကြီးမိဘတွေက ဦးအောင်ခိုင်နှင့်သူမကို လက်ထပ်ပေးရန် စီစဉ်ခဲ့စဉ်တုန်းက ယဉ်သွယ်ခေါင်းမညိတ်ခဲ့သလို ခေါင်းလည်း မခါခဲ့ပါ။ အခုဆို ဒါဟာ ငြင်းလို့မရတဲ့ အနေအထားကို ရောက်သွားပြီလား။

ထိုကိစ္စနှင့်ပတ်သက်ပြီး သူမက ဦးအောင်ခိုင်ကို မေးဖူးသေး၏။

"ဦးအောင်ခိုင် . . ကျွန်မနဲ့ လက်ထပ်မယ့်ကိစ္စကို ဘယ်လိုသဘောရသလဲ မသိဘူး၊ ဟိုလေ . . ဦးအောင်ခိုင်ရဲ့ဆန္ဒကို ပြောတာပါ"

"အင်း . . ကိုယ့်ဘက်ကတော့ သွယ်သိတဲ့အတိုင်းပဲလေ၊ မိဘတွေ စီစဉ်တာကို ဘယ်တုန်းကမှ ငြင်းခဲ့ဖူးတာ မဟုတ်ဘူး၊ ခုလည်း ဒီလိုပါပဲ"

အဲဒီကတည်းက သူ့စကားက ပြီးနေပြီ။ သူမနှင့် ဦးအောင်ခိုင်ကြားမှာ အချစ်ဆိုသောအရာသည် စကားလုံးတစ်လုံးအဖြစ်ပင် မရှိခဲ့ဖူးတာ သေချာပါသည်။

မမျှော်လင့်ဘဲ တွေ့ရှိခဲ့ရသည့်အချစ်က သူမ၏စိတ်တွေကို အမျိုးမျိုးဆန့်ကျင်လှုပ်ရှားစေခဲ့သည်။ ခုတော့လည်း ဒါတွေကို သော့လေးတစ်ချောင်းနှင့်အတူ အတိတ်မှာ သူမထားရစ်ခဲ့ပါပြီ။

အတိတ်ဆိုတာ သူမအတွက် မကြာခဏ သတိရနေရန် မကောင်းသော အက်ကြောင်းတစ်ခုမျှသာ ဖြစ်၏။

"ဘာတွေကိုများ ဒီလောက် ငေးငေးငိုင်ငိုင်နဲ့ စဉ်းစားနေတာလဲ ညီမလေးရဲ့"

နူးညံ့တိုးဖွသော အမေးစကားနှင့်အတူ ကိုကို၏ လက်တစ်



www.burmeseclassic.com

www.burmeseclassic.com



ဖက်က ယဉ်သွယ့်ပုခုံးပေါ်သို့ ကျရောက်လာ၏။ သူမ ဘယ်လောက် အတွေးလွန်နေခဲ့သည် မသိ။ ကိုကို့ခြေသံကိုပင် မကြားမိလိုက်ပါလား။ လှည့်အကြည့်မှာ သူမအပေါ် အမြဲအလိုလိုက်တတ်သော ကိုကို၏ သိမ်မွေ့သော မျက်ဝန်းများကို တွေ့လိုက်ရသည်။

ကိုကို့ကို အားယူပြုံးပြလိုက်ရင်း . . .

"ဒီလိုပါပဲ . . ကိုကိုရာ . . ဘာရယ်မဟုတ်ပါဘူး၊ ညီမလေး လည်း ကိုယ့်အကြောင်းကိုယ် လျှောက်စဉ်းစားနေမိတာပါ"

ယဉ်သွယ့်စကားကို ကိုကိုက ခေါင်းအသာညိတ်ပြကာ ပြော လိုက်၏။

"အင်း . . ညီမလေးမှာ စိတ်ညစ်စရာတွေ ရှိနေပြီထင်တယ်၊ ကိုကိုသဘောပေါက်ပါတယ်၊ ဪ . . ညီမလေး၊ နောက်တစ်ပတ် လောက်ဆို ကိုကိုမိုးကုတ်ကို ပြန်တက်ရဦးမယ် . . သိလား"

"ဒီတစ်ခေါက် ကိုကိုကြာမှာ မဟုတ်လား"

"အင်း . . ."

ကိုကိုက လေးပင်စွာ ခေါင်းညိတ်ပြသည်။ ယဉ်သွယ်တ မဲ့ပြုံးလေးပြုံးလိုက်ပြီး . . .

"ဒါဆို . . ဒီတစ်ပတ်ထဲမှာ ညီမလေးကို ဦးအောင်ခိုင်နဲ့ စေ့စပ်ဖို့ မေမေတို့ စီစဉ်ကြတော့မယ်ထင်တယ်၊ ကိုကိုမိုးကုတ်ကို ပြန်မတက်ခင်ဆိုတော့လေ . . ."

အရာအားလုံးကို နားလည်သဘောပေါက်နှင့်နေသော ကိုကို က စဉ်းစဉ်းစားစားဖြင့် . . .

"ညီမလေးရဲ့ သဘောထားနဲ့ခံစားချက်ကို ကိုကိုရိပ်မိပါတယ်၊ ဒါပေမယ့် ကိုအောင်ခိုင်ဆိုတဲ့လူကလည်း အပြစ်ပြောစရာမရှိတဲ့ လူရိုး လူမှန်ကြီးတစ်ယောက်ပဲလေ"

"ညီမလေးမှ မချစ်တာပဲ ကိုကိုရာ"





"ဟုတ်ပါတယ်၊ သူ့ဘက်ကလည်း လူကြီးတွေ စီစဉ်တဲ့ အတိုင်း လက်ခံရတဲ့ သဘောမျိုးပဲ၊ ကိုကိုလည်း ညီမလေးအတွက် စဉ်းစားနေတာပါ၊ ကိုအောင်ခိုင်ကိုတော့ အားနာနေမိတယ်"

"ဟင် . . ဘာဖြစ်လို့လဲ ကိုကိုရ"

နားမလည်နိုင်သောကြောင့် ယဉ်သွယ်က အံ့ဩစွာ မေးလိုက် ၏။ ကိုကိုက အပြုံးစစဖြင့် ခေါင်းကိုခါရမ်းရင်း . . .

"ဟင့်အင်း . . ဘာရယ်မဟုတ်ပါဘူး ညီမလေးရယ် . .၊ ကိုအောင်ခိုင်က လူရိုးလူမှန်တစ်ယောက်ဆိုတော့ ညီမလေးအနေနဲ့ လည်း ငြင်းရမှာ အားနာနေမှာပဲလို့ တွေးမိလို့ပါ"

ကိုကို့စကားကို ဘဝင်မကျသော်လည်း ယဉ်သွယ်ထပ်မမေး မိတော့။ ရှေ့ပြတင်းပေါက်ဆီသို့ အကြည့်က ရောက်သွားပြန်သည်။ နေရောင်ခြည်က အလင်းအားကောင်းစွာ လမ်းဘေးဝဲယာရှိ သစ်ပင် များပေါ် သိုင်းခြုံမိုးအုပ်လျက်ရှိ၏။ သိပ်မကြာခင် ရာသီဥတုက သိသိသာသာ အိုက်စပ်လာတော့မည်။ သူမစိတ်ကို လျှော့ချထား လိုက်မိသည်။

ခဏကြာတော့ သက်ပြင်းချသံနှင့်အတူ သူမအနောက်ဆီမှ ပြန်ထွက်သွားသော ကိုကို့ခြေသံတိုးတိုးကိုပါ ကြားလိုက်ရလေသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## (၂၂)

စင်တင်တေးဂီတနှင့် တွဲဖက်ဖွင့်လှစ်ထားသော Beer Park တစ်ခုရှေ့သို့ ကားလေးတစ်စီး ထိုးဆိုက်ရောက်ရှိလာ၏။ ညနေမှောင်ရီဖြိုးဖြချိန်ဆို ဒီဆိုင်ထဲမှာ လူစည်ကားနေလေ့ရှိသည်။ ထိုးရပ်လာသည့် ကားထဲမှ လူရွယ်နှစ်ယောက်နှင့်အတူ သက်လတ်ပိုင်းလူကြီးတစ်ယောက်ပါ ဆင်းလာကြ၏။

ထိုလူကြီးက လူငယ်နှစ်ယောက်အား ဘီယာ (Beer) ဆိုင်သို့လိုက်ပို့ခြင်း ဖြစ်ပုံရသည်။ လူကြီးက ဆိုင်ထဲအထိမဝင်ဘဲ လူရွယ်နှစ်ယောက်ကို နှုတ်ဆက်ကာ ပြန်ရန်ကားပေါ်တက်လိုက်၏။ လူငယ်နှစ်ယောက်က အတင်းပင် ထိုလူကြီးအား ဘီယာ (Beer) ဆိုင်ထဲသို့ လိုက်ခဲ့ရန် ပြန်ခေါ်နေပါသည်။

လူကြီးလည်း ငြင်းမရသည့်အဆုံးမှာတော့ သူတို့သုံးဦးစလုံး ဘီယာ (Beer) ဆိုင်ထဲသို့ ရောက်ရှိသွားပါတော့သည်။





သူတို့စားပွဲပေါ်တွင် ဘီယာ (Beer) ခွက်တွေ တော်တော်များနေပြီ။ နိုင်ငံခြားဖြစ် ဝီစကီတစ်လုံးလည်း ထက်ဝက်ကျိုးသွား၏။ တစ်ဝိုင်းလုံး စီးကရက်မီးခိုးငွေ့တွေ ပျံ့လွင့်နေပြီး သူတို့သုံးဦးစလုံးမှာ ရီဝေသောမျက်လုံးများဖြင့် စင်ပေါ်မှသီချင်းဆိုနေသည့် ကောင်မလေးများအား ငေးစိုက်ကြည့်နေကြသည်။

လူငယ်တစ်ယောက်က ဘေးနားမှလူကြီးကို တစ်စုံတစ်ခု ကပ်ပြောလိုက်၏။ ပထမတော့ လူကြီးရယ်ကျဲကျဲနှင့် ခေါင်းကိုအတင်း ခါပြသည်။ ခဏနေတော့ ထိုလူငယ်ကပဲ ဝိတ်တာလေးကို ပန်းကုံး တစ်ကုံး ယူခိုင်းလိုက်ပါသည်။ လူကြီးက မငြင်းတော့ . . . ။

ပန်းကုံးရောက်လာသောအခါ လူငယ်နှစ်ဦး၏ တိုက်တွန်းမှုနှင့် ထိုလူကြီးသည် ခြေထောက်များကို စည်းချက်ညီညီလှမ်းရင်း စင်ပေါ်တက်၍ ပန်းကုံးစွပ်ပါတော့သည်။

လူငယ်နှစ်ဦးထဲမှတစ်ဦးက လက်ကိုင်ဖုန်းကိုထုတ်ကာ ပန်းကုံးစွပ်နေသော လူကြီးအား ဓါတ်ပုံတွေ ရိုက်ထားလိုက်ပါသည်။ လူကြီးပြန်ရောက်လာတော့ ထိုဓါတ်ပုံတွေကို ပြလိုက်၏။ လူကြီးက သူ့ပုံသူကြည့်ပြီး တဟားဟားနှင့် သဘောတွေကျနေသည်။ သေချာတာကတော့ ထိုလူကြီးမူးနေပြီဆိုတာပဲ ဖြစ်သည်။

ထို့နောက် သူတို့သုံးယောက်သား ပိုက်ဆံရှင်းကာ ဝိုင်းမှ ထလိုက်ကြ၏။ လူငယ်တစ်ယောက်က ဝိတ်တာလေးကိုမေးကာ တားဆီးမပြန်သေးဘဲ ဆိုင်နှင့်တွဲဖွင့်ထားသော (KTV) တစ်ခန်းလိုချင်ကြောင်း ပြောလိုက်ပြန်သည်။ မူးနေသောလူကြီးက လူငယ်နှစ်ယောက်အား လက်မထောင်ပြပါသည်။ အစီအစဉ်ကောင်းသည် ဆိုသည့် သဘောဖြစ်၏။

ခဏကြာတော့ သူတို့သုံးဦးသည် မူးမူးနှင့် (KTV) ခန်းလေးထဲမှာ အော်ဟစ်သီဆိုလျက် ရှိပါတော့သည်။ ထိုလူကြီးနှင့် တွဲသီဆိုရန်



www.burmeseclassic.com

www.burmeseclassic.com



အတွက် ဆိုင်မှအဆိုတော်မလေးကိုပါ အကူအညီတောင်းလိုက်ရ၏။ အဆိုတော်မလေးက ပန်းကုံးချထားသောမျက်နှာနှင့် ကူညီပေးရှာပါသည်။

ထိုလူကြီးသည် အဆိုတော်ကောင်မလေးနှင့် လုံးထွေးရင်းနှီးစွာ 'ငယ်ကျွမ်းဆွေ' စုံတွဲသီချင်းကို တစ်ကျော့ပြီးတစ်ကျော့ မပြီးနိုင်မစီးနိုင် သီဆိုနေပါတော့သည်။ လူငယ်တစ်ယောက်က လူကြီးတို့စုံတွဲအား ဖုန်းဖြင့်မသိမသာ ဓါတ်ပုံများရိုက်နေ၏။

နောက်ဆုံးတွင် လူငယ်နှစ်ယောက်သည် (KTV) ခန်းအပြင်သို့ထွက်လာကာ အောင်ပွဲခံသည့်အမိပ္ပာယ်နှင့် လက်ဝါးချင်းရိုက်လိုက်ကြ၏။ ညသည် လှည့်စားမှုများဖြင့် အရိုင်းဆန်ဆန်နက်မှောင်လျက်ရှိနေလေသည်။

* * * *

မိသားစုစုံညီရှေ့မှာ ကိုကိုချပြလိုက်သော ဓါတ်ပုံများကိုကြည့်၍ ဖေဖေနှင့်မေမေတို့လည်း မျက်လုံးပြူးသွားကြ၏။ ယဉ်သွယ်ယူကြည့်လိုက်တော့ ဦးအောင်ခိုင် မူးမူးရူးရူးဖြင့် ဘီယာ (Beer) ဆိုင်မှာ ပန်းကုံးတက်စွပ်နေသည့်ပုံတွေ။ ဒါတင်မကသေးဘဲ (KTV) အမှောင်ခန်းလေးထဲမှာ ကောင်မလေးတစ်ယောက်နှင့် အရှက်မရှိပူးကပ်၍ သီချင်းဆိုနေပုံများ။ ဦးအောင်ခိုင်၏ မျက်နှာကြီးမှာ အဆီပြန်ကာ အတော်လေးမူးနေပုံရသည်။ သူ့နဖူးပြောင်ပြောင်ကြီးပေါ်တိုဆံပင်ပြန်အုပ်ရန်ပင် သတိမရနိုင်တော့။ ထိုကောင်မလေးကလည်း ဦးအောင်ခိုင်၏ ဗိုက်ရွှဲရွှဲကြီးကိုမှီနွဲ့ပြီး ရင်ခွင်ထဲရောက်နေသေးသည်။

ဆက်မကြည့်ချင်တော့သဖြင့် ယဉ်သွယ်က ဓါတ်ပုံများကိုခုံပေါ်ပြန်ချထားလိုက်၏။





ကိုကိုက ဖေဖေနှင့်မေမေတို့ကို တစ်လှည့်စီကြည့်ကာ ပြောတော့သည်။

"ကိုအောင်ခိုင်ဘက်က ဘယ်လိုပဲရှင်းရှင်း . . ဒီလိုလူမျိုးနဲ့တော့ ကျွန်တော့်ညီမလေးကို လုံးဝသဘောမတူနိုင်ဘူး ဖေဖေ"

ပြတ်သားမာကျောနေသော ကိုကို့စကားသံကြောင့် မေမေက ဖေဖေ့ကို တစ်ချက်လှမ်းကြည့်လိုက်သည်။

ဖေဖေက ဓါတ်ပုံများကိုကောက်ယူ၍ ထပ်မံကြည့်နေရာမှ-

"အေး . . ငါ အောင်ခိုင်ဆီကို ဖုန်းဆက်ကြည့်လိုက်ဦးမယ်၊ ပြီးမှ ငါဆုံးဖြတ်မယ်"

ဖေဖေ့စကားကြောင့် ကိုကိုက ခေါင်းကိုခါရမ်းရင်း . . .

"ဖေဖေရာ . . ဒါအပျော်အပါးလို့ ပြောနိုင်တာပေါ့၊ အခုပြဿနာမရှိဘူးဆိုပေမယ့် နောင်ကျမှ ဒီလိုတွေ အမြဲဆက်ဖြစ်နေရင်အဆင့်ကျော်သွားမယ်နော်၊ အဲဒီအချိန်မှာ ညီမလေးက သူ့မိန်းမဖြစ်နေပြီ"

"သားကြီး . . ငါသိတယ်၊ မင်းတော်တော့ . . ၊ ဒါနဲ့ မင်းကဒီပုံတွေကို ဘယ်လိုရလာတာလဲ"

"ကျွန်တော်လည်း မသိဘူး ဖေဖေ၊ စာတိုက်ကနေတဆင့်အိမ်ကိုရောက်လာတာပဲ"

ဖေဖေသည် ယဉ်သွယ့်ကိုပါ တစ်ချက်စိုက်ကြည့်ပြီး ဖုန်းရှိရာသို့ ထသွားပါတော့သည်။ နောက်တော့ တစ်စုံတစ်ရာကို တင်းမာစွာဖြင့် ဖေဖေအပြင်သို့ထွက်သွားတာ တွေ့လိုက်ရ၏။

မြန်ဆန်လွန်းသည့် အဖြစ်အပျက်တွေကြောင့် ယဉ်သွယ်လည်း ကြောင်နေမိသည်။ ကိုကို့မျက်နှာပေါ်မှ ပြုံးဖန့်ဖန့်အမူအရာနှင့်အကြည့်တို့ကိုလည်း သူမနားမလည်နိုင်ဘဲရှိ၏။ ကိုကိုတစ်ယောက်ဦးအောင်ခိုင်ကို ဘယ်လိုတွေ အကွက်ရွှေ့လိုက်သည်မသိ၊ ဖေဖေနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ခိုင်တို့ ပြဿနာတွေ တက်ကုန်ကြ၏။ ဘာပဲဖြစ်ဖြစ် ကိုကို သူမဘက်က ရပ်တည်နေပြီဆိုတာတော့ ယဉ်သွယ်အတတ်သိလိုက်ပါသည်။

ယဉ်သွယ့်စိတ်ထဲမှာ ဦးအောင်ခိုင်ကို အားနာနေမိသော်လည်း၊ သူမရင်ထဲမှ ခံစားချက်များအတွက်တော့ ဒါတရားသည်ဟု သာ ခံယူထားလိုက်မိ၏။

ထိုနေ့က ညစာစားသည့် ထမင်းဝိုင်းမှာပဲ ဦးအောင်ခိုင်နှင့် သူမတို့၏ စေ့စပ်ပွဲကိစ္စကို ဖျက်သိမ်းလိုက်ကြောင်း ဖေဖေက အိမ်သား အားလုံးကို အသိပေးလိုက်ပါသည်။

* * * *



# (၂၃)

နေ့ရက်တွေက တဖြေးဖြေးနှင့် ကုန်လွန်လို့လာသည်။ ဒီ ရက်ပိုင်းအတွင်းမှာ စိုးကိုအောင် သူငယ်ချင်းများနှင့်လည်း မဆုံဖြစ် ပေ။ ယဉ်သွယ်ကို တွေ့မလားဆိုပြီး နေ့စဉ်လိုလို သီရိပစ္စယာမှာ သွား စောင့်နေမိသည်။ ညဖက်တွေဆိုလည်း ပိုင်အိုးနီးယားကလပ် (Pioneer Club) ကို ခဏ၊ ခဏ ရောက်ဖြစ်နေ၏။ သို့သော် ယဉ်သွယ်နှင့် တူတာဆိုလို့ အရိပ်လေးတောင် မတွေ့ရချေ။ ဒီလိုနှင့် ယဉ်သွယ်ကို တွေ့ရဖို့ သူမှာ လမ်းစပျောက်နေခဲ့လေသည်။

ဘယ်လိုမှ ကြံမရသည့်အဆုံးတွင် သူ့ထံမှာရှိနေသော သော့ ကလေးကိုပဲ အားကိုးရတော့သည်။ သူမနှင့် ချိန်းထားသောနေ့က မိနစ်နည်းနည်းလေး နောက်ကျသွားခဲ့ကြောင်းကို စာရေးရှင်းပြပြီး အမှတ် (၆၂၃) စာတိုက်သေတ္တာပုံးထဲသို့ သွားထည့်ထားလိုက်သည်။ ယဉ်သွယ်လာယူသွားပါစေဟု ဆုတောင်းနေမိသော်လည်း၊ နောက်နေ့



www.burmeseclassic.com

www.burmeseclassic.com



သွားကြည့်တော့ သူ့စာလေးက နဂိုအတိုင်းပင်။ သူလည်း ဘာဆက်လုပ်ရမှန်းမသိ ဖြစ်လာ၏။

နောက်ပိုင်းနေ့ရက်တွင်လည်း ယဉ်သွယ့်ကို သတိရမိတိုင်း စာလေးများရေးပြီး ထိုစာတိုက်သေတ္တာပုံးထဲမှာ သွားထည့်တာ အလွမ်းဖြေနေရသည်။ တစ်စတစ်စနှင့် စာတိုက်သေတ္တာပုံးလေးထဲမှာ စာတွေများလို့လာခဲ့သည်။ ယဉ်သွယ်ကတော့ သူ့အဖြစ်ကို သိမည်မဟုတ်။ တဖက်သတ်ကြီး လွမ်းနေရတာ မချင့်မရဲဖြစ်စရာ ကောင်းလှပါသည်။

* * * *

ငါးလွှာတိုက်ခန်းလေး၏ ပြတင်းပေါက်မှ ကောင်းကင်ကြီးဆီ ငေးကြည့်နေမိသည်။ တိမ်ရောင်စုံများ ဆေးခြယ်ထားသည့် ဆည်းဆာက ကောင်းကင်အနားသတ်မှာ ခိုနားလျက်ရှိ၏။ အိပ်တန်းပြန်သွားသော ငှက်တစ်အုပ်မှလွဲ၍ မြင်ကွင်းသည် ရှင်းလင်းနေ၏။ တမိုးတည်းအောက်မှာပေမယ့် ဒီလောက်ကျယ်ပြောလှသော ဟင်းလင်းပြင်ကြီးထဲမှာ သူနှင့်ယဉ်သွယ် ထပ်ဆုံရန်ရှိပါ့မလား . . . ။ သိပ်မသေချာလှပါ။

အချစ်ဆိုတာကို ဘာမှန်းမသိခင်က မိန်းကလေးများစွာနှင့် သူပတ်သက်ခဲ့ဖူးပါသည်။ စိတ်လှုပ်ရှားစရာကောင်းသည့် အတွေ့အကြုံမှလွဲ၍ သူဘာမှမခံစားခဲ့ရချေ။ ခုတော့ အချစ်ကို ရှာတွေ့ခဲ့ပြီဟု ထင်မိသည်။ တစ်ချိန်တည်းမှာပင် အချစ်က ပျောက်ဆုံးနေပြန်၏။

သူ့အလှည့်ကျမှ ဆုံဆည်းရန် မျက်နှာလွှဲထားခဲ့သော တရားကိုပဲ ရိုးမယ်ဖွဲ့ရမည်လား။ အရာအားလုံးသည် ဝေဝေဝါးဝါး နိုင်လွန်းသည်။ သူကတော့ အဆုံးမသတ်နိုင်သည့် မျှော်လင့်ချက်တို့ဖြ





ချစ်သူကို မျှော်လင့်နေရပါဦးမည်။

ညသည် တဖြေးဖြေးနှင့် မှောင်ပျခက်ထန်လာ၏။ အိပ်မရနိုင်သူတစ်ယောက်အဖို့မှာတော့ အိပ်ယာပေါ်မှာ အလွမ်းတွေနှင့် လုံးထွေးရင်း ညပင်လယ်ထဲ နစ်မြုပ်လျက် ရှိလေသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# (၂၄)

အပြင်ထွက်ချင်စိတ်မရှိ၍ အိမ်မှာတစ်ယောက်တည်းနေ နေကာမှ အောင်နီဦးက အတင်းလာခေါ်နေပြန်သည်။ သူငယ်ချင်း တွေအုပ်စုလိုက် ရုပ်ရှင်ကြည့်ကြမည်ဆိုပြီး အိမ်အထိလာခေါ်ခြင်း ဖြစ်၏။

"လိုက်ခဲ့ပါကွာ၊ အမြဲအလုပ်မအားတဲ့ ဟိုကောင်အမြတ်ကြီး စား၊ တစ်ကိုယ်ကောင်းသမား မြတ်မင်းလူတောင် လာခဲ့မယ်ပြောတာ"

"မလိုက်ချင်ပါဘူး၊ ရုပ်ရှင်ရုံဘက်ရောက်ရင်လည်း ယဉ်သွယ် ကို သတိရနေဦးမှာပဲကွာ"

သူက ညည်းညည်းညူညူ ပြောလိုက်သဖြင့် အောင်နီဦးက ပိုရှိုက်တာဟူသော အဓိပ္ပာယ်နှင့် လှမ်းကြည့်သည်။ အောင်နီဦးက ကြည့်ရုံမတင်မှမဟုတ် . . . နှုတ်မှလည်း ပြောပြန်သည်။





"အဲဒါကြောင့်လည်း မင်းကို စိတ်ပြေလက်ပျောက် လာခေါ် တာပေါ့ကွာ၊ အိမ်မှာပဲ ခွေမနေနဲ့ ဟေ့ကောင်၊ တော်ကြာ အလွမ်းနဲ့ ဒုလာ ရောသွားမယ်"

အောင်နီဦးစကားကြောင့် သူက ခပ်တိုးတိုးလေးကျိန်ဆဲရင်း လှဲနေရာမှ ထလိုက်ရ၏။ စိုးကိုအောင်က အောင်နီဦးကို . . .

"သူငယ်ချင်းတွေဆိုတော့ ဘယ်နှစ်ယောက်တောင် ပါမှာ မို့လို့လဲ"

"လူအကုန်ပဲလေ၊ မင်းရယ် ငါရယ်၊ မြတ်မင်းလူရယ်၊ သူရ တို့အတွဲနဲ့ မေလင်းပေါ့"

"ဒါနဲ့ ဘယ်မှာချိန်းထားကြတာလဲ"

အောင်နီဦးက အမေးအမြန်းထူနေသော သူ့ကို သိပ်မကြည့် တော့ . . .။

"ရုပ်ရှင်ရုံတွေနားမှာပေါ့ကွာ၊ အေရိုးမား (Aroma) မှာ ချိန်းထားတယ်၊ ဟေ့ကောင် စိုးကိုအောင် . . မင်းလိုက်မှာလား၊ မလိုက် ဖူးလား၊ ဒါပဲပြော"

ဒီတော့မှ စိုးကိုအောင်က . . .

"ဟဲဟဲ . . လိုက်ခဲ့ပါ့မယ်ကွာ၊ ခဏလေး . . ခဏလေး၊ ငါအဝတ်အစားလဲလိုက်ဦးမယ်"

ဆယ်မိနစ်လောက်အတွင်းမှာ စိုးကိုအောင်က အပြင်သွားဖို့ အဆင်သင့်ဖြစ်နေပြီ။ နောက်တော့ သူတို့နှစ်ယောက်လည်း မြို့ထဲသို့ ထွက်ခဲ့ကြသည်။ Aroma ဆိုင်မှာ ချိန်းထားသည်ဟုပြောသော်လည်း သူတို့ရောက်ချိန်အထိ ဘယ်သူမှ မရောက်လာကြသေး။ CAPPUCCINO မှာသောက်ရင်း နှစ်ယောက်သား ထိုင်စောင့်နေလိုက်ကြ၏။

တစ်ယောက်မှ ရောက်မလာကြသေး၍ အောင်နီဦးက လက်မှတ်ခြောက်စောင်ကို ထုတ်ပြပြီး ညည်းပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



“ဘယ်သူမှလည်း ရောက်မလာကြသေးဘူး၊ ငါ့မှာတော့ သူတို့ကို ကြည့်စေချင်လို့ အပင်ပန်းခံပြီး လက်မှတ်တွေ ကြိုဝယ်ထား လိုက်ရတာ . . .”

ဒီလိုဆိုတော့လည်း အောင်နီဦးကို သူက ပြန်နှစ်သိမ့်နေရ သည်။

“လာမှာပေါ့ကွာ၊ ရုပ်ရှင်က နာရီဝက်လောက် လိုသေးတာပဲ”

အောင်နီဦးက သူ့အပြောကို ဘာမှမတုံ့ပြန်ဘဲ ကော်ဖီဆိုင် အပြင်ဘက်သို့သာ ငေးကြည့်နေပါသည်။ သူလည်း ကော်ဖီဆိုင်မှ ဖွင့်ထားသော သီချင်းကို ငြိမ်ပြီးနားထောင်နေမိ၏။

ခဏမျှကြာတော့ အောင်နီဦးသည် လက်မှတ်ခြောက်စောင် ကို သူ့ဆီလှမ်းပေးရင်း ထိုင်နေရာမှ ရုတ်တရက် ထရပ်လိုက်သည်။ အူကြောင်ကြောင်နှင့် ငေးကြည့်နေသော စိုးကိုအောင်ကို အောင်နီဦး က . . .

“စိုးကိုအောင်ရော . . လက်မှတ်တွေ မင်းယူထား၊ မင်းဒီမှာ ခဏစောင့်နေလိုက်ဦး”

“ဟ . . ဘယ်သွားမလို့လဲကွ”

သူ့အမေးကို အောင်နီဦးက . . .

“ငါ ဘာလမ်းထဲမှာ အရေးကြီးတဲ့ ကိစ္စတစ်ခုရှိလို့၊ အဲဒီ ကိစ္စက ဖုန်းနဲ့ပြောလို့လည်း မပြီးဘူးကွ၊ ခဏလေးပါ အရမ်းအရေး ကြီးလို့ပါ၊ လမ်းကြုံတုန်းလေး ဝင်ပြောလိုက်ဦးမယ်”

“ဒါဆို ငါလည်း လိုက်မယ်လေကွာ၊ မင်းကွာလည်း . . .”

“ဟာ . . ဘယ်ဖြစ်မလဲ၊ ဟိုကောင်တွေလာရင် လွဲကုန်မှာ ပေါ့၊ တစ်ယောက်ကိုတစ်ယောက် ပြန်စောင့်နေရဦးမယ်၊ မင်းက ဒီမှာ လက်မှတ်တွေယူထားပြီး စောင့်နေလိုက်၊ ဟုတ်လား”

ပြောဆိုပြီး အောင်နီဦးက ရုတ်ချည်းထထွက်သွားလေ၏။





ဆိုင်ထဲမှာ စိုးကိုအောင်တစ်ယောက် လက်မှတ်လေးတွေကိုင်ကာ ကျန်ခဲ့ရသည်။

တစ်ယောက်တည်းထိုင်နေရင်း ဆယ့်ငါးမိနစ်ခန့်ကြာလာ တော့ သူ့စိတ်ထဲတွင် မရိုးမရွဖြစ်လာသည်။ ဘယ်သူမှလည်း မရောက် လာကြ။ ခဏဟုပြောသွားသည့် အောင်နီဦးကလည်း ပေါ်မလာချေ။ ဒီကောင် နေရာမှားပြီးများ ချိန်းလိုက်မိတာလား။ စိုးကိုအောင်မှာ တစ်ယောက်ထဲ ဆက်ထိုင်စောင့်ရမလို၊ ထပြီးပဲ လိုက်ရှာရတော့မလို ဖြစ်နေလေသည်။

ဆယ့်နှစ်နာရီခွဲပြီမို့ လူတွေလည်း ရုပ်ရှင်ကြည့်ရန် ရုံထဲသို့ ဝင်ကုန်ကြပြီ။ ဘယ်သူမှ ရောက်မလာပုံထောက်လျှင် ဒီနေ့ရုပ်ရှင် ကြည့်မယ့် အစီအစဉ်လည်း ဖြစ်မည်မထင်တော့။ သူစိတ်ရှုပ်စွာနှင့် ကော်ဖီဆိုင်ထဲမှထွက်ကာ အောင်နီဦးကို ဖုန်းလှမ်းခေါ်လိုက်၏။ အခုလေးတင် ဘားလမ်းသွားမည်ဆိုပြီး ဖုန်းက ဧရိယာပြင်ပရောက်နေ ၏။ မြတ်မင်းလူဆီ ဖုန်းလှမ်းဆက်လိုက်တော့ ကိုယ်တော်က ဖုန်းကို ပိတ်ထားသည်။ ကျန်တဲ့လူတွေဆီမှာ ဖုန်းမရှိသဖြင့် ဇာတ်လမ်းက ဒီမှာတင်ဆုံးသွား၏။ သူလည်း ကြောင်တောင်တောင်နှင့် ရုပ်ရှင်ရုံရှေ့ ရပ်နေမိသည်။

ရုပ်ရှင်ပိုစတာကို မော့ကြည့်လိုက်၏။ (The Mummy) ဆိုသည့် ဇာတ်ကား။ သူ ယဉ်သွယ်နှင့် ချိန်းထားသည့်နေ့တုန်းကလည်း ရွှေဆောင်ရုံမှာ ဒီဇာတ်ကားပဲ။ အခုနေပြည်တော်ရုံသို့ တစ်ကျော့ပြန် ရောက်နေပြီ။ သူလည်း ဒီကားကို မကြည့်ရသေးတာမို့ လက်မှတ်တွေ ဆုံးမည့်အတူတူ တစ်ယောက်တာတန်အောင် ဝင်ကြည့်ရန် စိုးကိုအောင် ဆုံးဖြတ်ချက်ချလိုက်ပါသည်။

ထိုသို့ဖြင့် လက်မှတ်ခြောက်စောင်ကိုင်ကာ သူတစ်ယောက် တည်း ရုံထဲသို့ ဝင်လာခဲ့၏။ ရုံထဲရောက်တော့ ရုပ်ရှင်က စပြနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ရုံမှဝန်ထမ်းလေးက ဓါတ်မီးဖြင့် သူ့ကိုနေရာလိုက်ပြပေးသည်။ လက်မှတ်က (M 15) မှ (M 20) ထိဆိုတော့ ကြိုက်ရာနေရာမှာ ထိုင်ကြည့်လို့ရသည်။ သူက အလယ်ခုံတစ်ခုံမှာဝင်ထိုင်ပြီး ဂျက်လီကို အားပေးဖို့ ပြင်လိုက်၏။

ရုပ်ရှင်ကြည့်နေရင်းမှ အမှောင်ကို ကျင့်သားရစေရန် ဘေးပတ်ဝန်းကျင်အား မျက်စိကစားနေမိသည်။ သူထိုင်နေသော (M) အတန်းမှာ ထိုင်ခုံဆယ်ခုံကျော်လောက်ရှိပြီး ဘကယ်ရုပ်ရှင်ထိုင်ကြည့်နေသူဆို၍ စိုးကိုအောင်အပြင် ဟိုဘက်အစွန်းနားတွင် လူရိပ်တစ်ခု သာရှိ၏။ သူ့လိုတော့ လက်မှတ်တွေအများကြီးနှင့် တစ်ယောက်ထဲ လာကြည့်တာ မဖြစ်နိုင် . . .။ ထိုလူရိပ်လေးကို ကြည့်နေရင်းမှ မိန်းကလေးတစ်ဦးမှန်း သူ့မသဲမကွဲ သိလိုက်ရသည်။

နောက်တစ်ကြိမ် ထပ်အကြည့်မှာတော့ ရုပ်ရှင်ပိတ်ကားဆီမှ အလင်းနှင့်ကြုံကြိုက်၍ ထိုမိန်းကလေး၏မျက်နှာကို ထင်းခနဲ မြင်လိုက်ရပါသည်။ ဟာ . . ယဉ်သွယ် . . .။ သူမနာမည်ကို အံ့ဩစွာ ရေရွတ်မိပြီး၊ သူလည်း ထိုင်ခုံမှ ထရပ်လိုက်မိတော့မလို ဖြစ်သွား၏။ ပြီးမှ သတိဝင်လာကာ အသာငြိမ်၍ ပြန်ထိုင်ရသည်။ သူ့ရင်တွေ တဒိတ်ဒိတ်ခုန်နေပြီး အေးစိမ့်သော ရုပ်ရှင်ရုံထဲမှာပင် ချွေးစေးတွေ ပျံလာတော့သည်။

ငါဘာလုပ်ရရင် ကောင်းမလဲ။ ရုပ်ရှင်ရုံထဲမှာတော့ ဘာမှ လုပ်လို့မရပါ။ သို့သော်လည်း ရင်ထဲမှာ ပျော်ရွှင်မှုတွေက ယိမ်းထိုးကခုန်နေလေပြီ။ ယဉ်သွယ်ကတော့ သူနှင့် ဒီလိုဆုံဆည်းရပုံကို သိဦးမည် မဟုတ်။ သူ့အား ရုပ်ရှင်ကြည့်ရန်လာခေါ်သော အောင်နိုင်ဦးနှင့် တစ်ယောက်တည်း ရုပ်ရှင်ဝင်ကြည့်မိသည့် မိမိကိုယ်ကိုလည်း အထူး ကျေးဇူးတင်လိုက်မိသည်။ ကံတရားကတော့ မျက်နှာသာပေးလာပြီ ထင်၏။ အခွင့်အရေးဆိုတာ နောက်တစ်ခါရဖို့ မသေချာဘူးဟု သူ





သဘောပေါက်သောကြောင့် စိုးကိုအောင်တစ်ယောက် ထိုင်ခုံမှ အသာ ထလိုက်ပါသည်။

သူမှန်းသိရင် ယဉ်သွယ်အံ့ဩဝမ်းသာသွားမလား။ အို . . သူမလည်း ရင်တွေခုန်နေမှာပေါ့။ ဘယ်လောက်လွဲလွဲ ဖူးစာဆိုတာ ရုပ်ရှင်ရုံထဲမှာလည်း ရှာလည်တတ်တာပဲ။

"ယဉ်သွယ် . . ."

သူက ခပ်တိုးတိုးလေးခေါ်ရင်း သူမဘေးနားကခုံ၌ ကပ်ထိုင်ချလိုက်၏။ ယဉ်သွယ့်ကိုယ်လုံးလေးမှာ ဆတ်ခနဲဖြစ်သွားပြီး သူ့ဘက် လှည့်ကာ မေးတော့သည်။

"ဟင် . . ဘယ် . . ဘယ်သူလဲ . . ."

မတိုးမကျယ်နှင့် အလန့်တကြား မေးသံလေးကြောင့် စိုးကို အောင်လည်း အမြန်ဆုံးရှင်းပြလိုက်ရ၏။

"ကိုယ် . . စိုးကိုအောင်ပါ ယဉ်သွယ်၊ ဘာလဲ အံ့ဩသွားလို့ လား၊ ဘယ်လောက်လွဲလွဲ ကံကြမ္မာက ကိုယ်တို့ကို ဆုံပေး . . ."

"ရှင်ဘာတွေ လာပြောနေတာလဲ"

ရုတ်တရက် အေးစက်စက်ကြီး ဖြတ်ပြောချလိုက်သောကြောင့် စိုးကိုအောင် အံ့အားသင့်သွား၏။ ယဉ်သွယ့်အသံက တစ်မျိုးကြီးပါလား။

"ဘာ . . ဘာဖြစ်လို့လဲ ယဉ်သွယ်ရယ်၊ ကိုယ်နဲ့ ယဉ်သွယ် တွေ့စရာရှိတယ်လေ၊ ဟိုနေ့က . . ."

"အဲဒါက အဲဒီနေ့က ပြီးသွားပြီလေ၊ ခု ဘာမှပြောခွင့်မရှိ တော့ဘူး"

"မဟုတ်ဘူးလေ . . ယဉ်သွယ်ရဲ့၊ အဲဒီနေ့က ကိုယ်လေး နာရီနဲ့လေးမိနစ်မှာ ရောက်လာပါတယ် . .၊ ယဉ်သွယ်မှ ကိုယ့်ကို မစောင့်ဘဲနဲ့ . . ."



www.burmeseclassic.com

www.burmeseclassic.com



"အို . . ဘာလို့မစောင့်ရမှာလဲ၊ ရှင်သာ ကျွန်မရှိနေတဲ့ နေရာကို အစောကြီးသိပြီး တမင်မလာဘဲနေခဲ့တာ မဟုတ်လား"

တစ်ခုခုလွဲနေပြီဆိုတာ စိုးကိုအောင် အတတ်သိလိုက်ပါသည်။ သူ ညနေသုံးနာရီလောက်ထဲက စာတိုက်ပုံးသွားဖွင့်နိုင်ခဲ့တာကိုလည်း ယဉ်သွယ်က သိနေ၏။ စိုးကိုအောင်က . . .

"ကိုယ် . . ကိုယ်ရှင်းပြပါ့မယ်၊ ဒီလိုပါ"

"ကျွန်မ အခုရုပ်ရှင်ကြည့်နေတယ်၊ အေးအေးဆေးဆေး တစ်ယောက်တည်းပဲ ကြည့်ချင်တယ်၊ ဟုတ်ပြီလား"

ယဉ်သွယ့်စကားကို သူသဘောပေါက်လိုက်ပါ၏။ ရင်ထဲမှာလည်း ဆစ်ခနဲ နာကျင်သွားမိသည်။ ယဉ်သွယ်က သူ့ကို တကယ် အထင်လွဲနေတာလား၊ ဒါမှမဟုတ် တမင်ထပ်လှည့်စားနေတာလား ဆိုတာ ဝေခွဲမရ ဖြစ်သွားတော့၏။ ယဉ်သွယ်က နှုတ်ခမ်းဖူးဖူးလေးကို တင်းနေအောင် စေ့ထားသည်။ မျက်ဝန်းတွေကိုတော့ သူမမြင်ရပါ။

သူက ယဉ်ကျေးစွာဖြင့် သူမဆန္ဒကို ဖြည့်ဆည်းပေးလိုက်ပါသည်။

ကိုယ် နေရာပြောင်းထိုင်ပေးပါ့မယ်၊ ဒါပေမယ့် ဒီရုပ်ရှင်ပြီးရင်တော့ ကိုယ့်ကို စကားပြောခွင့်လေးပေးပါ"

ပြောပြီး သူက ယဉ်သွယ့်ကို တစ်ချက်ကြည့်လိုက်၏။ ရုပ်ရှင်ပိတ်ကားကိုသာ စိုက်ကြည့်နေသော သူမသည် သူ့ကိုဘာမှပြန်မပြောပါ။ စိုးကိုအောင်လည်း ကိုယ့်အခြေအနေကိုယ် သဘောပေါက်ကာ ယဉ်သွယ့်ဘေးမှထပြီး ခုံပြောင်းထိုင်လိုက်ပါသည်။

ရုပ်ရှင်ကိုလည်း သေချာမကြည့်တော့သဖြင့် ဇာတ်လိုက်တစ်ယောက် ဘာတွေဖြစ်ပြီး ဘယ်သူတွေနှင့် ချနေမှန်းပင် မသိတော့ . . .။ သူ့စိတ်ထဲမှာတော့ ယဉ်သွယ်နှင့်ပြောရန် စကားလုံးများကိုပဲ ရွေးချယ်နေမိသည်။ အချိန်တွေက လျင်မြန်စွာ ကုန်ဆုံးလို့သွား၏။





ရုပ်ရှင်လည်း ပြီးသွားပြီ။ ဇာတ်လိုသေသလား၊ ရှင်သလား ဆိုတာ သူမသိလိုက် . . .။ ရုံထဲမှာ မီးတွေဖြတ်ခနဲလင်းလာတော့ စိုးကိုအောင် အပျော်ကြီးပျော်သွား၏။ ယဉ်သွယ်ရှိရာဆီ လှမ်းကြည့်လိုက်တော့ ယဉ်သွယ်က သူ့ကိုခပ်တင်းတင်းပြန်ကြည့်လျက် ထထွက်သွားလေသည်။ သူက လှမလွန်းသော ကောက်ကြောင်းလေး ပျောက်သွားမှာစိုး၍ နောက်ကမျက်ခြေမပြတ် လိုက်ပါလာခဲ့သည်။

ရုံအပြင်ရောက်တော့ ယဉ်သွယ့်အနားကပ်သွားလိုက်ပြီး-

"ယဉ်သွယ် . . . ကိုယ်တို့ တစ်ခုခုစားရင်း စကားပြောရအောင် . . . "

သူက အပြုံးလေးနှင့် ချိုချိုအေးအေး ခေါ်လိုက်သော်လည်း ယဉ်သွယ်က အသံပြတ်နှင့်သာ တုန့်ပြန်လိုက်၏။

"ကျွန်မ အချိန်မရဘူး၊ ပြီးတော့ ရှင်နဲ့ပြောစရာလည်း မရှိဘူး"

"တစ်ခုခုတော့ မှားနေပြီ ယဉ်သွယ်၊ ကိုယ်ခဏလေး ရှင်းပြပါရစေ"

ယဉ်သွယ်က သွားနေရာမှရပ်ကာ သူ့ကိုခပ်တည်တည်လှည့်ကြည့်ရင်း . . .

"ရှင်ဘာတွေ ဖော်ဦးမလို့လဲ စိုးကိုအောင်၊ ရှင့်အကြောင်းတွေ ကျွန်မအားလုံးသိထားပြီးပြီနော်၊ ပြီးတော့ ရှင်ကစားပြီး အနိုင်ယူလို့ရမယ့် မိန်းကလေးထဲမှာ ကျွန်မမပါဘူး"

"ဟာ . . ယဉ်သွယ်၊ ဘာတွေ ပြောနေတာလဲ"

သူအလန့်တကြား အော်ပြောလိုက်သော်လည်း ယဉ်သွယ်က ခနဲ့ဟန်ဖြင့် . . .

"ဟင်းဟင်း . . ရှင်က ကျွန်မရဲ့စာကို အစောကြီးကြိုဖတ်ထားတောင် လေးနာရီအထိမလာဘဲ နေခဲ့သေးတာပဲ၊ ပြီးပြီပေါ့ . . ဒီပွဲမှာ သရေပဲထားလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး . . ယဉ်သွယ်၊ မင်းထင်တာတွေပဲ စွတ်ပြောမနေနဲ့၊ ငါ မိန်းကလေးတွေနဲ့ တွဲခဲ့တာမှန်တယ်၊ ဒါပေမယ့် မင်းကိုပဲချစ်မိခဲ့တာ၊ အဲဒီကိစ္စမှာလည်း မင်းခိုင်းတဲ့အတိုင်း အရူးတစ်ယောက်လို အရှက်မရှိ ဟိုပြေးဒီပြေးနဲ့ လုပ်ခဲ့ပြီးပြီ၊ အဲဒါလည်း မင်းကိုသိပ်ချစ်လို့ပဲ၊ အဲဒီနေ့ကလည်း ငါရောက်အောင်လာခဲ့တယ်၊ လေးမိနစ် နောက်ကျသွားတာနဲ့ ငါက မဟုတ်တဲ့ကောင် ဖြစ်သွားရောလား၊ မင်းကွာ . . ရှင်းပြခွင့်ပေးဖို့ကောင်းတယ်"

ယဉ်သွယ်၏ ဟန်ပန်အမူအရာနှင့် စကားလုံးများကြောင့် စိုးကိုအောင်လည်း ပေါက်ကွဲပြီး ပြောမိသွား၏။ ယဉ်သွယ်က မျက်လုံးလေးအဝိုင်းသားနှင့် သူ့ကိုကြောင်ပြီးကြည့်နေ၏။

စိုးကိုအောင်လည်း ပြောပြီးမှ သတိဝင်သွားကာ လေသံကို ချက်ချင်းပြန်နှိမ့်ချလိုက်ရင်း . . .

"ဆောရီး . . ယဉ်သွယ်၊ ကိုယ်နည်းနည်း ရိုင်းသွားတယ်၊ ယဉ်သွယ့်ကို ကိုယ်ရှင်းပြနေရင် မယုံဘဲဖြစ်နေဦးမယ်၊ ရော့ . . . ဒီသော့လေးကို ယူသွားလိုက်၊ အဲဒါ ယဉ်သွယ်ပေးထားတဲ့ သော့ပဲ၊ အဲဒီစာတိုက်သေတ္တာထဲမှာ ကိုယ်ပြောချင်တာတွေ ရှိတယ်၊ ကိုယ်သွားပြီ . . ."

သူက သော့ချောင်းလေးကို လှမ်းပေး၍ ချာခနဲ လှည့်ထွက်လာခဲ့၏။ ယဉ်သွယ်တစ်ယောက် ဘာတွေတွေးပြီး ကျန်ရစ်ခဲ့မှာပါလိမ့်။

စာတိုက်သေတ္တာအမှတ် (၆၂၃) ထဲမှယူလာသော စာတွေကို တစ်စောင်ပြီးတစ်စောင်ဖတ်ရင်း ယဉ်သွယ်ငိုင်နေမိသည်။ စုစုပေါင်း ကိုးဆယ်စောင်တိတိ။ ချိန်းထားခဲ့သည့်နေ့က သူဘာဖြစ်လို့ နောက်ကျခဲ့ရကြောင်း ရှင်းပြထားသောစာအပြင် သူမကို ချစ်ကြောင်း၊ သတိရကြောင်း၊ လိုက်ရှာနေသည့်အကြောင်းလေးတွေ ရေးထားသည့် စာများ . . .။

ရင်ထဲမှာ ဝမ်းသာ၊ ဝမ်းနည်းစိတ်က တလှည့်စီ ကူးလူးခံစား





နေရ၏။ သူမမှားသွားပြီလား။ အထင်နှင့်ပြောလိုက်ခြင်းကို စိုးကိုအောင် စိတ်ဆိုးသွားပြီလား။ မိန်းကလေးမို့ သွားပြီးရှင်းပြတောင်းပန်ရန်လည်း မဖြစ်ချေ။ ပြီးတော့ စိုးကိုအောင်၏ ဖုန်းနံပါတ်ကိုလည်းမသိ။ ပြောချင်တာတွေပြောပြီး ကိုယ်တော်က စိတ်ကောက်သွားသည်။ ဒီစာလေးတွေအတိုင်း သူ့ဘက်က တကယ်ချစ်လျှင်တော့ တစ်နေ့သူမဆီ ရောက်လာမှာပါ။ လောလောဆယ်တော့ ဒီလိုပဲ မချင့်မရဲ မျှော်လင့်နေရတော့မည်။

နောက်တစ်ခါတွေ့ရင်ဟု စဉ်းစားလိုက်ရုံမျှဖြင့် သူမရင်တွေတာ တလှပ်လှပ်ခုန်လာ၏။ ငါ သူ့ကိုများ ချစ်မိနေပြီလား။ ထိုသို့တွေးမိတော့ သူမ၏မျက်နှာမှာ ထူအမ်းအမ်းလေးဖြစ်သွားပြီး တစ်ယောက်တည်း ရှက်ပြုံးလေးပြုံးလိုက်မိသည်။ နောက်တော့ စာအိတ်လေးတွေကို ရင်ဘတ်ပေါ်တင်ကာ အိပ်ယာပေါ် လှဲချလိုက်ပြန်သည်။

ဟင့်အင်း . . ဒီလောက်လေးနဲ့ သူ့ကိုချစ်မိသွားတယ်ဆိုတာ မဖြစ်နိုင်ပါဘူး . . .။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# (၂၅)

"အဲဒါ မင်းမှားတာပေါ့ စိုးကိုအောင်ရာ . . ."

"ဟုတ်ပ့ါ . . နင် မိန်းကလေးတွေနဲ့ ဒီလောက်တွဲလာပြီး ဒါလေးတောင် မနပ်ဘူး . . ."

သူရစကားကို သူ့ရည်းစားဖြစ်သော လှမြတ်ဟန်က ဝင်ရောက်ထောက်ခံလိုက်ခြင်း ဖြစ်၏။ ထိုစကားဝိုင်းမှာ မြတ်မင်းလူ တစ်ယောက်ကလွဲပြီး သူငယ်ချင်းတွေ အားလုံးရှိနေကြ၏။

ရုပ်ရှင်ကြည့်ရန် ချိန်းသည့်နေ့က တစ်ယောက်မှရောက်မလာခြင်း အကြောင်းကိုမေးတော့ အားလုံးက အရေးတကြီးကိစ္စပေါ်လို့ဟုသာ မရေမရာ ဖြေကြပါသည်။ သူ့စိတ်ထဲက ဘဝင်မကျမိသော်လည်း ရုပ်ရှင်ရုံထဲမှာ ယဉ်သွယ်နှင့်တွေ့ခဲ့ရသဖြင့် သိပ်အပြစ်မတင်မိတော့ချေ။

မေလင်းက စိုးကိုအောင်ကို သနားစရာသတ္တဝါတစ်ကောင်





လို အကြည့်မျိုးဖြင့်ကြည့်၍ ပြောလိုက်ပါသည်။

"ကောင်းတယ် . . တကယ်ခံစားဖူးမှ အချစ်ဆိုတာ ပီပြင်တာဟ"

"အောင်မာ . . နင်က ပြောရအောင် ရည်းစားဘယ်နှစ်ယောက်များ ထားဖူးလို့လဲ"

ချက်ချင်းဘုကန့်လန့် ပြန်ပြောလိုက်သော စိုးကိုအောင်စကားကြောင့် မေလင်းမျက်နှာက ရှုံ့တွသွားပါသည်။ နဂိုက မလှရသည့်အထဲ ခုလိုဆိုတော့ မေလင်းမှာ ပိုရုပ်ဆိုးသွား၏။ ဒါကြောင့်လည်း ဒီဟာမကို ဘယ်သူမှမကြိုက်တာဟု စိုးကိုအောင်က မညှာမတာ တွေးပစ်လိုက်သည်။

အချစ်ရေးနှင့် အနှိမ်ခံလိုက်ရ၍ မေလင်းက မခံမရပ်နိုင်ဖြစ်သွားပြီး . . .

"အမလေး . . စိုးကိုအောင်ရယ်၊ မေလင်းတို့က ခါချနေရတာပါ၊ နားလည်လား"

အကြောင်းသိတွေချည်း အကြွားသန်နေတာမို့ သူရက . .

"အေးဟုတ်မယ် . . ခုတောင် မေလင်းအကျီမှာ ပုတ်သင်ညို တစ်ကောင် ကပ်နေတယ်၊ တွေ့တယ်မဟုတ်လား စိုးကိုအောင် . ."

"အဖော်လိုချင်လို့ ဖြစ်မှာပေါ့၊ မေလင်း ခေါင်းညိတ်ပြလိုက်လေ"

သူရနှင့် စိုးကိုအောင်က အတိုင်အဖောက်ညီညီ စ,နေသောကြောင့် လှမြတ်ဟန်နှင့် အောင်နီဦးတို့ကပါ ဝိုင်းရယ်ကြတော့သည်။ မေလင်းမှာ နှုတ်ခမ်းကြီးစူကာ ဘာမှမပြောတော့ချေ။

စိတ်ဆိုးသလိုလုပ်နေသည့် မေလင်းကို အောင်နီဦးက ဝင်ပြော ပေးလိုက်ပြန်သည်။

"ငါ အခုမှ နင့်ကို သေချာကြည့်မိတယ် မေလင်းရာ၊ နင့်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပေါ်က ဝက်ခြံဆယ့်ရှစ်ဖုကို ဖယ်လိုက်ရင် ဂျိုလီနဲ့တစ်ပုံစံထဲ တူသွားမှာဟ . . ."

"မသာကြီး . . ."

အောင်နီဦးကို ခပ်တိုးတိုးလှမ်းဆဲရင်း မေလင်းမှာ ပြုံးစစ ဖြစ်လာလေသည်။ စိုးကိုအောင်မှာ သူ့ပြဿနာကို ပြန်သတိရသွား ပုံရ၏။

"တော်ကြပါတော့ကွာ၊ ငါ့ကိစ္စတောင် ဘယ်နားရောက်သွား လဲ မသိတော့ဘူး"

စိတ်ညစ်သလို ပြောလိုက်သဖြင့် စိုးကိုအောင်ကို လှမြတ်ဟန် က ဝင်ပြီးအပြစ်တင်လိုက်သည်။

"နင့်ကိုက တုံးတာ၊ အဲဒီနေ့ကပဲ ယဉ်သွယ့်ကို အပြီးလိုက် ချော့လိုက်ရင် ပြီးရော . . ."

"အေးကွာ . . ငါလည်း သူပြောတာနဲ့ မှန်ပြီး တင်းသွား တာ . . ."

သူရက . . .

"ဒါဆို ခု မင်းဘယ်လိုလုပ်မှာလဲ"

"အစကနေပဲ ပြန်လိုက်ရှာရဦးမှာပေါ့ကွာ"

"ဟူး . . မင်းတို့ဟာကြီးကလည်းကွာ . . ကိုရီးယားဇာတ် လမ်းတွဲကျနေတာပဲ၊ ဆက်တင့်ငွ့်နဲ့ . . ."

ခေါင်းရမ်း၍ပြောလိုက်သော သူရကို အောင်နီဦးက ပြုံးတုံ့ ပြုံးတုံ့လုပ်ကာ ကြည့်နေ၏။

"ငါလည်း မသိတော့ဘူးကွာ၊ ယဉ်သွယ် ဘယ်မှာနေတယ် ဆိုတာတောင် မစုံစမ်းထားလိုက်မိတာ လိုသွားတယ်"

"ခံပေါ့ . . ခံပေါ့ . . အားရတယ်"

အခွင့်အရေးရသည်နှင့် မေလင်းက သူ့ကို ထောပနာဝင်ဖြ





သည်။ ဒီတစ်ခါတော့ စိုးကိုအောင်လည်း ဘာမှချေပချင်စိတ်မရှိ သဖြင့် ငြိမ်နေလိုက်၏။ အောင်နီဦးမှာ ဘာမှဝင်မပြောဘဲ သူ့ကို ပြုံးထေ့ထေ့ လုပ်နေသည်။

"မင်းက ဘာလို့ပြုံးပြီး ကြည့်နေတာလဲ . . ."

ထိုစကားကြောင့် အောင်နီဦးက . . .

"မင်းအဖြစ်ကို ရယ်ချင်လို့ပါကွာ၊ ဘာပဲဖြစ်ဖြစ် မင်းတို့ နှစ်ယောက်ကံမကုန်ရင် ပြန်ဆုံကြပါလိမ့်မယ်"

"ဪ . . ပြန်မဆုံရင်တော့ ငါက ကံကုန်ရမှာပေါ့ . . ဟုတ်လား၊ အေးလေ . . ငါသေသွားတာပါပဲ"

"ဒါတော့ မင်းဘဝ မင်းအကြောင်းပေါ့၊ ဒါနဲ့ မင်း မနက်ဖြန် အားလား . . ."

"ဘာလုပ်မလို့လဲကွာ၊ ယဉ်သွယ်ကြောင့် စိတ်ညစ်နေရတဲ့ အထဲ . . ."

"ကိစ္စလေးရှိလို့ပါကွ၊ မနက်ဖြန်မနက် ငါ မင်းအိမ်ကိုလာခဲ့ မယ်"

"ပြီးရော . . ပြီးရော"

အောင်နီဦးကို ငြင်းနေလို့လည်း ရမှာမဟုတ်သဖြင့် ပြီးပြီး ရော အလွယ်ပြောလိုက်မိ၏။ နောက်နေ့ ဒီကောင်လာလာ၊ မလာလာ သူကတော့ သီရိပစ္စယာကို သွားကြည့်ဦးမည်ဟု တွေးထားလိုက်ပါ သည်။

ရောက်တတ်ရာရာများ လျှောက်ပြောကာ လေပန်းကြပြီး သိပ်မမှောင်ခင် လူစုခွဲလိုက်ကြပါသည်။ သူရက လှမြတ်ဟန်တို့ အိမ်ပြန်လိုက်ပို့မည်ဟုပြောကာ မ,သွား၏။ ဘယ်အချိန်မှပို့မလဲတော့ မသိချေ။ အောင်နီဦးနှင့် မေလင်းတို့ကလည်း လမ်းကြုံသဖြင့် တား စပ်တူငှား၍ ပြန်သွားကြသည်။ သူတစ်ယောက်တည်း ဖျင်းဖျင်းရှိ



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် DVD Game ဆိုင်သွားပြီး PS (2) ဘောလုံးဝင်ကန်နေလိုက်၏။ သူ့အားပေးသော အာဆင်နယ်ဘောလုံးအသင်းသည် Game ထဲ၌ အပြင်မှာလိုပဲ တန်းတက်စတုတ်စီးတီးအသင်းကို ရှုံးသွား၍ စိုးကိုအောင်ဒေါသထွက်ပြီး ထပြန်လာခဲ့သည်။ ငါ့ဘဝဟာလည်း အာဆင်နယ်အသင်းလိုပဲ မျှော်လင့်ချက်မဲ့လှပါလား။

အိမ်အပြန်လမ်းတွင် သူ့စိတ်အာရုံထဲ ယဉ်သွယ်မျက်နှာလေးက ရစ်ဝဲလျက် သတိရနေမိပြန်၏။ ယဉ်သွယ် သူ့ကိုအထင်လွဲနေဆဲပဲလား။ ဒါမှမဟုတ် စာတိုက်သေတ္တာကို သော့ကလေးနှင့် သွားဖွင့်ကြည့်ပြီး သူ့ကိုစာနာနားလည်သွားပြီလား။ တစ်ခုခုတော့ ဖြစ်နေပါလိမ့်မည်။

လောလောဆယ်တော့ နောက်တစ်ခါထပ်ရောက်လာမည့် ကံကောင်းခြင်းတွေကိုသာ စောင့်နေရုံပေါ့။ အချစ်ဆိုသောအရာက သူနှင့်ကျမှပဲ ဝေဝါးလွန်းနေလေသည်။

* * * *



## (၂၆)

အောင်နီဦးဘေးမှလိုက်လာရင်း စိုးကိုအောင်စိတ်တိုလာမိသည်။ ကိစ္စရှိလို့ဆိုပြီး အောင်နီဦးသည် သူ့ကိုမြို့ထဲခေါ်လာကာ ဘာမှမပြောသေးဘဲ လမ်းတွေချည်းစွတ်လျှောက်နေ၏။ ကျဲကျဲတောက်ပူလျက်ရှိသော နေရောင်အောက်မှာ လသာသည်ဟုများ ထင်နေလားမသိပေ။

"အောင်နီဦး . . မင်းဟာက ဘာလဲကွာ၊ ငါ့ကို ဘာကိစ္စနဲ့ လျှောက်ခေါ်လာတာလဲ၊ နေပူတယ်ကွ"

သူလည်း သည်းမခံနိုင်တော့သည့်အဆုံးမှာ နဖူးက ချွေးစတို့ကိုသုတ်ရင်း ခပ်တင်းတင်းပြောလိုက်၏။ အောင်နီဦးဆိုသော သတ္တဝါက ပြန်မဖြေသေးဘဲ ကွမ်းတစ်ယာထုတ်ဝါးနေသေးသည်။ ပြီးမှ . . .

"ပြောမယ်လေကွာ၊ ငါ့အသိတစ်ယောက်ကိုများ တွေ့မလား



www.burmeseclassic.com

www.burmeseclassic.com



လို့ လိုက်ကြည့်နေတာပါ"

"မင်းနဲ့ ချိန်းထားလို့လား"

"ဟေ့အေး .. ဒီအချိန်လောက်ဆို သူလည်း မြို့ထဲလာတတ်လို့လေ"

"ဟာကွာ .. ဒီကောင် ..."

စိုးကိုအောင်က ထိုသို့စိတ်ပျက်လက်ပျက် ရေရွတ်လိုက်တော့ အောင်နီဦးက တဟားဟားနှင့် အော်ရယ်လေသည်။ ဒီကောင် အတော်လေး အူမြူးနေဟန်ရှိ၏။ နောက်ပြောင်နေသည့် အောင်နီဦးကို မရှင်လန်းနိုင်သေးသော သူက ...

"ဟေ့ကောင် .. မင်းကိစ္စက ဘာမှန်းမသိသေးရင် ငါတို့ သိရိပစ္စယာပေါ် ခဏတက်မယ်ကွာ၊ ယဉ်သွယ်များ လာမလားမသိဘူး၊ သွားကြည့်ရအောင်"

"နေပါဦးကွာ .. တွေ့ချိန်တန်ရင် ပြန်တွေ့မှာပေါ့၊ ခုမှ နွားသိုးကြိုးပြတ်ဖြစ်မနေနဲ့ .. ငါ့ကိစ္စပြီးရင်သွားမယ်၊ ဟုတ်ပြီလား"

အောင်နီဦးက သူ့ခံစားချက်ကို သိပ်အရေးမလုပ်ဘဲ မစာနာသလို ခပ်ပေ့ါပေ့ါပြောလိုက်ပါသည်။ သူလည်း ရှုတ်တရက် စိတ်တိုသွား၏။

ထို့ကြောင့် ...

"ဒါဆိုလည်း မင်းကိစ္စကို မြန်မြန်လုပ်ကွာ၊ ဘာလဲ .. ငါက မင်းနောက်ကို ဘလိုင်းကြီးလျှောက်လိုက်နေရမှာလား၊ သောက် .. အရေးမပါဘူး"

သူ့ဒေါသစကားကို အောင်နီဦးက စိတ်မဆိုးဘဲ ...

"လုပ်လို့မရသေးဘူးကွ .. စောင့်ရမှာ ..."

"ဘယ်သူ့ကိုလည်း ..."

"ဘယ်သူမှ မဟုတ်ဘူး၊ ဖုန်းတစ်ခုကို စောင့်ရမှာ ..၊ ငါ့





သူငယ်ချင်းဟုန်ဖ ဆက်မှာကွ ..."

အရေးထဲ ဒီကောင်က မိုးကုတ်မှလာမည့်ဖုန်းကို စောင့်နေသေး၏။ သို့သော် ဖုန်းကို အိမ်မှာထိုင်မစောင့်ဘဲ သူ့ကိုအဖော်ခေါ်ပြီး မြို့ထဲတွင်လျှောက်သွားရင်း စောင့်နေခြင်းကတော့ တော်တော်ဆိုးရွားလှသည်။ ပင်ပန်းနေပြီမို့ သူက အရေးဆိုလိုက်ပြန်သည်။

"ဟေ့ကောင် .. အောင်နီဦး၊ ဆိုင်တစ်ဆိုင်မှာ ခဏဝင်ထိုင်ရအောင်ကွာ၊ ညောင်းတယ်"

"မင်းကလည်းကွာ၊ ခဏလေးပါ၊ ဟာ .. ပြောရင်းဆိုရင်း ဖုန်းလာပြီ"

အောင်နီဦးက အားရဝမ်းသာပြောရင်း ဖုန်းဖွင့်ကာ ဟုန်ဖနှင့် စကားပြောနေလေ၏။ ဘာတွေပြောနေသလဲတော့ စိုးကိုအောင်လည်း မသိချေ။ ဖုန်းလိုင်းသိပ်မမိ၍ အောင်နီဦးသည် ဟိုဘက်လျှောက်လိုက်၊ ဒီဘက်လျှောက်လိုက်နှင့် ပြောနေရှာသည်။ သူတို့ကြားမှာ ကိစ္စက အရေးကြီးနေပုံရ၏။

အောင်နီဦးမှာ ပြောရင်းနှင့် သူ့ဘက်ပြန်လျှောက်လာပြီး-

"ဟုန်ဖ .. ခဏလေးနော် .. ခဏလေး၊ စိုးကိုအောင်ရေ့ .. ငါ့ကို ဟိုထိပ်က အင်းဝမှာ စာအုပ်တစ်အုပ် အမြန်သွားဝယ်ပေးစမ်းပါ"

ပြောပြောဆိုဆိုနှင့် တစ်ထောင်တန်တချို့ကို လက်ထဲလာထည့်ပေးလိုက်၍ စိုးကိုအောင်မှာ အူကြောင်ကြောင်ဖြစ်သွား၏။

"ဟာ .. ဘာလဲကွာ၊ မင်းဟာက အရေးတကြီးနဲ့ ..."

"လုပ်စမ်းပါကွာ၊ ဂျူးရဲ့လုံးချင်းစာအုပ် အသစ်ထွက်နေတယ်၊ အဖုံးက ကောင်မလေးတစ်ယောက် ဖရဲသီးစားနေတဲ့ပုံနဲ့၊ စာအုပ်နာမည်က သူမင်းကို ဘယ်တော့မှ ဖရဲသီးမကျွေးဘူးဆိုလား၊ ဘာလားပဲ၊ Please ကွာ ..၊ ငါ့ကို အဲဒီစာအုပ်လေး သွားဝယ်ပေးစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုပြောပြီးသည်နှင့် အောင်နီဦးက ဖုန်းဖက်ပြန်လှည့်သွားပါသည်။

"အေး . . ဟုန်ဖ . . ရပြီ ပြောပြော . . ၊ အဲဒီလိုလုပ်မှ အဆင်ပြေမယ်ထင်တယ်ကွ . . သိလား၊ မင်းရော ဘယ်လိုသဘောရသလဲ"

နောက်ထပ် စကားမရှည်ချင်၍ စိုးကိုအောင်လည်း မျက်စောင်းတခဲခဲနှင့်ပင် "အင်းဝ" စာအုပ်ဆိုင်ဆီကို ထွက်လာခဲ့ရသည်။ စာရေးဆရာမဂျူး၏ စာအုပ်များရှိရာ စင်သို့အရောက်တွင် ရုတ်ချည်းဆိုသလို သူ့မျက်လုံးတွေ ဖြာလင်းသွားရပါတော့သည်။ တွေ့လိုက်ရသည်မှာ ယဉ်သွယ် (သို့) သူ၏မျှော်လင့်ချက်ကလေး။ သူမသည် ဂျူး၏စာအုပ်စင်ရှေ့၌ ပုံ့ပုံ့လေးထိုင်လျက် စာအုပ်တွေရွေးနေ၏။ အမည်မဖော်ပြနိုင်သော ဝမ်းသာမှုများဖြင့် သူမအနားတိုးသွားတော့ ယဉ်သွယ်ဆီမှ ကိုယ်သင်းနံ့သင်းသင်းလေးက လှိုက်ခနဲ ဝေ့ဝဲပျံ့နှံ့လာသည်။

သူ့ရင်ခုန်သံတွေကို ယဉ်သွယ်ကြားသွားမလားဟု မဆီမဆိုင် စိုးရိမ်နေမိသေး၏။ သူက အသက်ဝဝရှူသွင်းလိုက်ပြီး သူမကို တိုးတိုးလေးခေါ်လိုက်သည်။

"ယဉ်သွယ် . . ."

ရုတ်တရက် တုန်ခါသွားသော ကောက်ကြောင်းလေးနှင့်အတူ သူမမျက်ဝန်းများက သူ့ဘက်သို့ ဆတ်ခနဲ လှည့်လာ၏။ နောက်တော့ မယုံကြည်နိုင်စွာ အံ့အားသင့်နေသည့် မျက်ဝန်းနက်နက်များ။ သူ့ခံစားချက်တွေလည်း အလန့်တကြား ပျော်ရွှင်သွားမိသည်။

ထိုအခိုက်အတန့်လေးမှာပဲ သူ့ကို ယဉ်သွယ်က အပြုံးပါးပါးလေးနှင့် လှမ်းပြောလိုက်ပါ၏။

"ရှင် ပြန်ပေးခဲ့တဲ့ သော့လေးကို ကျွန်မအသုံးပြုပြီးသွားပြီ"





"ဟာ . . ဒါဆို . . ."

"ဟုတ်တယ် . . ရှင် ကျွန်မကို လူကြားထဲမှာ အတင်းလိုက်ရှင်းပြနေမှာစိုးလို့ ကြိုပြောထားတာ . . ."

ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်ပြီးမှ ယဉ်သွယ်က သူ့အား မျက်စောင်းလေးထိုးလိုက်၏။ စိုးကိုအောင်မှာ ထခုန်မိမတတ်ဝမ်းသာနေရှာသည်။ သူသည် ချက်ချင်းမတုံ့ပြန်နိုင်ဘဲ ပွင့်လင်းလွန်းသော သူမကိုသာ ချစ်မြတ်နိုးစွာ ငေးကြည့်နေမိတော့၏။

နောက်မှ သူလည်း တစ်စုံတစ်ရာကို သတိရသွားကာ . .

"ဒါဆိုရင် ကိုယ် ယဉ်သွယ်နဲ့ တွေ့လို့ရပြီပေါ့နော်၊ အဟား . . ပျော်လိုက်တာ၊ ကိုယ့်မှာ ယဉ်သွယ့်ကို ပြောစရာတွေ အများကြီးပဲ . . ၊ သိလား"

"ဟင့်အင်း . . မဖြစ်ဘူး၊ ကျွန်မသွားတော့မယ်"

ရုတ်တရက်ကြီး အမူအရာပြောင်းသွားသောကြောင့် စိုးကိုအောင်မှာ နားမလည်နိုင်တော့ဘဲ . . .

"ယဉ်သွယ်ရယ်၊ ကိုယ့်ကို ဒီအတိုင်းထားခဲ့ဦးမလို့လား"

"အာ . . ဒုက္ခပါပဲ၊ နောက်မှတွေ့မယ်၊ ဟိုမှာ ကျွန်မအစ်ကိုပါလာတယ်၊ ဟော . . ဟိုမှာ ကိုကိုလာနေပြီ"

သူမလည်း တိုးတိုးလေးနှင့် အမြန်ပြောပြီး သူ့ရှေ့မှပြေးထွက်သွားတော့သည်။ လှမ်းကြည့်လိုက်တော့ အသားဖြူဖြူ ခန့်ခန့်လူတစ်ယောက်နှင့် အတူတွဲ၍ ဆိုင်ထဲမှထွက်သွားတာ တွေ့ရပါသည်။

စိုးကိုအောင်တစ်ယောက် အင်းဝစာအုပ်ဆိုင်ထဲ၌ ငေးငူကာ ကျန်ရစ်ခဲ့၏။ ယဉ်သွယ် သူ့အပေါ် နားလည်သွားပြီဆိုပြီး အခုမှ ပျော်ရမလို ရှိသေးသည်။ သူတို့ကို နှောင့်ယှက်ရန် ယောက်ဖတော်ကြီးက ရုတ်တရက် ပေါ်လာရပြန်သည်။ ဒီတစ်ခါလည်း ယဉ်သွယ်က အမြန်ပြေးထွက်သွားသည်မို့ နောက်နေ့တွေဖို့ပင် မချိန်းလိုက်ရချေ။



www.burmeseclassic.com

www.burmeseclassic.com



စိတ်မောစွာဖြင့် လေပူကြီးကို မှုတ်ထုတ်လိုက်ရန်မှတပါး သူ့မှာ အခြားဘာမှမရှိတော့ . . ။ အချစ်ရေးသည် သူ့အတွက် အခုချိန်ထိ ပြဿဒါးနေ့ရက်များအသွင်သာ ရှိနေသေးလေသည်။

* * * *



# (၂၇)

ယဥ်သွယ်နှင့်ဆုံရန် မသေချာပေမယ့်လည်း သူက မျှော်လင့်ချက်သေးသေးလေးကို ကိုင်စွဲလျက် သီရိပစ္စယာမှာ မကြာမကြာ သွားစောင့်ကြည့်နေလေ့ရှိသည်။ သီရိပစ္စယာတွင် လုံးဝအစရှာမရသောအခါ သူသည် သူမနှင့်ဆုံခဲ့ဖူးသည့် BME ကလပ်၊ နေပြည်တော်ရုပ်ရှင်ရုံနှင့် အင်းဝစာအုပ်ဆိုင်တို့ကိုပါ လှည့်ပတ်ရှာဖွေကြည့်မိပြန်၏။ တွေ့ကားမတွေ့ချေ။ ကြာတော့ စိုးကိုအောင်လည်း စိတ်ဓါတ်ကျစပြုလာပါသည်။

ဒီနေ့မနက်တော့ အောင်နိုဦးက သူ့ဆီဖုန်းလှမ်းဆက်သည်။ သူရနှင့်လှမြတ်ဟန်တို့အတွဲသည် သူငယ်ချင်းများထံမှ အရေးတကြီးအကူအညီလိုအပ်နေကြောင်း ပြောသွားခဲ့၏။ ဘာတွေဖြစ်ကုန်ကြပြီမသိ။ သူ့အား ဒဂုံစင်တာရှိ My Milk မှာ နေ့လည်ဆယ့်တစ်နာရီစောင့်နေရန် ချိန်းလိုက်သဖြင့် စိုးကိုအောင်လည်း အိမ်မှထွက်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

သူဒဂုံစင်တာရောက်သွားချိန်၌ ဆယ့်တစ်နာရီတောင် မထိုးသေး။ ဒါကြောင့် သူက ကော်ဖီအေးတစ်ခွက်မှာပြီး ထိုင်စောင့်နေလိုက်၏။ နေ့လယ်ဆယ့်တစ်နာရီတိတိတွင်တော့ ဆိုင်ထဲလှမ်းဝင်လာသည့် သဏ္ဍာန်လေးတစ်ခုကြောင့် စိုးကိုအောင် မျက်လုံးတွေ ရုတ်ချည်းအရောင်လက်လို့သွား၏။ သူတွေ့လိုက်ရသည်က ကပို့ကရို့ ကိုယ်ဟန်အနေအထားလေးနှင့် ဆိုင်ထဲဝင်လာသော ယဉ်သွယ် ဖြစ်နေလေသည်။ ပတ်ဝန်းကျင်အား တစ်ချက်ဝေ့ကြည့်၍ဝင်လာသည့် ယဉ်သွယ်မျက်ဝန်းများမှာ သူ့ကိုတွေ့တော့ အံ့ဩသွားပုံရ၏။ စိုးကိုအောင်ကဲ့သို့ပင် သူမလည်း လုံးဝမျှော်လင့်မထားတာမို့ အံ့ဩမှုနှင့် ပြိုင်တူ ဝမ်းသာကြည်နူးခြင်းတွေက ယဉ်သွယ်ရင်ထဲကို စီးဝင်ပျံ့နှံ့လာတော့သည်။

တစ်ယောက်ထဲထိုင်နေသော စိုးကိုအောင်က ပြုံးပြရင်း အမူအရာဖြင့် ဖိတ်ခေါ်လိုက်ပါသည်။ သူမက မငြင်းဘဲ သူ့စားပွဲဆီသို့ လျှောက်လာသည်။ သူ့ရှေ့တွင် ဝင်ထိုင်လိုက်သော ယဉ်သွယ်ကို ကြည့်ကာ စိုးကိုအောင်အတွေးများ ထွေပြားစပြုလာခဲ့၏။ သူနှင့် ယဉ်သွယ်တို့သည် ဘယ်လိုမှမဖြစ်နိုင်သည့် အခြေအနေမျိုးနှင့် ဒီလို တိုက်တိုက်ဆိုင်ဆိုင် ဆုံတွေ့နေတာ အခုတစ်ခါပါဆို သုံးခါတိတိ ရှိပြီ။ သူ့စိတ်ထဲမှာ ဒီကိစ္စကို နည်းနည်းတော့ သဘာဝမကျဟု ထင်မြင်မိသည်။

မျက်နှာချင်းဆိုင်ထိုင်၍ ငြိမ်သက်လျက်ရှိသော စိုးကိုအောင်ကို ယဉ်သွယ်က မျက်စောင်းလေးထိုးကာ အပြစ်လှမ်းတင်လိုက်၏။

"လူကိုတော့ခေါ်ပြီး ဘာသောက်မလဲတောင် မမေးဘူး ရှင်ဘယ်လိုလူလဲ . . ."

စိုးကိုအောင်က ဒီတော့မှ ပြာပြာသလဲနှင့် . . .





"ဟာ . . ဆောရီးနော် . . ဆောရီး၊ ယဉ်သွယ် ဘာသောက်မလဲ၊ ပြောလေ"

"တော်ပါပြီ၊ မသောက်ချင်တော့ပါဘူး၊ ဒါနဲ့ပြောစမ်းပါဦး၊ ရှင်က ကျွန်မကို ရှေ့မှာထားပြီး ဘာတွေအတွေးခေါ်နေရတာလဲ"

"ဩော် . . ကိုယ် တစ်ခုစဉ်းစားလိုက်မိလို့ပါ၊ ကိုယ်နဲ့ ယဉ်သွယ် အခုလိုမျိုး ပြန်ပြန်ဆုံနေတာ တိုက်ဆိုင်လွန်းနေသလားလို့"

"ဒါဆိုရင်လည်း ကျွန်မပြန်လိုက်မယ်လေ"

ယဉ်သွယ့်စကားကြောင့် စိုးကိုအောင်တစ်ယောက် အလန့်တကြား ဖြစ်သွားမိသည်။

"အာ . . မဟုတ်ပါဘူး၊ အဲဒီလို မဟုတ်ဘူး၊ ကိုယ်ကလည်း ယဉ်သွယ်နဲ့ အရမ်းတွေ့ချင်နေတာပါ၊ သီရိပစ္စယာမှာတောင် တွေ့မလားလို့ သွားသွားပြီး ရှာနေရသေးတဲ့ဥစ္စာကို . .၊ အခုဟာက မထင်မှတ်ဘဲ ခဏခဏလာဆုံနေတော့ စိတ်ထဲမှာ တစ်မျိုးဖြစ်သွားတာပေါ့၊ မဟုတ်ဘူးလား . . ."

သူက အဲဒီလိုပြောလိုက်တော့ ယဉ်သွယ့်မျက်နှာလေးမှာ ချက်ချင်းပဲ တည်သွား၏။ နောက် . . သူ့ကိုစူးစိုက်ကြည့်ရင်း သူမက သက်ပြင်းချလိုက်ပြန်သည်။

"အင်း . . ရှင်ပြောတာ ဟုတ်သလိုလိုပဲ၊ ရုပ်ရှင်ရုံမှာတုန်းကရယ် . .၊ စာအုပ်ဆိုင်မှာရယ် . .၊ ပြီးတော့ အခုဒီကို ကျွန်မရောက်လာတာလည်း ကိုယ့်ကိစ္စရှိလို့လာတာ မဟုတ်ဘူး၊ ကျွန်မ အစ်ကိုရဲ့ ဧရာဂကြောင့် ရောက်လာခဲ့တာ၊ ကဲ . . ဒါတွေထားလိုက်ပါ၊ ရှင်က ရော . . ဒါကို ဘယ်လိုထင်လို့လဲ"

စိုးကိုအောင်က ပြုံးလိုက်ပြီး . . . .

"ကိုယ်က ဘယ်လိုမှ မထင်ချင်တော့ပါဘူး၊ အဲ . . ကိုယ် ထင်တာတစ်ခုကိုပြောရရင် ဒီအချိန်မှာ ယဉ်သွယ် ကိုယ့်ကို အမြဲပြန်



www.burmeseclassic.com

www.burmeseclassic.com



ပေးဖို့ အဆင်သင့်ရှိနေလောက်ပြီလို့ ထင်တာပဲ၊ ဟုတ်တယ် . . . မဟုတ်လား”

သူ့စကားကိုကြားတော့ ယဉ်သွယ့်မျက်နှာပေါ်တွင် ရှက်သွေးတို့မှာ နီဆွေးလို့လာတော့သည်။ သူမလည်း ဖြောင့်စင်းစိုလက်နေသည့် ဆံနွယ်စများဖြင့် ဝှက်ကွယ်၍ ခေါင်းလေးကို ငုံ့ချလိုက်ပါ၏။

ထိုဖြစ်ပေါ်လာသော အခြေအနေကောင်းလေးကို စိုးကိုအောင်က လက်လွှတ်မခံဘဲ . . .

“ဖြေပါဦး . . ယဉ်သွယ်ရယ်၊ ကိုယ် မင်းကို တကယ်ချစ်ခဲ့တယ်ဆိုတာလည်း မင်းကောင်းကောင်းသိနေပြီပဲ”

ကလေးတစ်ယောက် မုန့်ပူစာသလို မျက်နှာပေးမျိုးနှင့် စိုးကိုအောင်က ဖွတ်ပြောနေသည်။ ယဉ်သွယ်က ခေါင်းကိုအသာမော့ကာ ချစ်စဖွယ်မျက်စောင်းလေးထိုးလိုက်ရင်း . . .

“အခုမှလာပြီး အသည်းအသန် ဖြစ်မနေနဲ့ . . .”

“ဖြစ်မှာပဲကွာ၊ နောက်တစ်ခါ ဒီလိုတိုက်ဆိုင်ဖို့က လွယ်တာမဟုတ်ဘူး”

“သွားပါ . . .”

“မသွားပါဘူး . . ၊ ကိုယ့်ချစ်သူအနားမှာပဲ အမြဲနေတော့မယ်”

ပြောပြောဆိုဆို သူက စားပွဲပေါ်ရှိ ယဉ်သွယ်လက်ဖဝါးလေးကို အမှတ်မထင် ဖမ်းဆုပ်လိုက်ပါသည်။ သူမက တစ်ချက်လေးတွန့်သွားသည်မှ အပလုံးဝမရုန်းဘဲ ရှက်ဝါးဝါးနှင့် ခေါင်းကိုသာ ငုံ့ချသွား၏။ စိုးကိုအောင်မှာ ထိုအခိုက်အတန့်လေးကို ဝမ်းသာ၍မဆုံးတော့ပြီ။ လက်ရှိအနေအထားအရ ယဉ်သွယ်တစ်ယောက် သူ့အချစ်ကိုလက်ခံလိုက်ပြီမှန်း အတွေ့အကြုံများသော စိုးကိုအောင်တို့က သဘောပေါက်ပြီးသား . . ။ ရုတ်တရက် သူမက နာရီကြည့်သလိုနှင့် လက်ကိုပြန်ရုပ်သိမ်းကာ ပြောလိုက်၏။





“ဟယ် . . အခုမှ သတိရတယ်၊ ကျွန်မအစ်ကိုရဲ့ သူငယ်ချင်းကလည်း အခုထိ မလာသေးပါလား၊ ဆယ့်တစ်နာရီ ချိန်းထားပြီးတော့ အချိန်လည်း မလေးစားဘူး၊ ကျွန်မက ကိုကိုခိုင်းထားတဲ့ကိစ္စမို့ သည်းခံနေတာ . . ၊ အခုဟာက လွန်လာပြီ”

“ဟုတ်လား . . နာရီဝက်တောင်ကျော်နေပြီ၊ ကိုယ့်ဘော်ဒါတွေနဲ့လည်း ဒီဆိုင်မှာ ဆယ့်တစ်နာရီအတိ ချိန်းထားတာပဲ”

နှစ်ယောက်သားအကြည့်တွေ အားပြိုင်နေမိကြသည်။ သူတို့စိတ်ထဲမှာ တစ်မျိုးတစ်မည် ဖြစ်သွားကြသော်လည်း၊ ဒီလိုအချိန်၌ မလိုလားအပ်သည့် ဘေးထွက်ဆိုးကျိုးများကို မတွေးမိအောင်နေတာအကောင်းဆုံးဖြစ်ပေလိမ့်မည်။ ထို့ကြောင့် သူက . . .

“ကဲ . . ထားလိုက်ပါ ယဉ်သွယ်ရာ၊ အခု ကိုယ်တို့နှစ်ယောက်ချစ်သူတွေဖြစ်တဲ့ အထိမ်းအမှတ်နဲ့ ဘုရားတက်ကြရအောင်နော်”

စိုးကိုအောင်သည် ‘သူတို့နှစ်ယောက် ချစ်သူတွေဖြစ်သွားပြီ’ ဆိုတာကို မယုံမရဲနှင့် သူမဆီမှ တရားဝင်အတည်ပြုချက်ယူသလို ဖြစ်နေရှာ၏။ ယဉ်သွယ်ကလည်း သူလူလည်ကျပုံကို သဘောကျစွာဖြင့် ခေါင်းညိတ်ပြီး ခွင့်ပြုလိုက်လေသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com



## (၂၈)

ပြာလွင်လှပသော မိုးသားများအောက်တွင် သူတို့နှစ်ဦး၏ ချစ်သူဘဝအစသည် သဘာဝတရားအတိုင်း ခမ်းနားထည်ဝါခဲ့လေ၏။ အုပ်ဖွဲ့၍ ပျံသန်းသွားသည့် ငှက်လေးတွေကို နှစ်ယောက်သား ထိုင်ကြည့်ရတာ ငြိမ်းချမ်းတိတ်ဆိတ်လှသည်။ လှုပ်ရှားရုန်းကန်နေရသည့် ဘဝခရီးလမ်း၌ သူတို့အတွက် ဒီလိုခဏငယ်လေးတွေ မကြာခဏ လိုအပ်မှာသေချာပါသည်။

စိုးကိုအောင်သည် ကောင်းကင်ကြီးကို ငေးရီနေသော သူ့ရင်ခွင်ထဲမှ ယဉ်သွယ့်မျက်နှာလေးအား မြတ်နိုးစွာ ငုံ့ကြည့်နေမိ၏။ မနေ့ကမှ သူသည် ချစ်စရာကောင်းလှသည့် ထိုသူမလေးကို ဘုရားပေးသောဆုအဖြစ် ရရှိခဲ့ခြင်းဖြစ်သည်။ ဆန်းကျယ်လွန်းသောကံကြမ္မာ ပြကွက်များလိုပင် သူတို့နှစ်ယောက်မှာ အံ့ဩဖွယ်ရာ ဖူးစာဆုံပြီး ချစ်သူတွေ ဖြစ်လာခဲ့ကြပါသည်။





မနက်ဖြန်တိုင်းသည် သူတို့အတွက် တောက်ပသည့် ရွှေရောင်အနာဂတ်များလည်း ဖြစ်၏။ တစ်ယောက်ကိုတစ်ယောက် အရှိန်အဟုန်နှင့် ချစ်ခင်မြတ်နိုးနိုင်ရန် သူတို့မှာ အချိန်နာရီ သိပ်များများစားစား မလိုအပ်လှချေ။ တစ်နေ့၊ တစ်နေ့ ပြောလို့မကုန်နိုင်သောစကားများကိုသီဖွဲ့ရင်း အိမ်ပြန်ချိန်တွေ နောက်ကျရတာလည်း အရသာရှိနေခဲ့ကြပြီ။ ပျော်စရာသစ်သီးတို့မှာ "အချစ်" ၌ အလွယ်တကူဝင်းမှည့်နေတတ်သည်။

နောက်ထပ် ထူးခြားမှုတစ်ခုမှာ ရက်ပိုင်းမျှသာရှိသေးသော ရည်းစားသက်တမ်းအတွင်း သူတို့က မြင့်မားသည့် နားလည်ပေးနိုင်စွမ်းမျိုးကို တည်ဆောက်ပြနိုင်ခဲ့ကြပြန်သည်။ ယဉ်သွယ်ကို သူငယ်ချင်းများနှင့် မိတ်ဆက်ပေးသည့်နေ့ကလည်း (အကြောင်းပြချက်မျိုးစုံပေးလျက် ပျက်ကွက်ခဲ့သော အောင်နီဦးမှလွဲ၍) သူမသည် တစ်ခါထဲနှင့် အားလုံး၏ငယ်ပေါင်းကြီးဖော် သူငယ်ချင်းတစ်ယောက် ဖြစ်သွားခဲ့၏။

လှမြတ်ဟန်တို့၊ မေလင်းတို့ဆို ယဉ်သွယ်မှယဉ်သွယ်ဖြစ်ကုန်ပြီး သူ့ကိုတောင် သိပ်အဖက်မလုပ်ချင်တော့ . . ။ သူငယ်ချင်းတွေနဲ့တော့ ပိစ်သွားပြီ။ သူမအရည်အသွေးနှင့်ဆို အရာရာအိုကေဖို့ပဲ ရှိသည်။ လုပ်စရာဆို၍ သူတို့နှစ်ဖက်မိဘတွေကို အသိပေးရန်သာ ကျန်တော့သည်။ ဒါကလည်း လုံးဝပြဿနာမရှိနိုင်ပေ။ သူ့ဘဝထဲသို့ သူမရောက်ရှိလာပုံမှာ အရမ်းအဆင်ပြေလွန်းနေသဖြင့် စိုးကိုအောင်ခမျာ မနေတတ်၊ မထိုင်တတ် ဖြစ်လာမိသည်။ အချိန် တွေကြာလာလျှင်တော့ နေသားကျသွားဖို့ သူမျှော်လင့်လိုပါသည်။ ဒါမှမဟုတ်ရင်တော့ ဒီလိုလွယ်ကူချောမွေ့သော အခြေအနေကြီးကို စိုးကိုအောင်လည်း ဖျင်းရိသွားနိုင်သည်။ သူအရမ်းချစ်သော ယဉ်သွယ်ကြောင့် ဖြစ်ပေါ်လာသည့် ငြိမ်းငွေ့ဖွယ်အနေအထားများမှာ စိတ်ကို ရှုပ်ထွေးစေ၏။ (သူမသည် တကယ်တော့ သူ့အတွက် အခက်အခဲမရှိသော ခက်ခဲမှုတစ်ရပ်



www.burmeseclassic.com

www.burmeseclassic.com



ပင် ဖြစ်လေသည်။)

ဘဝကို အဆင်ပြေလွယ်ကူစေရန် လူတိုင်းကြိုးစားနေထိုင်ကြသည်မှာ မှန်သော်လည်း၊ အခုကိစ္စနောက်ကွယ်၌ သူမသိနိုင်သော တစ်စုံတစ်ရာ ပါဝင်နေကြောင်းကို စိုးကိုအောင် ရိပ်မိစပြုလာပြီ ဖြစ်သည်။ ယဉ်သွယ့်ကို အကဲခတ်ကြည့်မိတော့၊ သူမလည်း ဘာဆို၊ ဘာမှ သိပုံမရပေ။

သူရင်ဆိုင်နေရသော ပြဿနာသည် အကြမ်းဖက်သမား အယ်လ်ကေးဒါးများလိုပင် ဘယ်သူ၊ ဘယ်ဝါဆိုတာလည်း မသိ၊ ဘယ်အရပ်မှလာမည်မှန်းလည်း မသိ၊ သူတို့၏အသားအရောင်နှင့် နိုင်ငံ လူမျိုးကိုလည်း လုံးဝမမှန်းဆနိုင်ဘဲ ပြဿနာတစ်ရပ်အဖြစ် ရှိတော့ ရှိနေလေသည်။

ယဉ်သွယ်နှင့် တခြားသူငယ်ချင်းတွေကတော့ သူ့လိုမဟုတ်ချေ။ ဒါကို "ပြဿနာ" ဟုမသိ (သို့) မယူဆထားသောကြောင့် သူတို့အားလုံးမှာ ပေါ့ပါးပျော်ရွှင်လျက် ရှိကြ၏။ စိုးကိုအောင်လို ဝါရင့် (Game) ကစားသမားတစ်ဦး၏ အတွေ့အကြုံအရ အရမ်းလွယ်ကူလွန်းနေလျှင်ဒါသည် "ဂိမ်း" ဟုမဆိုနိုင်တော့ . . .။ "ဂိမ်း" ဆိုလျှင်လည်း ကြိုတင်ကြံစည်မှုတစ်စုံတစ်ရာပါဝင်နေသည့် တရားမျှတခြင်းမရှိသော Unfair Game ပွဲစဉ်တစ်ခုသာ ဖြစ်ဖို့ရှိပါသည်။

* * * *

စိုးကိုအောင်သည် သူတို့ကို ဘယ်သူက ဘာရည်ရွယ်ချက်ဖြင့် နောက်ကွယ်မှ အကွက်တွေရွှေ့နေမှန်း မသိရသော်လည်း ထိုလူမှာ ကျေးဇူးတင်စရာကောင်းလှ၏။ အမည်မသိသူတစ်ယောက်က ကိုယ့်ကို ဘာလိုင်းကြီး လိုက်ရွှေ့နေသဖြင့် ခံပြင်းဖို့ကောင်းတာတော့ မှန်ပါသည်။





မိမိ၏ဖြစ်တည်မှုကို စော်ကားခံနေရသလိုလည်း ခံစားရပါသည်။ သို့သော် . . ထိုလူကြောင့် သူ့မှာနစ်နာဆုံးရှုံးရတာမျိုး လုံးဝမရှိခဲ့ဖူးဘဲ၊ ထိုလူကြောင့် အဆင်ပြေချောမွေ့သွားခြင်းများသာရှိကြောင်း စိုးကိုအောင် မှတ်မိနေ၏။

ထိုလူသည် ဥပဒေအရ အပြစ်ရှိသူဖြစ်ပေမယ့်၊ စေတနာကောင်းလေးရှိနေသဖြင့် သူလည်းခဏတော့ စိတ်သက်သာရာရသွားမိသည်။ စိုးကိုအောင်က လေပူတွေကို ဟူးခနဲ မှုတ်ထုတ်ပစ်လိုက်၏။

သူ့နှလုံးသား၏ နောက်ဆုံးဂိမ်းလေးဖြစ်သော "ယဉ်သွယ်" အား အပိုင်မရသေးမီ၊ တစ်စုံတစ်ယောက်က သူတို့ကို သက်မဲ့အရုပ်လေးတွေလို သဘောထား၍ ပြန်ဆော့ကစားနေခဲ့ပြီ။ အပျော်ကစားတာပဲဖြစ်ပါစေဟု စိုးကိုအောင် ဆုတောင်းနေမိ၏။

လူ့ဘဝဆိုသည်မှာ ဉာဏ်ပညာကြီးမားသူများ၏ အပျင်းပြေကစားပွဲထဲမှ နယ်ရုပ်လေးတစ်ရုပ်လည်း ဖြစ်နေတတ်ပါသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## (၂၉)

ချစ်သူလေးနှင့်အတူ အရာအားလုံး အဆင်ချောနေသဖြင့် စိုးကိုအောင်တစ်ယောက် သူကိုယ်တိုင်ကစားခံနေရသော Unfair Game ပွဲအကြောင်းကို ခဏမျှမေ့လျော့ထားလိုက်သည်။ လူဆိုတာ ရုပ်ဝတ္ထုပစ္စည်းနှင့် အလှအပတို့မှာ သာယာတတ်သည့်သဘောရှိ၏။ စိုးကိုအောင်သည်လည်း လူထဲမှလူတစ်ယောက်မို့ သမာရိုးကျမဟုတ်သော ပြည့်စုံမှုတစ်ခု၌ ပကတိအမှန်တရားအား မမြင်ချင်ယောင်ဆောင်နေမိသည်။

သို့တိုင်အောင် သူ့မှာ ကြာကြာထွက်ပြေး၍ မရခဲ့ချေ။ သက်သာသလိုနေနေသည့် စိုးကိုအောင်ထံသို့ ပြဿနာတချို့က တည့်တည့်မတ်မတ် ပြေးဝင်လာကြပါ၏။ အရေးတကြီးဖြေရှင်းရမည့် ပြဿနာမှာ သူ့ရည်းစားယဉ်သွယ်ကို သူမတို့အဖေက ဦးအောင်ခိုင်ဆိုသော ဝိုက်ရွှဲရှင်နဲတစ်ယောက်နှင့် လက်ထပ်ပေးရန် ပြန်လည်စီစဉ်နေသည့် ပြဿနာ





ဖြစ်သည်။ ပြန်လည်စီစဉ်သည်ဟု သုံးစွဲရခြင်းမှာ သူ ယဉ်သွယ်နှင့် ချစ်သူဘဝမရောက်ခင်က သူမတို့ကြားတွင် နဂိုအစီအစဉ်ဟောင်းတစ်ခု ရှိခဲ့ဖူး၏။

အဲဒီတုန်းက ယဉ်သွယ့်ဖားသားကြီးကိုယ်တိုင် ဒေါသတွေထွက်ပြီး မင်္ဂလာပွဲကို တစ်ဖက်သတ် ဖျက်သိမ်းခဲ့ခြင်း ဖြစ်ပါသည်။ အခုကျမှ ဘယ်လိုဖြစ်ပြီး စိတ်ပြောင်းသွားသည်မသိ . . ။ ယဉ်သွယ်လည်း ဖေဖေ့ဆီမှ ထိုသတင်းကို ကြား,ကြားချင်း ကိုယ့်နားကိုယ် မယုံနိုင်အောင်ဖြစ်မိ၏။ ဒီတစ်ခါတော့ သူမကို ကယ်တင်ပေးမည့် အစ်ကိုဖြစ်သူမှာ မနေ့ကမှ မိုးကုတ်သို့ အရေးပေါ် ခရီးထွက်သွားခဲ့ပြန်သည်။ အားကိုးစရာ ကိုကိုမရှိတော့ ယဉ်သွယ်လည်း ကိုယ့်အားကိုယ်ကိုး၍ ပြင်းရတော့၏။

"ဖေဖေရယ် . . အဲဒီ ဦးအောင်ခိုင်က ဟိုဓါတ်ပုံတွေထဲက အတိုင်းဆိုရင် သူ့မှာ 'A' ကနေ 'Z' အထိ ရောဂါတွေ အကုန်ရှိနေလောက်တယ်"

သူမစကားအဆုံးမှာ ဖေဖေက နှစ်ခြိုက်စွာ ပြုံးလိုက်ပြီး . . .

"ဟုတ်တယ်သမီး . . ဖေဖေ မောင်အောင်ခိုင်နဲ့ သေချာတွေ့ပြီး စကားပြောခဲ့ပြီးပြီ၊ အဓိကကတော့ အဲဒီဓါတ်ပုံတွေ အကြောင်းပေါ့လေ . . ၊ မောင်အောင်ခိုင်ရဲ့ အကျင့်စာရိတ္တကို ဖေဖေတို့က ဟိုးအရင်ထဲက သိထားပြီးသား၊ ဒါကြောင့်လည်း သမီးလေးနဲ့ စီစဉ်ပေးခဲ့တာ"

သူမက ဖေဖေ့စကားကိုဖြတ်၍ ပြောလိုက်ပါသည်။

"ဒါဖြင့် . . ဟိုဓါတ်ပုံတွေကို ဖေဖေက အတုတွေလို့ ပြောချင်တာလား"

မေမေသည် ထုံးစံအတိုင်း သူမတို့သားအဖကြားမှာ ငြိမ်ဆိတ်နေမြဲပင် . . . ။ ဖေဖေက ခေါင်းကိုရမ်းရင်း ရန်လိုနေသော ယဉ်သွယ့်အား အေးအေးဆေးဆေးပဲ ရှင်းပြရှာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီပုံတွေက အတုတော့ မဟုတ်ဘူး၊ အစစ်တွေပါပဲ၊ ဒါပေမယ့် အဲဒါလည်း မောင်အောင်ခိုင်စနစ်တကျ လုပ်ကြံခဲ့လိုက်ရတာပါ၊ ဒါတွေကို သိလိုက်ရတော့ ဖေဖေလည်း သူ့အပေါ် မဆင်မခြင်နဲ့ ဒေါသစကြီးဆုံးဖြတ်ခဲ့တာကို အရမ်းအားနာသွားမိတယ်၊ မောင်အောင်ခိုင်ကတော့ သဘောထားကြီးပြီး သမီးဖောနဲ့မှားသွားတဲ့ ဖေဖေ့ကို နားလည်ပေးရှာပါတယ်၊ နောက်ပြီး လူကြီးတွေချင်း စီစဉ်ထားခဲ့တဲ့ ဒီလိုကိစ္စမျိုးဆိုတာ ကလေးကစားသလို အခုတစ်မျိုး၊ တော်ကြာတစ်မျိုး လုပ်လို့မရဘူး သမီးရဲ့ . . ."

ဖေဖေ့စကားဆုံးရုံသာ ရှိသေးသည်။ တစ်ချိန်လုံး ငြိမ်သက်နေသော မေမေက သူမကို ဝင်ပြောလိုက်ပြန်၏။

"သမီးလေးရယ် . . ဒီတစ်ခါတော့ မေမေတို့စကားကို နားထောင်ပါနော်၊ မေမေတို့လည်း မောင်အောင်ခိုင်တို့ အသိုင်းအဝိုင်းနဲ့ ထပ်ပြီးမျက်နှာမပျက်ချင်တော့ဘူး"

ဒီလိုဆိုတော့ ယဉ်သွယ်လည်း ခေါင်းငိုက်စိုက်ကျသွားရသည်။ သူမက စိတ်ကို တည်ငြိမ်အောင်ထိန်း၍ ဖေဖေ၊ မေမေတို့ကို ခပ်တိုးတိုးလေး ပြောလိုက်မိ၏။

"သမီးကို စဉ်းစားဖို့ တစ်ရက်၊ နှစ်ရက်လောက်တော့ အချိန်ပေးပါ ဖေဖေ . . ."

ဖေဖေက ခေါင်းကို အသာအယာ ညိတ်ပြသည်။ ကြည်လင်ရွှင်ပျသွားသော မေမေ့မျက်နှာကို တွေ့မြင်လိုက်တော့ သူမရင်ထဲမှာ တစ်စစ်စစ်နှင့် နာကျင်လို့လာ၏။ ယဉ်သွယ်လည်း ဖေဖေ၊ မေမေတို့ရှေ့မှာ မနေလိုတော့သဖြင့် အိပ်ခန်းထဲသို့ ဝမ်းနည်းနာကျင်စွာ ဝင်လာခဲ့မိသည်။

ရုတ်တရက် စိုးကိုအောင်၏ရုပ်သွင်က သူမမျက်ဝန်းထဲမှာ ဖျတ်ခနဲ ပေါ်လာပြန်သည်။ သူမမျက်လုံးတွေ စုံမှိတ်ပစ်လိုက်၏။ မိဘ





တွေနှင့် ချစ်သူကြားမှာ ယဉ်သွယ့်စိတ်တွေ လွန်ဆွဲနေကြလေပြီ။

* * * *

နောက်ဆုံးတွင် ယဉ်သွယ့်ပြဿနာသည် စိုးကိုအောင်အတွက် အခက်အခဲတစ်ရပ် ဖြစ်လာခဲ့ပါသည်။ အစပိုင်းမှာ ဒီကိစ္စကို သူတို့ချစ်သူနှစ်ယောက်ထဲ ကြိတ်ပြီးဖြေရှင်းဖို့ ကြိုးစားကြသေး၏။ သို့သော် ဘယ်လိုမှ ပြေလည်အောင် မဖြေရှင်းနိုင်ခဲ့ပေ။ ထိုအခါ ပြဿနာထဲသို့ သူငယ်ချင်းများကိုပါဆွဲသွင်းဖို့ သူတို့က ဆုံးဖြတ်လိုက်ကြတော့သည်။

အမှတ်တရဖြစ်အောင် သိရိပစ္စယာမှာပဲ သူငယ်ချင်းများကို သူက ချိန်းဆိုလိုက်သည်။ သူငယ်ချင်းတွေကလည်း ထင်သည့်အတိုင်း ပင် အားကိုးရ၏။ စိတ်မြန်လက်မြန်နှင့် မြတ်မင်းလူက သူ့အကျင့် စရိုက်အားဖော်ပြသော အကြံတစ်ခုကို စပြီးပြောလိုက်လေသည်။

"ဟော့ကောင် . . စိုးကိုအောင်၊ အခုကိစ္စအတွက် ဘာမှရှုပ်ရှုပ်ထွေးထွေးတွေ လျှောက်စဉ်းစားမနေနဲ့၊ မင်း ယဉ်သွယ့်ကို အမြန်ဆုံး သာ ခိုးပြေးပေတော့ . . ."

မြတ်မင်းလူ၏ အကြံပြုချက်ကြောင့် သူနှင့်ယဉ်သွယ်တို့ ချက်ချင်းပဲ အကြည့်တွေဆုံသွားသည်။ စိုးကိုအောင်လည်း ပြုံးတုံ့တုံ့လေး ဖြစ်သွားပြီး၊ သူမကတော့ ပခုံးကို တစ်ချက်တွန့်ပြလိုက်မိ၏။ ကျန် သူငယ်ချင်းများမှာ လုံးဝအသံထွက်မလာသေးဘဲ ငြိမ်နေကြသည်။ သူတို့ကိုကြည့်ရတာ စေတနာအပြည့်နှင့် သေချာစဉ်းစားပေးနေပုံရ၏။

အတန်ကြာအောင် တိတ်ဆိတ်လျက်ရှိသည့် သူတို့စကားဝိုင်းထဲကို အောင်နိုဦး၏အသံကြီးက ထင်းခနဲ တိုးဝင်လို့လာသည်။

"မင်းက ငါတို့ကို တိုင်ပင်တာဆိုတော့လည်း ငါ့အနေနဲ့ ပြောရတာပေါ့လေ၊ ဒီကိစ္စမှာ ငါ့သဘောထားက မြတ်မင်းလူပြောသလို



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့နှစ်ယောက် ခိုးပြေးလိုက်ကြဖို့ပဲ၊ အဲဒီအစီအစဉ်ကို ငါထောက်ခံတယ်"

အောင်နီဦး၏ တိုက်တွန်းစကားမှာ မီးလောင်ရာ လေပင့်သကဲ့သို့ ဖြစ်နေသော်လည်း၊ သေချာစဉ်းစားကြည့်လျှင် သူတို့ချစ်သူနှစ်ဦးအတွက် "ခိုးရာလိုက်ပြေးခြင်း" သည်သာ အသင့်လျော်ဆုံး ဖြစ်နေခဲ့သည်။ ဒါကို စိုးကိုအောင်တစ်ယောက် ကောင်းကောင်းသဘောပေါက်ပါ၏။ ခဏမျှကြာတော့ တခြားသူငယ်ချင်းများဆီကလည်း အကြံပေးစကားတွေ ထွက်လာပါတော့သည်။ မေလင်းက ဒီလို . . .။

"ဟုတ်တယ်ဟ . . သူတို့တွေပြောတာ အမှန်ပဲ ယဉ်သွယ် . . ၊ စိတ်ကူးမလွဲနဲ့ . . သိလား . . . "

သူရကျတော့ တစ်မျိုး . . .။

"ဟော့ကောင် . . စိုးကိုအောင် သိပ်တွေဝေမနေနဲ့၊ မင်းကို ငါတို့က ကျပ်ပေးနေတာ မဟုတ်ဘူးနော်၊ အတည်ပြောနေတာ . .၊ အခုကတည်းက ကြိုပြောလိုက်ပါရဲ့နော် . . ၊ နောက်မှ မင်းနောင်တရနေလိမ့်မယ်၊ အဲဒီကျရင် ငါတို့ဆီလာပြီး နားမငြီးနဲ့၊ ဟုတ်ပြီလား . . "

လှမြတ်ဟန်ကလည်း နောက်ပိတ်ဆုံးကျမှ ဆရာမကြီးလေသံနှင့် အခုလို ဝင်ရောက်ပြောဆိုလေသည်။

"နင်တို့နှစ်ယောက်ရဲ့ မျက်နှာတွေကိုကြည့်ရတာ တစ်ခုခုကို စိုးရိမ်နေကြသလိုပဲ၊ သိပ်လည်း စိုးရိမ်မနေကြပါနဲ့ဟာ . . ၊ နင်တို့နှစ်ယောက်စလုံးက အရွယ်ရောက်ပြီးသားပဲ ဥစ္စာ၊ ပြီးတော့ လူဆိုတာ ကိုယ့်ဘဝကိုယ် ဆုံးဖြတ်ရွေးချယ်ပိုင်ခွင့်ရှိတာပဲ၊ လူကြီးတွေဆိုတာလည်း နင်တို့ယူပြီးသွားရင် ဘာမှတတ်နိုင်တော့တာ မဟုတ်ဘူး၊ နောက်ဆုံးမှာ ပြန်ပြီးလက်ခံသဘောတူပေးရမှာပဲ . . . "

ထိုကဲ့သို့ပင် သူငယ်ချင်းတွေက တစ်ယောက်တစ်ပေါက်ပြောပြီး ဝိုင်းဝန်းအားပေးလျက် ရှိကြ၏။ ဘာပဲဖြစ်ဖြစ် သူတို့လည်း ဒီလို





စကားတွေကြားရတာ အလိုလို အားရှိလာမိသည်။

မဝေးလှသော အနာဂတ်ဆီမှ တယ်လီဖုန်းခေါ်သံကို ကြားရ၏။ ယဉ်သွယ့်ကို သူက "ဘယ်လိုလဲ" ဆိုသည့် အဓိပ္ပါယ်နှင့် မေးဆတ်ပြ၍ မေးလိုက်ပါသည်။ သူမက အရည်လဲ့နေသော မျက်ဝန်းများဖြင့် သူ့ကိုတစ်ချက်ကြည့်ပြန်သည်။ ထို့နောက် လျှို့ဝှက်သည့် အပြုံးတစ်ခုနှင့်အတူ သူမက ရှက်ဝါးဝါးလေး ခေါင်းညိတ်ပြလိုက်ပါသည်။

ဒီလိုအချိန်မျိုးမှာ သူမအနေနှင့် မာယာတွေများပြီး အထာပိုနေရန်လည်း အကြောင်းမရှိပါ။ အနာဂတ်ဆိုတာ မိမိကိုယ်တိုင် တည်ဆောက်ယူရမှန်းကို အခုတော့ သူမနားလည်သဘောပေါက်သွားခဲ့လေပြီ။

* * * *

ထိုအဖြစ်အပျက်များမှ

ခြောက်လခန့်ကြာပြီးနောက် . . . .

* * * *



www.burmeseclassic.com

www.burmeseclassic.com

## (၃၀)

အချိန်ကား ညနေငါးနာရီခွဲခန့် ဖြစ်၏။

မြရိပ်ညိုဟိုတယ် မြက်ခင်းပြင်ပေါ်၌ စိုးကိုအောင်နှင့်ယဉ်သွယ် တို့၏ မင်္ဂလာဧည့်ခံပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပနေပါသည်။ နှစ်ဖက်မိဘဆွေမျိုးများနှင့် ရွှေပွဲလာဧည့်သည်တော်များမှာ တပြုံးပြုံး နှင့် အထူးပင်ဝမ်းမြောက်လျက် ရှိကြ၏။ ကာယကံရှင်ဖြစ်သော သူတို့ ချစ်သူနှစ်ဦးမှာမူ ကြည်နူးမှုတွေက ဆိုဖွယ်ရာမရှိတော့ . . .။

အလင်းအားကောင်းလှသည့် မီးရောင်များအောက်မှာ ကင်မရာ မီးတွေကလည်း တဖျတ်ဖျတ်လက်လို့နေသည်။ စိုးကိုအောင်နှင့်ယဉ်သွယ် တို့သည် လက်ချင်းချိတ်တွဲကာ ဧည့်သည်များကို ဖော်ဖော်ရွေရွေ လိုက်လံနှုတ်ဆက်နေကြလေသည်။ ဒင်နာပွဲမို့ အသောက်အစားလေး အနည်းငယ်ပါ၏။ ထို့ကြောင့်လည်း တချို့ဧည့်သည်များမှာ အာသွက် လျှာသွက်ရှိနေကြပြီ။





မြက်ခင်းပြင်ပေါ်တွင် အပျော်တွေက ကူးစက်ရောဂါတစ်ခုလို တစ်ဦးဆီမှတစ်ဦး လျှင်မြန်စွာ ပျံ့နှံ့လျက်ရှိသည်။ စိုးကိုအောင်တို့စုံတွဲ မှာ တဖြေးဖြေးနှင့် သူရတို့၊ မြတ်မင်းလူတို့ သူငယ်ချင်းများထိုင်နေ သောဝိုင်းသို့ ရောက်ရှိလာ၏။ စိုးကိုအောင်က သူငယ်ချင်းအုပ်စုကို တစ်ချက်ဝေ့ကြည့်ရင်း တစ်စုံတစ်ခုလိုအပ်နေမှန်း သတိပြုမိကာ မေး လိုက်သည်။

"ဟေ့ကောင်တွေ . . အောင်နီဦးတစ်ယောက်ရော . . ."

မြတ်မင်းလူက ဟိုဟိုဒီဒီ လှမ်းကြည့်ရှာကြည့်၍ . . .

"ဒီကောင် ခုနလေးတင် ရှိပါသေးတယ်၊ အခုမှ ဘယ်ပျောက် သွားပါလိမ့် . .၊ Tolit ခဏသွားတာ ထင်တယ်"

"အေးပါ . . ရှိရင်ပြီးတာပါပဲ"

ထိုအခိုက်မှာပဲ ယဉ်သွယ့်မေမေက သူတို့ဝိုင်းနားရောက်လာ ပြီး . . .

"ဟဲ့ . . သမီး . .၊ သမီးကိုကို့ကို တွေ့မိသေးလား၊ ဟိုမှာ သူ့သူငယ်ချင်းတွေရောက်လို့ မေးနေကြတယ်"

"ဟင့်အင်း . . မေမေ၊ သမီးလည်း ဧည့်သည်တွေ အရမ်း ရှုပ်နေတော့ သတိမထားမိဘူး"

"ဪ . . အေးအေး . . ဒါဆိုလည်းပြီးရော၊ မေမေ ဟိုဖက် မှာ လိုက်ရှာကြည့်လိုက်ဦးမယ်" ဆိုပြီး ယဉ်သွယ်တို့မေမေက ပြန်လှည့် ထွက်သွား၏။ သူတို့စုံတွဲလည်း ဧည့်ခံဖို့ကျန်နေသေးသည့် တစ်ခြား ဝိုင်းများကို လိုက်လံနှုတ်ဆက်ရန် ထိုဝိုင်းမှ ထွက်ခွာသွားကြပြန်သည်။ ဖျော်ဖြေရေးစင်မြင့်ဆီမှ အဆိုတော်တစ်ဦး သီဆိုနေသော "အချစ် သီချင်း" တစ်ပုဒ်မှာ လေထုထဲ၌ လွင့်ပျံ့စီးဆင်းလျက် ရှိပါသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် မြရိပ်ညိုဟိုတယ် အဆောက်အဦးထဲရှိ လူရှင်းသော အရက်ဘားတစ်ခု၌ လူနှစ်ယောက်ထိုင်နေကြ၏။ သူတို့ရှေ့တွင် မသောက်ရသေးသည့် Blue Label ဖန်ခွက်နှစ်ခွက်ကို ချထားသည်။ နှစ်ယောက်စလုံးမှာ ပေ့ါပါးရွှင်မြူးနေပုံရ၏။ သူတို့ကြည့်ရတာ အရက်သောက်ဖို့ထက် ငြင်းခုန်ပြီး စကားနိုင်လုရန် ပိုအားသန်နေလေသည်။ တစ်ယောက်စပြောလိုက်၏။

"လုပ်မနေစမ်းပါနဲ့ ဟုန်ဖရာ . . ဒီကိစ္စ ငါ့စလို့ ဖြစ်သွားတာပါ။ ငါ့ကြောင့် မင်းညီမလေးယဉ်သွယ် ငါ့သူငယ်ချင်းအကောင်းစားလေးနဲ့ရသွားတာ မဟုတ်လား၊ အဲဒါကိုတော့ မင်းဝန်ခံလိုက် . . . ဟုန်ဖ . . ."

ထိုစကားကို ကျန်တစ်ယောက်က လက်မခံပါ။ ချက်ချင်းပင်-

"တော်စမ်းပါ . . ဘာမင်းသူငယ်ချင်း အကောင်းစားလေးလဲ၊ ငါက ညီမတစ်ယောက်လုံး ပေးထားရတာကွ၊ နာစရာရှိရင် ငါ့ဖက်တနာရမှာ . . ."

ထိုလူနှစ်ယောက်မှာ တစ်ခြားလူတွေ မဟုတ်ကြ . . ။ မင်္ဂလာဧည့်ခံပွဲထဲမှ ပျောက်သွားသော 'အောင်နီဦး' နှင့် ယဉ်သွယ့်အစ်ကို 'ဟုန်ဖ' တို့ပင် ဖြစ်ကြသည်။ ဟုန်ဖ၏စကားကြောင့် အောင်နီဦးက သဘောကျစွာဖြင့် အားရပါးရ အော်ရယ်လိုက်ရင်း . . .

"ဟား ဟား ဟား . . ဟား . . မင်းက အခုမှ ဘာလာနာနေရတာလဲ၊ မင်းပဲ ကားအက်စီးဒင့်ဖြစ်တုန်းက မင်းကိုကယ်ခဲ့တဲ့ စိုးကိုအောင်ကို ပြန်ပြီးကျေးဇူးဆပ်ချင်တာဆို . . ."

"ဟုတ်တယ်လေ . . ငါလည်း သူ့အိမ်အထိ လိုက်သွားသေးတာပဲ၊ လူမတွေ့လို့ စာတောင်ရေးထားခဲ့ရသေးတယ်၊ အစကတော့ ငါက ကျေးဇူးဆပ်ခွင့်မရလို့ စိတ်ညစ်နေတာ . .၊ အဲဒါနဲ့ မင်းတို့ နာမည်နဲ့လိပ်စာ ပြောပြပြီးရှာခိုင်းတော့ မင်းက စိုးကိုအောင်ကို သိတယ်





တဲ့ . .၊ မင်းဘော်ဒါတဲ့ . .၊ ငါလည်း အရမ်းဝမ်းသာသွားတာပေါ့"

"မင်းတို့နှစ်ယောက်စလုံး ငါ့သူငယ်ချင်းတွေ ဖြစ်နေတာကတော့ တိုက်ဆိုင်လွန်းတယ်၊ ငါကလည်း စိုးကိုအောင်ကို အကြောင်းစုံ ပြောပြတော့မလို့ပါပဲ၊ ဒါပေမယ့် အဲဒီနေ့က ငါမပြောရသေးခင် သူက ဖုန်းနဲ့ ရိုက်ထားတဲ့ ယဉ်သွယ့်ဓါတ်ပုံလေးလာပြပြီး အပီကြွေကွဲနေတော့ ငါလည်းအကြံရပြီး ဒီကောင့်ကို ဘာမှမပြောပြတော့တာ . .၊ အခုထက်ထိပဲ . . ဟား ဟား . . ."

ဟုန်ဖက တစ်စုံတစ်ရာကို ရုတ်တရက် စဉ်းစားလိုက်မိပုံဖြင့်-

"အင်း . . တစ်ခုတော့ တော်သေးတယ်နော် . . ."

"ဘာကိုတော်သေးတာလဲ"

"ဩော် . . စိုးကိုအောင်ဆီရေးခဲ့တဲ့ စာထဲမှာ ငါ့နာမည်ရင်းအတိုင်း သန့်ဇင်အောင်' လို့ ရေးခဲ့မိလို့လေ . .၊ ဒီတော့ သူ့ခမျာ 'ဟုန်ဖ' နဲ့ 'သန့်ဇင်အောင်' ဆိုတာ တစ်ယောက်ထဲမှန်း မသိရှာတော့ဘူးပေါ့ကွာ"

"ဒါပေါ့၊ အဲဒါကြောင့်လည်း ငါတို့တွေက စိုးကိုအောင်နဲ့ ယဉ်သွယ်တို့ကို ဒီအခြေအနေရောက်အောင် အကွက်ရွှေ့လိုက်နိုင်တာပေါ့၊ ဟဲ ဟဲ . . . ဟဲ . . ."

"ငါတို့နှစ်ယောက်ပေါင်းပြီး သူ့ဘဝကို အကွက်ရွှေ့ခဲ့တာဆိုပေမယ့်၊ ဒါကလည်း သူအရမ်းဖြစ်ချင်နေတဲ့ ဆန္ဒတစ်ခုကို ဝိုင်းဝန်းအကောင်အထည်ဖော်ပေးခဲ့တာပဲလေ . . ."

အောင်နီဦးသည် အရက်တစ်ငုံသောက်လိုက်ပြီး သန့်ဇင်အောင် (သို့) ဟုန်ဖ၏စကားကို ထောက်ခံလိုက်ပါသည်။

"အဲဒါတော့ အမှန်ပဲ၊ ဒီကောင်က မင်းညီမယဉ်သွယ့်ကို အရူးအမူးကြိုက်နေတာကွ၊ စိုးကိုအောင်အကြောင်း ငါသိတာပေါ့ ဒီကောင် ဘယ်ကောင်မလေးကိုမှ အဲဒီလို မဖြစ်ဖူးဘူး၊ နောက်တစ်ခုက ဒီကောင်

www.burmeseclassic.com



က ရှုပ်တယ်ဆိုပေမယ့် စိတ်ထားကောင်းတယ်၊ အရည်အချင်းလည်း ရှိတယ်၊ အဲဒါကြောင့်လည်း ငါက မင်းနဲ့ဒီကောင့်ကို ယောက်ဖတော်စေချင်တာ . . ."

"ငါသဘောပေါက်ပါတယ် အောင်နိုင်ဦးရ . . ဒါကြောင့် ငါကလည်း ညီမလေးနဲ့ သူ့ကိုသဘောတူပေးခဲ့တာပေါ့ . . ၊ ဒီကြားထဲမှာ ညီမလေးကို ကိုအောင်ခိုင့်လက်ထဲကနေ ပြန်ကယ်ထုတ်ခဲ့ရသေးတယ်"

"ယဉ်သွယ်က ကိုအောင်ခိုင်ကို လုံးဝမချစ်ဘူးမှတ်လား"

"အေးလေ . . အဲဒါကြောင့်လည်း ဖေဖေနဲ့ အတိုက်အခံလုပ်ပြီး သူတို့အစီအစဉ်ကို ငါရအောင်ဖျက်ပစ်ခဲ့တာပေါ့ . . ."

"ကိုအောင်ခိုင်ကြီးကိုတော့ တော်တော်အားနာဖို့ကောင်းတယ်နော် . . ."

"ဒါပေမယ့် ဘယ်တတ်နိုင်ပါ့မလဲကွာ၊ ငါ့ညီမလေးကမှ သူ့ကို မကြိုက်တာ . . ၊ ဒီတော့ ညီမလေးရင်ခုန်နိုင်တဲ့လူလည်းဖြစ်၊ ငါ့ကျေးဇူးရှင်လည်းဖြစ်တဲ့ စိုးကိုအောင်နဲ့ အဆင်ပြေအောင် ငါ့မှာအကွက်တွေ ရွှေ့လိုက်ရတာ . . ၊ ဦးနှောက်တွေတောင် တော်တော်ပါးသွားပြီ"

"အောင်မာ . . မင်းတစ်ယောက်ထဲ မဟုတ်ပါဘူး ဟုန်ဖရာ . . ၊ ငါ့ဦးနှောက်လည်း ပါပါသေးတယ်ကွ . . ၊ ဒါပေမယ့် အခုလို သူတို့နှစ်ယောက် လက်ထပ်ဖြစ်သွားတာတွေ့ရတော့ ငါတကယ်ပျော်တယ် ဟုန်ဖ . . ၊ ငါတို့နှစ်ယောက် ပင်ပန်းရကျိုးနပ်ပါတယ်ကွာ . . ."

ထိုအခါ ဟုန်ဖ (ခေါ်) သန့်ဇင်အောင်မှာ တစ်ယောက်ထဲ ပြုံးပြုံး၊ပြုံးပြုံးနှင့် စဉ်းစားနေလေသည်။ အောင်နိုင်ဦးက မေးလိုက်၏။

"ဟေ့ကောင် . . မင်းက ဘာတွေတွေးပြီး ပြုံးနေတာလဲ"

"ဩော် . . သူတို့နှစ်ယောက်လည်း အပြင်မှာ မဖြစ်နိုင်တဲ့ ပုံစံမျိုးတွေနဲ့ သွားဆုံ၊ဆုံနေတာကို အံ့သြကြမှာပဲနော်၊ အဲဒါကို စဉ်းစားမိလိုက်လို့ပါ . . ."





"အင်းနော် . . အဲဒီတုန်းကများ မင်းက ယဉ်သွယ့်ကိုချိန်း၊ ငါက စိုးကိုအောင်ကိုချိန်းနဲ့ သူတို့နှစ်ယောက်ကို မတွေ့တွေ့အောင် အတင်းလိုက်လုပ်ရတာလေ . . ."

"ဟုတ်ပ့ါကွာ၊ နေပြည်တော်ရုံမှာတစ်ခါ၊ အင်းဝစာအုပ်ဆိုင်ထဲမှာတစ်ခါ၊ နောက် . . ဒဂုံစင်တာထဲက My Milk မှာတစ်ခါ . . အားလုံးပေါင်း သုံးခါတောင်မှပဲ . . ၊ အဲဒီနောက်ပိုင်းကျမှ သူတို့ဘာသာသူတို့ အချိတ်အဆက်မိသွားကြတာ . . ."

"My Milk နောက်ပိုင်းမှာကျတော့ အချိတ်အဆက်မိပြီပေါ့ကွ၊ ရည်းစားတွေ ဖြစ်သွားကြပြီကိုး . . ၊ နေစမ်းပါဦး၊ သူတို့ချင်း ရည်းစားတွေဖြစ်ပြီးမှ မင်းအဖေက ကိုအောင်ခိုင်နဲ့ ပြန်စီစဉ်တဲ့ကိစ္စကရော ဘယ်လိုဖြစ်ရတာလဲ"

"မင်းက ဒါတောင် မသိဘူးလား"

"သူတို့နှစ်ယောက် ရည်းစားတွေဖြစ်ပြီးနောက်ပိုင်း ငါမှဝင်မပါတော့တာ . . ၊ မင်းတစ်ယောက်ထဲ ဆက်ရွှေ့နေတဲ့ဥစ္စာ ဟုန်ဖရာ . . ငါက ဘယ်သိတော့မှာလဲ"

"ဟဲဟဲ . . ဟဲ . . အဲဒါက ဇာတ်နာအောင်ပေ့ါ၊ တစ်နည်းအားဖြင့် သူတို့နှစ်ယောက် မြန်မြန်ခိုးပြေးဖြစ်သွားအောင် ငါကိုယ်တိုင် မိုးကုတ်သွားချင်ယောင်ဆောင်ပြီး ဖေဖေ့ဆီ ဖုန်းလှမ်းဆက်လိုက် . . ၊ ကိုအောင်ခိုင့်ဆီ ဖုန်းလှမ်းဆက်လိုက်နဲ့ တစ်ကိုယ်တော်ဒါရိုက်တာ လုပ်ခဲ့တာလေ၊ မပိုင်ဘူးလား"

"ပိုင်ပါ့ကွာ . . ပိုင်ပါ့ . . ၊ ဒါပေမယ့် မင်းကြောင့်ချည်းပဲလို့တော့ ပြောလို့မရပါဘူး၊ ဒီဇာတ်ကားမှာ ငါလည်းပါခဲ့တာပဲ ဟုန်ဖရ . . ၊ ဟုတ်တယ်မှတ်လား"

"အေးပါ . . ဟုတ်ပါတယ်ကွ၊ ဒါ ငါတို့နှစ်ယောက်ဆောင်ရွက်ပြီး ဖန်တီးထားတဲ့ Game ပွဲတစ်ခုလို့ပဲ ထားလိုက်ပါတော့ အောင်နိုင်ဦးရာ"



www.burmeseclassic.com

www.burmeseclassic.com



"Game ဟုတ်လား . . ."

"ဟုတ်တယ်လေ . . Game၊ ဘာဖြစ်လို့လဲ . . ဟား ဟား . . ဟား . . ."

ဟုန်ဖရယ်တော့ အောင်နီဦးကပါ သဘောကျပြီး လိုက်ရယ်နေပြန်သည်။

"ဟား ဟား . . ဟား ဟား . . ဟား . . ."

နှစ်ယောက်သား ရယ်လို့အားရသွားသောအခါ အောင်မြင်မှု အထိမ်းအမှတ်အဖြစ် အရက်ဖန်ခွက်တွေကို ချွင်ခနဲအသံမြည်အောင် တိုက်ထိလိုက်ကြ၏။

လူတို့သည် ဖြိုင်ပွဲဆန်သော အနေအထားများဆီမှ စိတ်ကျေနပ်မှုကို ရှာဖွေယူငင်လေ့ ရှိကြပါသည်။ အခု သူတို့နှစ်ယောက်သည်လည်း ဒီသဘောတရားအတိုင်းပင် ဖြစ်၏။ သူ့ကိုပြုံးလျက် စိုက်ကြည့်နေသည့် အောင်နီဦးအား ဟုန်ဖက မျက်စိတစ်ဖက်မှိတ်ပြလိုက်၏။ လောလောဆယ်မှာ သူတို့ပျော်နေကြ၏။ နောက်ထပ် ဒီလို (Game) ပွဲတွေ ကစားခွင့်ရဖို့ သူတို့က မျှော်လင့်လိုပါသေးသည်။

တကယ်တော့ ဘဝဆိုတာ ပျော်ရွှင်စွာ ရှုံးနိမ့်တတ်ရန်လိုသော (Game) ဂိမ်းတစ်မျိုးသာ ဖြစ်ပါသည်။ ။

လေးစားစွာဖြင့်
ဝေမှုးသွင်
Weihmuthwin @ gmail.com
အမှတ် (၇၇/၈၃)၊ အခန်း (၅၁)
မန္တလေးလမ်း၊ ကန်တော်လေး၊
ရန်ကုန်မြို့။